www.burmeseclassic.com

# ကုန်းဘောင်ခေတ်နှောင်းက မြန်မာပညာတော်သင်တို့အကြောင်း

## တင်နိုင်တိုး



www.burmeseclassic.com

www.burmeseclassic.com

# "ပုံနှိပ်မှတ်တမ်း"


- စာမူခွင့်ပြုချက်အမှတ် - ၄၀၀၁၈၃၀၆၀၂
- မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၃၃၄၀၆၀၄
- ထုတ်ဝေသူ - ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)
  အမှတ် (၁၁၁)(တတိယထပ်)
  ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊
  ရန်ကုန်မြို့။
- မျက်နှာဖုံးဒီဇိုင်း - မြင့်စိုးဦး
- ကွန်ပျူတာစာစီ - [redacted] ကွန်ပျူတာ
- အဖုံးနှင့် အတွင်းဖလင် - စန္ဒာဝင်း အော့(ဖ်)ဆက်အဖွဲ့သားများ
- ပုံနှိပ်သူ - စန္ဒာဝင်း အော့(ဖ်)ဆက်
  အမှတ် (၂၀၉)၊ (၃၆)လမ်း၊
  ကျောက်တံတားမြို့နယ်၊
  ရန်ကုန်မြို့။
- ထုတ်ဝေခြင်း - ၂၀၀၆ ခုနှစ်၊ ဇွန်လ
  (ပထမအကြိမ်)
- အုပ်ရေ - (၅၀၀)
- တန်ဖိုး - ၁၅၀၀/- ကျပ်


www.burmeseclassic.com

www.burmeseclassic.com



အီတလီရောက် ပညာတော်သင်
မောင်အုန်းပွင့်၊ မောင်ကံထူး၊ မောင်ဘအို၊
မောင်ထွန်းဦးနှင့် မောင်လုဘော်

www.burmeseclassic.com

www.burmeseclassic.com



ပညာတော်သင်
မောင်ရွှေပင်

www.burmeseclassic.com

www.burmeseclassic.com



ပညာတော်သင်
မောင်ရွှေအိုး

www.burmeseclassic.com

www.burmeseclassic.com



ပညာတော်သင်
မောင်အောင်သူ

www.burmeseclassic.com

www.burmeseclassic.com



မြင်သစ်နိုင်ငံရောက် ပညာတော်သင်
မောင်မြူ

www.burmeseclassic.com

www.burmeseclassic.com



ခေတ္တပေါ်တူဂီနိုင်ငံရောက် ပညာတော်သင်
မောင်မြ

www.burmeseclassic.com

www.burmeseclassic.com




အီတလီနိုင်ငံရောက် ပညာတော်သင်
မောင်အုန်းပွင့်

www.burmeseclassic.com

www.burmeseclassic.com

# "မာတိကာ"


- စာရေးသူ၏အမှာ ........................ ၁

(၁) ပညာတော်သင်နိဒါန်း
- ပညာတော်သင်များ စေလွှတ်မည့်အကြံအစည် .... ၃
- ရွေးချယ်ခံကြရသူများ ........................ ၄
- အခြေခံသင်တန်း ........................ ၄
- ပညာတော်သင်တို့၏အခက်အခဲ ........................ ၆
- ဝတ်စားဆင်ယင်မှု ........................ ၇
- ပထမဆုံး ပညာတော်သင်အဖွဲ့ ၇

(၂) ကာလကတ္တားသွား ပညာတော်သင်များ
- နေပြည်တော်မှ ထွက်ခွာကြခြင်း ........................ ၁၀
- ကောလိပ်ကျောင်းသားများ ........................ ၁၀
- ဘာသာရပ်ဆိုင်ရာ ........................ ၁၁
- ပြည်တော်ပြန်ချိန် ........................ ၁၂
- ပညာတော်သင်နှစ်ဦး၏ စာတမ်းများ ........................ ၁၃

(၃) ပန်းတဉ်းဝန်ထောက် ဖြစ်လာသော မောင်ရွှေပင်
- မောင်ရွှေပင်၏ဘဝထုပ္ပတ် ........................ ၁၄
- ပညာတော်သင်ကျောင်းသား ........................ ၁၄
- အမြောက်ဗုံးပစ်နည်းစာတမ်း ........................ ၁၅
- ဘွိုင်လာအိုး လုပ်နည်းစာတမ်း ........................ ၁၆
- သံတော်ဆင့်မောင်ရွှေပင် ........................ ၁၆
- ပန်းတဉ်းဝန်မှ ဝန်ထောက်ရာထူးသို့ ........................ ၁၇
- ဒုတိယဇနီး ........................ ၁၈
- ဘဝနိဂုံး ........................ ၁၈


www.burmeseclassic.com

www.burmeseclassic.com



(၄) ဘင်္ဂလားသံရုံးအရာရှိဖြစ်လာသူ မောင်ပေါက်ကျိုင်း
- ပညာတော်သင်ဘဝ ...................................... ၂၀
- သမိုင်းစာတမ်းတစ်စောင် ...................................... ၂၁
- မြန်မာဘာသာရေး အင်္ဂလိပ်ရာဇဝင် ...................... ၂၂
- ဗြိတိုက်သံတော်ဆင့် မောင်ပေါက်ကျိုင်း .............. ၂၃
- ဘင်္ဂလားသံရုံးအရာရှိ ဦးပေါက်ကျိုင်း .............. ၂၄
- အီတလီခရီးစဉ် ...................................... ၂၅
- ဘဝနိဂုံး ...................................... ၂၅

(၅) ပထမဆုံး မြို့ပြအင်ဂျင်နီယာဘွဲ့ရ မောင်ရွှေအိုး
- မောင်ရွှေအိုး၏ ငယ်စဉ်ဘဝ ...................... ၂၇
- ကာလကတ္တားပြန် ပညာတော်သင် ...................... ၂၇
- ပြင်သစ်နိုင်ငံသို့ ...................................... ၂၈
- ပညာတော်သင်ဘဝ ...................................... ၂၉
- ပြင်သစ်သူဇနီး ...................................... ၃၀
- ဖန်ချက်ဝန်ရာထူး ...................................... ၃၀
- တိုင်တားမင်းကြီးသားမက် ...................... ၃၁
- ဘာသာပြန်ဓာတုဗေဒကျမ်း ...................... ၃၂
- ဥရောပသွားသံအဖွဲ့ ...................................... ၃၂
- ကျောက်မြောင်းအတွင်းဝန် ...................... ၃၃
- ဘဝနိဂုံး ...................................... ၃၄

(၆) ပန်းဘဲဝန်ဖြစ်လာသူ ပညာတော်သင် မောင်ထွန်းအောင်
- ဘဝထုပ္ပတ် ...................................... ၃၆
- ပြင်သစ်ပညာတော်သင်ဘဝ ...................... ၃၇
- ပြည်တော်ပြန်ချိန် ...................................... ၃၈
- ပန်းဘဲဝန်ရာထူး ...................................... ၃၉

www.burmeseclassic.com

www.burmeseclassic.com



- မောင်ထွန်းအောင်ကို ဆက်ခံသူ .................... ၃၉
- ဘဝနိဂုံး .................................................... ၄၀

(၇) သံချက်ဝန်ဖြစ်လာသည့် မောင်ညွန့်
- ကာလကတ္တားမှ ပြင်သစ်သို့ .............................. ၄၁
- ပညာတော်သင်ဘဝ .......................................... ၄၁
- သံချက်ဝန်ရာထူး ........................................... ၄၂
- ရွှေတိဂုံစေတီထီးတော်တင်အဖွဲ့ .......................... ၄၃
- သင်္ဘောစမ်းသပ်ခုတ်မောင်းခြင်း .......................... ၄၄
- ဘဝနိဂုံး .................................................... ၄၄

(၈) ပြင်သစ်နိုင်ငံရောက် မောင်အောင်သူ
- ဘဝထုပ္ပတ္တိ .................................................. ၄၅
- ပညာတော်သင်ဘဝ .......................................... ၄၅
- ကသည်းမြင်းဝန် ........................................... ၄၆
- ဘဝနိဂုံး .................................................... ၄၇

(၉) သံချက်ဝန်ထောက်ဖြစ်လာသူ မောင်မြူ
- ငယ်စဉ်ဘဝ ................................................. ၄၈
- ပြင်သစ် ပညာတော်သင် .................................... ၄၈
- သံချက်ဝန်ထောက်ရာထူး .................................. ၄၉
- မိသားစုရေးရာ ............................................. ၅၀
- နိုင်ငံရပ်ခြားခရီး ........................................... ၅၁
- ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ............... ၅၁
- ဘဝနိဂုံး .................................................... ၅၂

(၁၀) စာရေးတော်ကြီး မောင်မြို
- ဘဝထုပ္ပတ္တိ .................................................. ၅၃
- ကာလကတ္တား ပညာတော်သင် ............................. ၅၄

www.burmeseclassic.com

www.burmeseclassic.com




- အင်္ဂလန်နိုင်ငံသို့ ........................ ၅၄
- အိမ်ထောင်သည်ဘဝ ........................ ၅၆
- ဥရောပသို့ ........................ ၅၇
- သီပေါမင်းလက်ထက် ........................ ၅၈
- ဒီပဲယင်းဝန်ထောက် ........................ ၅၈
- နောက်ဆုံးနေ့များ ........................ ၅၉

(၁၁)စကားပြန်နှစ်ဦးနှင့် ဘင်္ဂလားသွားအဖွဲ့

- စကားပြန်နှစ်ဦး ........................ ၆၁
- ပညာတော်သင်များ ........................ ၆၂
- ကြံသီးနှင့်အဖွဲ့ ........................ ၆၂
- မောင်သန်းနှင့်အဖွဲ့ ........................ ၆၄
- ဆက်လက်ပညာသင်ခွင့် ........................ ၆၅
- ပြည်တော်ပြန်ချိန် ........................ ၆၆

(၁၂)ပထမဆုံး အီတလီနိုင်ငံသွား ပညာတော်သင်အဖွဲ့

- ပညာတော်သင် မောင်တရုတ်ဖြူ ........................ ၆၉
- လက်ဖက်ရည်တော် မောင်ဘိုးခြုံနှင့်အဖွဲ့ ........................ ၇၀
- လစာငွေအထောက်အထား ........................ ၇၁
- ပညာတော်သင်ဘဝ ........................ ၇၂
- စာရေးကြီးဖြစ်လာသူ မောင်သာထား ........................ ၇၃

(၁၃)လှုပြန်တော်ဘိုးအစ်နှင့် ဘင်္ဂလားပညာတော်သင်များ

- ပညာတော်သင်အဖွဲ့ ........................ ၇၅
- ဘင်္ဂလားသို့ ရောက်ရှိကြခြင်း ........................ ၇၆
- ပညာတော်သင်ဘဝ ........................ ၇၆
- ပန်းတဉ်းဝန်မင်းတူ မောင်ဖြူ ........................ ၇၇


www.burmeseclassic.com

www.burmeseclassic.com




(၁၄)ဘင်္ဂလားမှ အီတလီသို့

- သံအဖွဲ့နှင့် လိုက်ပါလာကြသူများ .................. ၇၉
- ဗုဒ္ဓဂါယာ ဘုရားဖူး .................. ၈၀
- နေရဉ္ဇရာမြစ်ကမ်းသွား ပညာတော်သင်များ .................. ၈၂
- အီတလီနိုင်ငံသို့ .................. ၈၂
- ဝန်ထောက်ဦးမြိမ့်၏မှတ်တမ်း .................. ၈၃
- ပညာတော်သင်မောင်ဖိုးသာ .................. ၈၅
- အခြားပညာတော်သင်ငါးဦး .................. ၈၅

(၁၅)အီတလီ တပ်မတော်တွင်းမှ ပညာတော်သင် မောင်အုန်းပွင့်

- ဘဝထုပ္ပတ် .................. ၈၇
- ပညာတော်သင်ဘဝ .................. ၈၇
- အီတလီစစ်ဗိုလ် .................. ၈၈
- အိမ်ထောင်ဘက် .................. ၈၉
- မျိုးရိုးဆက်နွယ် .................. ၈၉

(၁၆)ဗြိတိသျှ အကျဉ်းသားဖြစ်သွားသည့် မောင်ဘအို

- မြင်းတပ် ပညာသင်ကျောင်းသား .................. ၉၁
- အပေါင်းအဖော်များ .................. ၉၁
- ပြည်တော်ပြန် .................. ၉၂
- ဗြိတိသျှအကျဉ်းသား .................. ၉၃

(၁၇)ပညာတော်သင် မောင်အင်းနှင့် မောင်ထွန်းလင်း

- ပညာတော်သင်နှစ်ဦး .................. ၉၄
- စစ်ပညာသင်ကျောင်း .................. ၉၅
- ထပ်မံရောက်ရှိလာကြသူများ .................. ၉၆
- ပြင်သစ်နိုင်ငံသို့ ခေါ်ဆောင်လာသူ .................. ၉၆
- သောင်တင်နေကြသူများ .................. ၉၇


www.burmeseclassic.com

www.burmeseclassic.com



(၁၈)ပညာတော်သင် ရွှေပြည်မောင်ကလေး
- မျိုးရိုးစဉ်ဆက် ........................................ ၉၉
- အိန္ဒိယပြန် ........................................ ၁၀၀
- မိသားစုရေးရာ ........................................ ၁၀၁
- နိုင်ငံခြားသတင်းစာ ........................................ ၁၀၂

(၁၉)ကြေးနန်းပညာတော်သင်များ
- ဒဂုံမော် ကြေးနန်းဆရာမောင်ကျီးညို ................ ၁၀၃
- မြင်းခြံ ကြေးနန်းဆရာ မောင်ကွန်း ................ ၁၀၄
- မင်းလှ ကြေးနန်းဆရာ မောင်ဆုန် ................ ၁၀၄
- ဘာသာပြန် ကြေးနန်းဆရာ မောင်ပေါက်ထွန်း ..... ၁၀၅
- မန္တလေး ကြေးနန်းဆရာ မောင်အုန်း ................ ၁၀၅

(၂၀)ပညာတော်သင်စာရင်း ........................................ ၁၀၇
(၂၁)ကျမ်းကိုးစာရင်း ........................................ ၁၂၁

www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ၏ အမှာစာ

တင်နိုင်တိုး က ကုန်းဘောင်ခေတ်နှောင်းက မြန်မာပညာတော်သင်တို့ အကြောင်း - စာအုပ်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီး (၂၀) ဒီဇင်ဘာ၊ ၁၈၅၂ တွင် အင်္ဂလိပ်တို့က ပဲခူးနယ်ကို သိမ်းပိုက်ခဲ့ရာ မင်းတုန်းမင်း (၁၈၅၂-၁၈၇၈)လက်ထက်တွင် အထက် မြန်မာနိုင်ငံသည် ကုန်းတွင်းပိတ်နိုင်ငံတစ်ခုအဖြစ် ကျရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးသည် ဗြိတိသျှပိုင်အောက်မြန်မာနိုင်ငံကို ဖြတ်သန်း သွားမှသာဖြစ်မည်။ ထိုသို့ဖြတ်သန်းသွားလာနိုင်ရန် အင်္ဂလိပ်တို့နှင့် ဆက်ဆံရေးပြေပြစ်ရန်လိုသည်။ မင်းတုန်းမင်းနှင့် ညီတော်အိမ်ရှေ့စံ ကနောင်မင်းတို့သည် ဗြိတိသျှတို့၏အန္တရာယ်ကို စိုးရွံ့တော်မူသည်။ နိုင်ငံကို တိုးတက်အောင်မဆောင်ရွက်နိုင်လျှင်၊ မဟာမိတ်ရှာဖွေခြင်းမပြုနိုင်လျှင် ဗြိတိသျှလက်အောက်ခံဘ၀ ကျရောက်နိုင်သည်ကို တွက်ဆမိသည်။ ထို့ကြောင့် မင်းတုန်းမင်းလက်ထက်တွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာထိန်းသိမ်းကာကွယ်ရန် ဥရောပ အင်အားကြီးနိုင်ငံများနှင့် ရင်းနှီးစွာ ဆက်ဆံရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့သကဲ့သို့ နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် မြန်မာလူငယ်များကို နိုင်ငံခြားသို့ ပညာတော်သင် စေလွှတ်ရန် စီစဉ်ခဲ့သည်။

မင်းတုန်းမင်းနှင့် ညီတော်အိမ်ရှေ့စံ ကနောင်မင်းသားကြီးတို့က ပြည်ပနိုင်ငံများကို စေလွှတ်ခဲ့သည့်မြန်မာလူငယ်ပညာတော်သင်များအကြောင်း ရှာဖွေစုဆောင်းရေးသားထားသည်။

မြန်မာနိုင်ငံကို ခေတ်မီစက်မှုလက်မှုနိုင်ငံ တစ်နိုင်ငံဖြစ်လာစေရေးအတွက် မင်းတုန်းမင်းနှင့် ညီတော် အိမ်ရှေ့မင်းသားတို့က လူငယ်အများအပြားကို နိုင်ငံရပ်ခြားသို့ စေလွှတ်ကာ ခေတ်မီနည်းပညာရပ်များကို သင်ယူစေခဲ့၏။ ပညာတော်သင်များထဲတွင် မြို့ပြအင်ဂျင်နီယာဘွဲ့ရများ၊ စစ်ပညာသင်ကျောင်းသားများစသဖြင့် အောင်မြင်ထွန်းကား



www.burmeseclassic.com

www.burmeseclassic.com



လာကြသူများရှိသကဲ့သို့ နိုင်ငံရပ်ခြားတွင် အိမ်ထောင်ရက်သားကျကာ မြန်မာနိုင်ငံသို့ ပြန်ရောက်မလာကြသူများလည်းရှိ၏။ မည်သို့ဆိုစေကာမူ မင်းတုန်းမင်းလက်ထက်တွင် စက်ရုံ၊ အလုပ်ရုံ (၅၀)ကျော် တည်ဆောက်နိုင်ခဲ့သည့်အလျောက် ပညာတော်သင်စေလွှတ်သည့်ကိစ္စ အောင်မြင်သည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်ပါသည်။

တင်နိုင်တိုးက သူ၏စာအုပ်တွင် နိုင်ငံအလိုက်စေလွှတ်ခံရသည့် ပညာတော်သင်များထဲမှ အမည်ထင်ရှားသူ အချို့အကြောင်းကို တတ်နိုင်သမျှ ရှာဖွေ တင်ပြထားသည်။ ထို့ပြင် နိုင်ငံရပ်ခြားသို့ မဟုတ်သည့်တိုင် ထိုစဉ်က ဗြိတိသျှအစိုးရအုပ်ချုပ်ရာ အောက်မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့ ကြေးနန်းပညာသင်ယူရန် စေလွှတ်ခဲ့ကြသူများအကြောင်းကိုလည်း ဖြည့်စွက်တင်ပြထား၏။ ၎င်းပြင် ပညာတော်သင် (၁၀၃)ဦး၏ အမည်စာရင်းကိုလည်း စုစည်းရှာဖွေပြုစုထားသေး၏။ ကုန်းဘောင်ခေတ်နှောင်း မြန်မာပညာတော်သင်များအကြောင်းနှင့် ပတ်သက်၍ သမိုင်းပညာရှင် အချို့က စာတမ်းများ၊ ဆောင်းပါးများဖြင့် တင်ပြခဲ့ကြဖူးပါသည်။

လူငယ်သမိုင်းသုတေသီ တစ်ဦးဖြစ်သူ တင်နိုင်တိုးသည် စာအုပ်စာတမ်းအမြောက်အမြားမှ မြန်မာပညာတော်သင်များအကြောင်း ရှာဖွေသုတေသနပြုကာ စာအုပ်တစ်အုပ်အဖြစ် သီးခြားပြုစုထားပေရာ သမိုင်းဘာသာကို စိတ်ပါဝင်စားသူများအတွက် ဖတ်ရှုသင့်သော စာအုပ်တစ်အုပ် ဟုဆိုနိုင်ပါသည်။

( ကျော်ငြိမ်း )
ညွှန်ကြားရေးမှူး
တက္ကသိုလ်များသမိုင်းသုတေသန
ဦးစီးဌာန

ဖူးပွင့်မဂ္ဂဇိုင်

www.burmeseclassic.com

www.burmeseclassic.com



# စာရေးသူ၏အမှာစာ

ကုန်းဘောင်ခေတ်နှောင်းကာလ မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက်က ပြည်ပနိုင်ငံများသို့ ပညာတော်သင်အများအပြား စေလွှတ်ခဲ့ဖူးပါသည်။ အများအားဖြင့် စေလွှတ်သော နိုင်ငံများမှာ ပြင်သစ်၊ အီတလီ၊ အင်္ဂလန်စသည့် ဥရောပနိုင်ငံများနှင့် အိန္ဒိယနိုင်ငံ ဘင်္ဂလားပြည်နယ်တို့ဖြစ်ကြ၏။ မြန်မာမှတ်တမ်းများတွင် ပညာသင်အရေအတွက်ကို (၉၀)ကျော်ဟူ၍သာ ယေဘုယျအားဖြင့် ဖော်ပြကြသည်။ အစုစုရေတွက်ကြည့်တော့ ထိုစဉ်က ဗြိတိသျှအစိုးရပိုင် အောက်မြန်မာနိုင်ငံ ရန်ကုန်မြို့ကို စေလွှတ်ခဲ့သူများအပါအဝင် ပညာတော်သင် (၁၀၃)ဦး၏ အမည်စာရင်းကို ရှာဖွေတွေ့ရှိရ၏။

နိုင်ငံ ရပ်ခြားသို့ သွားရောက် ပညာ သင်ကြားခဲ့ကြသည့် မြန်မာပညာတော်သင်တို့၏ ဘဝက စိတ်ဝင်စားစရာကောင်းလှသည်။ ပညာတော်သင်များထဲတွင် လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့ကြသူတွေ ရှိသကဲ့သို့ အပြန်စရိတ်မလုံလောက်၍ ခက်ခက်ခဲခဲ ပြန်လာကြရသူတွေ၊ နိုင်ငံရပ်ခြားတွင် အိမ်ထောင်ရက်သားကျကာ မြန်မာနိုင်ငံသို့ ပြန်ရောက်မလာခဲ့ကြသူတွေလည်း ရှိသည်။ ထိုသို့သော ပညာတော်သင်တို့၏ ဘဝ

www.burmeseclassic.com

www.burmeseclassic.com



တစ်စိတ်တစ်ပိုင်းကို လေ့လာကြည့်လျှင်ပင် ကုန်းဘောင်ခေတ်နှောင်းကာလ ခေတ်မီ စက်မှုနိုင်ငံတော်ကြီး ထူထောင်နိုင်ရေးအတွက် မြန်မာလူငယ်တို့၏ ကြိုးပမ်းဆောင်ရွက်ချက်များကို မျက်ဝါးထင်ထင် ရှုမြင်ကြရပေလိမ့်မည်။

ဤစာအုပ်သည် ကုန်းဘောင်ခေတ်နှောင်းကာလ မြန်မာပညာတော်သင်များနှင့် ပတ်သက်၍ ပြီးပြည့်စုံသောစာအုပ် မဟုတ်ပါ။ ဆက်လက်ရှာဖွေ သုတေသနပြုရမည့် အကြောင်းအရာ များစွာ ကျန်ရှိနေပါသေးသည်။ ပညာတော်သင်တို့၏ အဆက်အနွယ်များအနေဖြင့် မိမိတို့၏ ဘိုးဘေးများအကြောင်း သိရှိထားသည်များကို ဖော်ထုတ်ပေးကြပါရန်ကိုလည်း မေတ္တာရပ်ခံလိုပါသည်။

တင်နိုင်တိုး



www.burmeseclassic.com

www.burmeseclassic.com



# (၁) ပညာတော်သင်နိဒါန်း

## ပညာတော်သင်များစေလွှတ်မည့် အကြံအစည်

ပညာတော်သင်များ စေလွှတ်ရန် အကြံအစည်ကိုစတင်ခဲ့သူကား မင်းတုန်းမင်းတရားကြီး၏ညီတော်၊ အိမ်ရှေ့စံ ကနောင်မင်းသားကြီးပင် ဖြစ်သည်။ ကနောင်မင်းသားကြီးက တိုးတက်သော အမြင်ရှိသူဖြစ်၏။ ကနောင်မင်းသားကြီးသည် ၁၈၅၇ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ကျင်းပ မှုလုပ်သည့် မင်းတုန်းမင်းနှင့် မိဖုရားခေါင် စကြာဒေဝီတို့၏ မုဒ္ဒါဘိသိက် အခမ်းအနား၌ပင် ဤအကြံအစည်ကို တင်ပြလျှောက်ထားခဲ့ခြင်း ဖြစ်ပါသည်။

### သက်ရေးမှတ်တမ်းတစ်စောင်တွင်

'၁၂၁၈ ခုနှစ် ရောက်လတ်သောအခါ အမရပူရမြို့က ရတနာပုံ ရွှေမြို့တော်ကြီးသို့ ပြောင်းစံတော်မူပြီးလျှင် မုဒ္ဒါဘိသေက ဘိသိက်ကို မိဖုရားခေါင်ကြီးနှင့်အတူ ခံယူ စိုးစံတော်မူသည့်အခါ ညီတော်ရင်း အိမ်ရှေ့မင်းက တိုင်းကြီးပြည်ကြီးဆိုသည့်အရာသည်၊ အလုပ်သည်၊ ပညာသည်တို့ တတ်မြောက် လုပ်ဆောင်နိုင်သော်လည်း ပင်လယ်ခြားရာ မြို့ပြပြည်ရွာတို့၌ အတတ်ပညာအစွမ်းအရည်ရှိသောသူတို့ကို ရွေးချယ် စေခိုင်းတော်မူ၍ နည်းနာနိဿ ကွဲလွဲထူးခြားရှိသည်များကို သင်ကြား စေလိုကြောင်းနှင့် ရှိခိုး သံတော်ဦးတင်သည်တွင် . . . ' ဟူ၍ တွေ့ရှိရ၏။

အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ တင်ပြလျှောက်ထားချက် များကို ရတနာပုံမြို့တော်သစ်သို့ ပြောင်းရွှေ့နန်းစံခဲ့သည့် နောင်တော် မင်းတုန်းမင်းတရားကြီးကလည်း သဘောတူညီသည်။ ဤသို့ဖြင့် နိုင်ငံပ နိုင်ငံများသို့ ခေတ်မီပညာရပ်များ သွားရောက်သင်ကြားရန် မြန်မာလူငယ် အများအပြားကို စေလွှတ်ဖို့ ပြင်ဆင်ကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## ရွေးချယ်ခံကြရသူများ

ပညာတော်သင်တွေ စေလွှတ်တော့မည်ဆိုတော့ လူရွေးကြရသည်။ တကယ်တမ်း ရွေးချယ်သောအခါ အခက်အခဲ တွေ့ကြရ၏။ လူငယ်အချို့က စိတ်ပါလက်ပါ ရှိကြသော်လည်း နိုင်ငံရပ်ခြားတွင် နှစ်ရှည်လများ သွားရောက်နေထိုင်ကြရမည်ကို မလိုလား။ နောက်ဆုံး ဝန်ကြီး၊ မှူးကြီးတို့၏ သားမြေးများ၊ နန်းတွင်းအမှုထမ်းငယ်များကိုသာ ပဏာမ ရွေးချယ်ကြရ၏။ နီးစပ်ရာ လူငယ်များကို လက်သင့်သလို ခေါ်ယူကြရသဖြင့် ပညာအရည်အချင်း မပြည့်မီသူတွေကများသည်။ အချို့လည်း မင်းတရားကြီးနှင့် အိမ်ရှေ့စံ ကနောင်ကိုယ်တော်ကြီးတို့ကို ကြောက်ရွံ့၍သာ ပညာတော်သင်တွေထဲ ပါလာသည်၊ သူတို့ကိုယ်တိုင်က လေးလေးနက်နက်မရှိလှ။

## အခြေခံသင်တန်း

မြန်မာလူငယ်အတော်များများကို နိုင်ငံရပ်ခြားသို့ ပညာတော်သင် စေလွှတ်ရန် ရွေးချယ်ပြီးစီးသောအခါ သူတို့အတွက် အခြေခံသင်တန်းတစ်ခု ဖွင့်လှစ်ပေးရန် သက်ဆိုင်ရာ ဝန်ကြီး၊ မှူးကြီးများက စီမံ ဆောင်ရွက်ကြရ၏။ လူငယ်တွေကို သည်အတိုင်း လွှတ်၍တော့ မဖြစ်၊ အနည်းဆုံး အခြေခံ ပညာကိုယ်စီတတ်မြောက်ပါမှသာ အဆင်ပြေပြေ ပညာသင်ကြားနိုင်မည်ဖြစ်သည်။ မင်းတုန်းမင်းတရားက ပညာတော်သင်များကို အတုမရှိကျောင်း စံကျောင်းဆရာတော်ထံ အပ်နှံသည်။ နိုင်ငံရပ်ခြားတွင် နေထိုင်သည့်အခါ ယဉ်ကျေးဖွယ်ရာ နေထိုင်တတ်ဖို့ လိုသည်။ ယဉ်ကျေးမှု အခြေခံစာပေနှင့် ယဉ်ကျေးမှုရေးရာများကို ကြိုတင် လေ့လာထားဖို့ လိုပေသည်။

ပညာတော်သင်တွေ လေ့လာသင်ကြားဖို့ ယောအတွင်းဝန် ဦးဖိုးလှိုင်ကလည်း အလင်္ကာနိဿယကျမ်းကို ခြောက်လအတွင်း အပြီး ရေးပေးရသည် ဆိုပါသည်။ အခြေခံသင်တန်းတက်ပြီးသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားသားတို့နှင့် ဆက်ဆံရေးပညာရပ်ကိုပါ လေ့လာဆည်းပူး ရတော့သည်။ ထို့ပြင် အခြေခံဘာသာစကား လေ့လာမှုများကိုလည်း သင်ယူကြရ၏။ ရှေးလူကြီးသူမတို့၏ ဆုံးမဩဝါဒများတွင် 'ဘာသာ မျိုးခြား၊ စာစကား၊ သင်ကြားအပ်သည်မှတ်' ဟူ၍ ပါရှိရာ နိုင်ငံရပ်ခြား ဘာသာစကားများမှာ လေ့လာဆည်းပူးသင့်ကြောင်း ရှေးအခါကပင် ကောင်းစွာ သဘောပေါက်ကြပြီးဖြစ်သည်။

'အရပ်ရပ် အမျိုးသားတို့၏ မူလဘာသာစကား အခေါ်အဝေါ် မြန်မာစကားနှင့် သိသာ မှတ်သားရအောင် ပြန်ဆိုချက်စကားစုဘုရား' ဟု ခေါင်းစဉ်တပ်ထားသည့် ပုရပိုက်တစ်ဆူတွင် မြန်မာဘာသာ စကားအပြင် အင်္ဂလိပ်၊ ပြင်သစ်၊ တရုတ်၊ ဟိန္ဒီ၊ သက္ကတ ဘာသာစကား များနှင့် ဝေါဟာရ အခေါ်အဝေါ်များ ပူးတွဲ ဖော်ပြထားသည်ကို တွေ့ရှိ ရ၏။ မြန်မာစကားနှင့် အင်္ဂလိပ်စကားဟူသော ဇယားကွက်တွင် တွေ့ရှိ ရသော ဝေါဟာရနှင့် စကားစုအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

| မြန်မာစကား | အင်္ဂလိပ်စကား |
|---|---|
| ကုန်သည် | မာရချန်း (Merchant) |
| ဆင်၊ မြင်း | အဲလေသွန်း၊ ဟောရဆ် (Elephant, Horse) |
| ရထား | ကာရိတ်ဂျည်း (Carriage) |
| မြည်း၊ လား | အာဇ်၊ မြူးလ် (Ass, Mule) |
| ကျွဲ၊ နွား | ဗော်သဘလိုး၊ ကော်ဝူး (Buffalo, Cow) |
| ချစ်ပါတယ် | အာယဒူလာဗ (I do love) |
| မာပါလား | အာရယူဝယ်လ် (Are you well) |
| သည်ကိုလာခဲ့ | ကံမှီဟ်ရ် (Come here) |
| ဘာပြုတုန်း | ဝှိုက် (What) |
| လင် (ယောကျ်ား) | ဟာဇဗန်း (Husband) |
| သင့်မှာရှိသလား | ဟာဖြူ (Have you?) |



www.burmeseclassic.com

www.burmeseclassic.com



ဤပုရပိုက်တို့ကား နိုင်ငံခြား ပညာတော်သင်တို့ လေ့လာဆည်းပူးရသည့် ပုရပိုက်များ ဖြစ်ကြသည်။

ထိုစဉ်က ရတနာပုံနန်းတွင်းသို့ နိုင်ငံခြားသား' သံတမန်များ အဆက်မပြတ် အဝင်အထွက် ရှိကြပေရာ အင်္ဂလိပ်ဘာသာစကား လေ့လာမှုလည်း အထိုက်အလျောက်ရှိခဲ့လေသည်။ ကင်းဝန်မင်းကြီး ဦးကောင်းကိုယ်တိုင် 'ကျေးဇူးတင်ပါတယ်' ဟူသောစကားကို သူ၏ မှတ်တမ်း ကဗျာတစ်ပုဒ်တွင် 'သိုင်းခရူ' ဟု ထည့်သွင်း စပ်ဆိုခဲ့ဖူး၏။ 'ရှင်လန်းသမှူ၊ နှလုံးပြုပြီးလျှက်၊ နိုင်းမတု လောက်အောင်၊ သိုင်းခရူ လိုက်ပါသည်' ဟူ၍ ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။

## ပညာတော်သင်တို့၏အခက်အခဲ

နိုင်ငံရပ်ခြားသို့ သွားရောက် ပညာသင်ကြားရသည်က အခက်အခဲ အမြောက်အမြားရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ယခုခေတ်အခါကဲ့သို့ ယာဉ်ရထားများဖြင့် သွားလာနိုင်သော အခြေအနေမျိုး မဟုတ်သဖြင့် မီးသင်္ဘောကိုသာ အားကိုးအားထားပြုရ၏။ ပြည်ပနိုင်ငံများသို့ သွားရောက်ရသည့် ခရီးတို့ကပင်လျှင် လေးငါးခြောက်လ ကြာမြင့်တတ်သည်။ ပိုမိုဆိုးဝါးသည်ကား ပညာတော်သင်တို့၏ စားဝတ်နေရေး အခက်အခဲပင်ဖြစ်သည်။ ထိုခေတ်က ဘဏ်ငွေလွှဲစနစ် မပေါ်ပေါက်သေးသဖြင့် ပညာတော်သင်တို့က မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာများကို ယူဆောင်သွားရ၏။ သက်ဆိုင်ရာတိုင်းပြည်သို့ ရောက်ရှိသောအခါ ယင်းကျောက်မျက်ရတနာများကို ထုခွဲရောင်းချကာ ပညာသင်စရိတ် အဖြစ် အသုံးပြုကြရသည်။

တစ်ခါတစ်ရံ မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ တင်ပို့ရောင်းချသော ကျွန်းသစ်ရောင်းရငွေထဲမှ ပညာသင်စရိတ် ထုတ်နုတ်ယူရသည်လည်း ရှိ၏။ ပစ္စည်းရောင်းချပြီးမှသာ ငွေကြေးရရှိသဖြင့် ငွေကြေး မလုံလောက်မှု ပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့ကြရသည်။ ထို့ကြောင့် ပညာတော်သင်တို့၏



www.burmeseclassic.com

www.burmeseclassic.com



တာဝန်က စာသင်ကြား လေ့လာရေးအပြင် တင်ပို့လိုက်သည့် ကျောက်နှင့် သစ်များ ရောင်းချရေးတာဝန်ပါ ရှိနေပေသည်။ တစ်ကြိမ်တွင် ပုခန်းမင်းကြီး ဦးရန်ဝေးက ငွေတစ်သိန်း လူကြုံနှင့် လန်ဒန်ဘဏ်တွင် အပ်နှံပေး၍ ပညာတော်သင်များ အဆင်ပြေပြေ နေကြရသည်။ အချို့လည်း ပညာသင်စရိတ် မလုံလောက်၍ အပြင်တွင် အလုပ်ထွက်လုပ်ကြရဖြင့် ကျောင်းပျက်ရက်များကြသည်။

## ဝတ်စားဆင်ယင်မှု

ပညာသင်တို့က နိုင်ငံခြားတိုင်းပြည်များ၌ ပညာသင်ကြားရသူများဖြစ်သဖြင့် အဝတ်အစားမှအစ နိုင်ငံခြားသားများကဲ့သို့ ဝတ်စားဆင်ယင်ကြရသည်။ ပညာတော်သင်တို့၏ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများက . .

'ဦးထုပ်၊ သက္ကလပ်ဘောင်းဘီနှင့် အင်္ကျီ၊ ဘောင်းဘီအဖြူ၊ အင်္ကျီအဖြူ၊ ဇာမ်ဗျစ်အင်္ကျီ (ရှပ်အင်္ကျီ)၊ မျက်နှာသုတ်ပုဝါ၊ လက်ကိုင်ပုဝါ၊ ခြေစွပ်၊ ဘောင်းဘီသိုင်းကြိုး၊ လည်စည်း အကြီးအငယ်၊ သေတ္တာ၊ ဒေါက်မှန်၊ ကွဲချိုဘီး၊ ခြေနင်း၊ ဆပ်ပြာခဲ၊ ကျောက်သင်ပုန်း၊ ကျောက်တံ' စသည်တို့ ဖြစ်ကြ၏။ ပညာတော်သင်တစ်ဦးအတွက် ကုန်ကျစရိတ်မှာ ၅၄၇ ကျပ် ၁၂ ပဲဖြစ်ပြီး မြန်မာအစိုးရက ကုန်ကျခံကြရလေသည်။

## ပထမဆုံးပညာတော်သင်အဖွဲ့

ပထမဆုံးပညာတော်သင်အဖြစ် စေလွှတ်ခံရသူတွေက မောင်ရွှေအိုး၊ မောင်ရွှေပင်၊ မောင်ပေါက်ကျိုင်း၊ မောင်ထွန်းအောင်နှင့် မောင်ညွန့်တို့ဖြစ်ကြ၏။ ပညာတော်သင် (၅)ဦးသည် ၁၈၅၇ ခုနှစ်အတွင်း ကာလကတ္တားသို့ ပညာတော်သင်ခရီး သွားရောက်ခဲ့ကြခြင်းဖြစ်ပါသည်။ ပညာတော်သင်များကို ၁၈၅၆ ခုနှစ်တွင် စတင်စေလွှတ်ကြောင်း သမိုင်းပညာရှင်အချို့က ရေးသားဖော်ပြခဲ့ကြသော်လည်း မင်းတုန်းမင်းတရား၏



www.burmeseclassic.com

www.burmeseclassic.com



မုဒ္ဒါဘိသိက်ပွဲအပြီး နောက်ပိုင်းတွင်မှ စေလွှတ်ခဲ့ခြင်းဖြစ်ပေရာ ၁၈၅၇ ခုနှစ်အတွင်းသာ ဖြစ်သည်ဟု မှတ်ယူမိပါသည်။ ထိုနှစ်တွင် မြန်မာ လူငယ်ပညာတော်သင်ငါးဦး ကာလကတ္တားသို့ သွားရောက်ပညာ သင်ကြားခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



# (၂) ကာလကတ္တားသွားပညာတော်သင်များ

ပထမဆုံး ပညာတော်သင်အဖွဲ့တွင် ပညာတော်သင် ၅ ဦး ပါဝင်ရာ မောင်ထွန်းအောင်၊ မောင်ညွှန့်၊ မောင်ရွှေအိုး၊ မောင်ပေါက်ကျိုင်းနှင့် မောင်ရွှေပင်တို့ဖြစ်ကြသည်။ မောင်ထွန်းအောင်နှင့် မောင်ညွှန့်တို့မှာ အတွင်းတော်မြဲရာထူးဖြင့် အမှုထမ်းရွက်ကြသူများဖြစ်၏။ အတွင်းတော်မြဲဟူသည် အတွင်းတော်၌မြဲစွဲစွာ ဆောင်ရွက်ရသော အမှုထမ်းများဖြစ်ကြ၏။ မောင်ရွှေအိုးကတော့ လက်ဖက်ရည်တော် ရာထူးဖြင့် အမှုထမ်းနေသူဖြစ်ပါသည်။

လက်ဖက်ရည်တော်ရာထူးသည် ကုန်းဘောင်ခေတ်ဦးကာလက မရှိခဲ့ဖူးပေ။ ရှေးယခင်အခါက ကွမ်းရေတော်ဟူသော ရာထူးမျိုးသာရှိ၏။ သို့သော် စစ်ကိုင်းမင်း (ဘကြီးတော်) လက်ထက်သို့ရောက်ရှိလာသောအခါ လက်ဖက်ရည်တော်ဆက်သရန်အတွက် ယင်းရာထူးကို စတင်ခန့်အပ်ခဲ့လေသည်။ မင်းတုန်းမင်းလက်ထက်တွင် လက်ဖက်ရည်တော် ၄၄ ယောက်အထိ ရှိခဲ့ဖူးပါသည်။ မောင်ရွှေအိုးကား ယင်းလက်ဖက်ရည်တော်များထဲမှ တစ်ဦးအပါအဝင်ဖြစ်သည်။ မောင်ပေါက်ကျိုင်း၏ ရာထူးကိုမူ ငြတိုက်သံတော်ဆင့်ဟု တွေ့ရှိရသည်။ မောင်ရွှေပင်ကတော့ သံတော်ဆင့်တစ်ဦးဖြစ်ပါသည်။

ကာလကတ္တားသွား ပညာတော်သင် ၅ ဦးထဲတွင် မောင်ထွန်းအောင်ကို အသက်အကြီးဆုံးဟု မှန်းဆရပြီး ထိုစဉ်က အသက် ၂၈ နှစ်ရှိပြီဖြစ်ပါသည်။ အသက်အငယ်ဆုံးဟု မှတ်ယူရသည့် မောင်ရွှေအိုးမှာမူ ၂၀ နှစ် အရွယ်မျှသာ ရှိပါသေးသည်။ ၎င်း ပညာတော်သင်တို့သည်ကား အိမ်ရှေ့စံ ကနောင်မင်းသားကြီးကိုယ်တိုင် သူ၏နန်းတွင်းဆောင်၌ ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## နေပြည်တော်မှ ထွက်ခွာကြခြင်း

၁၄ မေ၊ ၁၈၅၇ ခုနှစ်၊ မင်းတုန်းမင်းနှင့် မိဖုရားခေါင်တို့၏ မုဒ္ဒါဘိသိက်အခမ်းအနားတွင် အိမ်ရှေ့စံ ကနောင်မင်းသား၏ တင်လျှောက်ချက်အရ ပထမအသုတ်အဖြစ် ပညာတော်သင် ၅ ဦးတို့ ၁၈၅၇ ခုနှစ်၊ နှစ်လယ်ပိုင်းတွင်ပင် နေပြည်တော်မှ ထွက်ခွာသွားကြသည်။ ထိုစဉ်က မီးသင်္ဘောဖြင့်သာ သွားရောက်ကြရခြင်းဖြစ်ပေရာ ခရီးစဉ်မှာ ယခုခေတ်ကဲ့သို့ အဆင်ပြေလှသည်မဟုတ်ပါ။ ထို့ပြင် ပညာတော်သင်များမှာလည်း ငယ်ရွယ်သူများဖြစ်ကြသည့်အပြင် နိုင်ငံရပ်ခြား ခရီးသွားအတွေ့အကြုံရှိကြသူများလည်း မဟုတ်ကြပေ။

## ကောလိပ်ကျောင်းသားများ

အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့သို့ရောက်သောအခါ ပညာတော်သင် ၅ ဦး ဒိုရေတန်ကောလိပ် (Doreton College)၌ ပညာသင်ကြားကြရသည်။ ယင်းကောလိပ်၏ ကျောင်းအုပ်ဆရာကြီးမှာ ဒေါက်တာဂျော့စမစ် (Dr. George Smith)ဖြစ်ပါသည်။ ဒေါက်တာဂျော့စမစ် နောင်အခါ Friends Of India ခေါ် ကာလကတ္တား မြို့ထုတ် အင်္ဂလိပ် သတင်းစာအယ်ဒီတာအဖြစ် ထင်ရှားခဲ့သူဖြစ်သည်။

မြန်မာပညာတော်သင် ကျောင်းသားကလေးများအား ကောလိပ်ကျောင်းအုပ်ကြီး ဂျော့စမစ်က များစွာကူညီရှာပါသည်။ ဦးစွာ ပညာတော်သင်တို့ အင်္ဂလိပ်ဘာသာကို သင်ယူကြရ၏။ အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ကြားနိုင်ဖို့က အင်္ဂလိပ်စာမတတ်၍မဖြစ်၊ ပညာတော်သင် ၅ ဦးတွင် မောင်ရွှေပင်က အားလုံးကို ဦးစီးဦးဆောင်ပြုရဟန်တူပါသည်။ မောင်ရွှေပင်သည် အင်္ဂလိပ်ဘာသာစကား အတော်အတန် ကျွမ်းကျင်သူဖြစ်၏။

ကောလိပ်ကျောင်းအုပ်ကြီး ဂျော့စမစ်ကပင် မောင်ရွှေပင်၏ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်နေမှုကို အံ့ဩသွားမိသည်၊



www.burmeseclassic.com

www.burmeseclassic.com



မောင်ရွှေပင်သည် ငယ်စဉ်ကပင် အမေရိကန်သာသနာပြုများနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သူဖြစ်သည်။ သူက သာသနာပြု ဆရာယုဒသန်တို့ ဇနီးမောင်နှံမှအစ ဆရာကင်းကိတ်အဆုံး မြန်မာနိုင်ငံရောက် ခရစ်ယာန် သာသနာပြုများအကြောင်းကို ကောင်းစွာပြောပြနိုင်သည်။ အင်္ဂလိပ်စာကိုလည်း ယင်းအမေရိကန်သာသနာပြုများထံမှ လေ့လာဆည်းပူးခဲ့သည်။

## ဘာသာရပ်ဆိုင်ရာ

အခြေခံ အင်္ဂလိပ်ဘာသာစကား သင်ယူတတ်မြောက်ကြတော့အခြားသိပ္ပံ၊ ဝိဇ္ဇာဘာသာရပ်တို့ကို စတင်ဆည်းပူးလေ့လာကြရသည်။ ယင်း ဘာသာရပ်များက ယေဘုယျအားဖြင့် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ ပထဝီဝင်၊ သမိုင်း ဘာသာရပ်တို့ ဖြစ်ကြ၏။ ဤတွင်ပညာတော်သင် ၅ ဦးအနေဖြင့် အဓိက ဘာသာရပ် (Major) တစ်ခုစီကိုလည်း အထူးပြုသင်ကြားကြရပါသည်။

ပညာတော်သင် မောင်ရွှေပင်အနေဖြင့် သင်္ချာဘာသာရပ်ကိုအထူးပြုသင်ယူခဲ့ရဟန်ရှိ၏။ ပုရပိုက်မှတ်တမ်းအရ သူသည် မတ်သင်မက်တိတ် (Mathematics)ကျမ်းခေါ် သင်္ချာဘာသာရပ်အဝင်ဖြစ်သည့်အရိသမတိတ် (Arithematic)၊ အာဂျီဘရ(Algebra)၊ ဂျော်မက်ထရီ(Geometry) စသည့် ဘာသာခွဲများကို သင်ကြားလေ့လာခဲ့ရသည်။မောင်ရွှေအိုးမှာမူ အာရကတ်စ်တက္ကချာ(Architecture)ခေါ် ဗိသုကာဘာသာရပ်ကို အထူးပြုလေ့လာခဲ့ဟန်ရှိ၏။

ပညာတော်သင် ၅ ဦးထဲတွင် မောင်ပေါက်ကျိုင်းကတော့ တစ်မူထူးခြားသူဟု ဆိုနိုင်၏။ သူက သမိုင်းဘာသာရပ်ကို အထူးပြုလေ့လာခဲ့သူဖြစ်သည်။ ပုရပိုက်မှတ်တမ်းအရ ဟစ္စထရီ (History)ခေါ် သမိုင်းဘာသာရပ်တွင် မော်ရယ် ဟစ္စရီ(Moral History)၊ နာချုရယ် ဟစ္စရီ(Natural History) စသည့် ဘာသာခွဲများ ပါဝင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ပြည်တော်ပြန်ချိန်

ပညာတော်သင် ၅ ဦးတို့သည် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ ဒိုရေတန်ကောလိပ်၌ ၁၈၅၇ ခုနှစ် နှစ်လယ်ပိုင်းမှ ၁၈၅၈ ခုနှစ် နှစ်ကုန်ခန့်အထိ တစ်နှစ်ခွဲကြာမျှ ပညာဆည်းပူးလေ့လာခဲ့ကြ၏။ ထို့နောက် ၁၈၅၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဘုန်းတော်ကြီး လေကွမ်တီ (Lecompte) နှင့် အတူ မြန်မာနိုင်ငံသို့ ပင်လယ်ကူးသင်္ဘောဖြင့် ပြန်လာခဲ့ကြလေသည်။ ဘုန်းတော်ကြီးလေကွမ်တီမှာ မြန်မာဘာသာစကား ကျွမ်းကျင်စွာ တတ်မြောက်သူဖြစ်ပါသည်။

ရန်ကုန် ရောက်သောအခါ မြန်မာ ပညာတော်သင်အုပ်စုခလေကွမ်တီနှင့်အတူ ဘုန်းတော်ကြီး ဘီဂန်ဒေ(Ambrose Bigandet)ထံ ဝင်ရောက်တွေ့ဆုံကာ ခရီးတစ်ထောက် ရပ်နားခဲ့ကြ၏။ ထို့နောက် ၁ ဖေဖော်ဝါရီ၊ ၁၈၅၉ ခုနှစ်တွင် ပညာတော်သင်များ မြန်မာဘုရင်ပိုင် ရေနန်းယာဉ်သာ သင်္ဘောဖြင့် ရန်ကုန်မြို့မှ ရတနာပုံ နေပြည်တော်သို့ ဆန်တက်သွားကြလေသည်။ ရေနန်းယာဉ်သာသင်္ဘောမှာ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲဖြစ်ပွားစက ဆွဲယူခုတ်မောင်းခံရဖူးသော သင်္ဘောတစ်စင်းဖြစ်ပါသည်။

၁၈၅၉ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းမှာပင် ကာလကတ္တားသွား ပညာတော်သင် ၅ ဦး ရတနာပုံ နေပြည်တော်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်လည် ရောက်ရှိခဲ့ကြသည်။ နေပြည်တော် ရောက်သောအခါ ဆိုင်ရာ အထူးပြု ဘာသာရပ်အလိုက် အိမ်ရှေ့စံ ကနောင်မင်းသားထံ စာတမ်းများ ဆက်သွင်းကြရ၏။ သို့သော် ပညာတော်သင် ၅ ဦးအနက် မောင်ရွှေပင်နှင့် မောင်ပေါက်ကျိုင်းတို့၏ စာတမ်းများကိုသာ ရှာဖွေတွေ့ရှိရပါသေးသည်။

ကျန်ပညာတော်သင် သုံးဦးဖြစ်သော မောင်ရွှေအိုး၊ မောင်သူ နှင့် မောင်ထွန်းအောင်တို့သည် စာတမ်း ဆက်သွင်းနိုင်ခြင်းရှိခဲ့ပြ မတွေ့ပါ။ သို့တည်းမဟုတ် စာတမ်းကို ပြီးဆုံးအောင် မပြုစုနိုင်ခဲ့ကြခြင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်ဟန်ရှိပါသည်။ ၎င်းပညာတော်သင်သုံးဦးမှာ ရတနာပုံနေပြည်တော်သို့ ရောက်ရှိပြီး တစ်လအကြာ ၁၃ မတ်၊ ၁၈၅၉ ခုနှစ်တွင် ပြင်သစ်နိုင်ငံသို့ အဆင့်မြင့်ပညာရပ်များ ဆက်လက်ဆည်းပူးလေ့လာရန် ထွက်ခွာသွားကြရသောကြောင့်ဖြစ်၏။

ပညာတော်သင်များ ဆက်သွင်းကြသည့် စာတမ်းများမှာ စင်စစ်အားဖြင့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်များမှ သင့်တော်ရာအကြောင်းအရာတို့ကို ထုတ်နုတ်ကာ မြန်မာဘာသာသို့ ပြန်ဆို ရေးသားကြရခြင်းဖြစ်ပါသည်။ ယင်းဘာသာပြန်ဆိုခြင်းလုပ်ငန်းတိုလည်း အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ လျှောင်းတော်ဦးဆောင်၍ ရေးသားပြုစု လုပ်ဆောင်ကြရခြင်းဖြစ်၏။

## ပညာတော်သင်နှစ်ဦး၏ စာတမ်းများ

ပညာတော်သင် မောင်ရွှေပင်သည် အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့၊ ဒိုရေတန် ကောလိပ်မှ ရတနာပုံရွှေမြို့တော်သို့ ပြန်လည်ရောက်ရှိခါစတွင် အိမ်ရှေ့စံ ကနောင်မင်းသားကြီးထံ စာတမ်းနှစ်စောင် ဆက်သွင်းခဲ့ကြောင်း တွေ့ရှိရ၏။ ယင်း စာတမ်းနှစ်စောင်မှာ -

၁။ အမြောက်ဖုံးပစ်နည်း (၂ မတ် ၁၈၅၉)

၂။ ဘွိုင်လာအိုး လုပ်နည်း (၇ ဩဂုတ် ၁၈၅၉) တို့ဖြစ်ပါသည်။

ထို့အတူ ပညာတော်သင် မောင်ပေါက်ကျိုင်းကလည်း 'အင်္ဂလိပ်ဘာသာ ရာဇဝင်စာအုပ်' ကို မြန်မာပြန်ဆို ဆက်သွင်းခဲ့ပါသည်။ မောင်ပေါက်ကျိုင်းက သူ၏ စာတမ်းကို ၁၉ ဧပြီ၊ ၁၈၅၉ ခုနှစ်တွင် ဆက်သွင်းခဲ့ခြင်းဖြစ်၏။ ပညာတော်သင်တို့သည် ဘာသာပြန်ဆိုရာ၌ အသုံးပြုသော မူရင်းစာအုပ်များကို ကာလကတ္တားမြို့မှ ဝယ်ယူလာခဲ့ကြဟန်တူပါသည်။

ဖူးသွင်မဂ္ဂျိုင်
www.burmeseclassic.com

www.burmeseclassic.com



# (၃) ပန်းတဉ်းဝန်ထောက်ဖြစ်လာသော ပညာတော်သင် မောင်ရွှေပင်

ကာလကတ္တားသို့ ပထမဆုံး စေလွှတ်ခြင်းခံရသော ပညာတော်သင် (၅)ဦးအနက် မောင်ရွှေပင်မှာ နောင်အခါ ပန်းတဉ်းဝန်ထောက် ရာထူးခန့်အပ်ခြင်းခံခဲ့ရပါသည်။

## မောင်ရွှေပင်၏ ဘဝထုပ္ပတ်

မောင်ရွှေပင်၏ မိဘများမှာ ဦးခဲနှင့် ဒေါ်လှဦးတို့ဖြစ်ကြ၏။ မောင်ရွှေပင်ကို ၁၈၃၃ ခုနှစ်ခန့်တွင် ဖွားမြင်သည်ဟု မှတ်ယူရပါသည်။ မိဘများမှာ သာမန်အရပ်သားများ ဖြစ်ကြဟန်တူ၏။ မောင်ရွှေပင်သည် ငယ်စဉ်က အမေရိကန် သာသနာပြုများနှင့် ရင်းနှီးကျွမ်းဝင်သည့် အလျောက် အင်္ဂလိပ်ဘာသာစာပေကို စောစီးစွာပင် လေ့လာခွင့်ရရှိခဲ့သည်။ သို့ကြောင့်လည်း ပထမဆုံး ပညာတော်သင်အဖွဲ့တွင် မောင်ရွှေပင် လိုက်ပါခဲ့ရခြင်းဖြစ်ဟန်တူပါသည်။

မောင်ရွှေပင်သည် လူငယ်လူရွယ်ဘဝ၌ပင် မမေဆိုသူ အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျခဲ့သည်။ သူက မမေနှင့် မောင်ဘကြီးနှင့် မောင်ဘကြူဆိုသူ သားနှစ်ယောက် ဖွားမြင်ပါသည်။ ပညာတော်သင် သွားရောက်ရချိန်ကတော့ သားကြီးမောင်ဘကြီးကို ဖွားမြင်ပြီးစဖြစ်မည် ထင်ပါသည်။

## ပညာတော်သင်ကျောင်းသား

မောင်ရွှေပင်သည် မောင်ထွန်းအောင်၊ မောင်ပေါက်ကျိုင်း၊ မောင်ညွှန့်၊ မောင်ရွှေအိုးတို့နှင့်အတူ ၁၈၅၇ ခုနှစ်၊ နှစ်လယ် ခန့်တွင် ကာလကတ္တားသို့ထွက်ခွာကြရသည်။ ထိုစဉ်က မောင်ရွှေပင်မှာ အသက် (၂၅)နှစ် အရွယ်ခန့်သာ ရှိပါသေးသည်။ မောင်ရွှေပင်သည် ဒိုရေတန်



www.burmeseclassic.com

www.burmeseclassic.com



ကောလိပ် (Doreton College)တွင် အင်္ဂလိပ်ဘာသာစကားကို ဆည်းပူး လေ့လာရ၏။ သူသည် နဂိုကပင် အင်္ဂလိပ်ဘာသာ အခြေခံရှိ၍ များမကြာမီ၌ အခြားသိပ္ပံဘာသာရပ်များကို ဆက်လက် ဆည်းပူး လေ့လာခွင့်ရရှိခဲ့သည်။ မောင်ရွှေပင်သည် သင်္ချာနှင့် ရူပဗေဒ ဘာသာရပ်ကို အဓိကထား၍ လေ့လာခွင့်ရရှိသည်။ ၁၈၅၈ ခုနှစ် ကုန်ပိုင်းတွင် မောင်ရွှေပင်တို့အဖွဲ့ ရန်ကုန်မှတစ်ဆင့် မန္တလေးသို့ ပြန်ကြရာ ၁၈၅၉ ခုနှစ် ဖေဖော်ဝါရီလတွင် နေပြည်တော်သို့ ပြန်လည် ရောက်ရှိလာကြ၏။

## အမြောက်ပုံးပစ်နည်းစာတမ်း

မောင်ရွှေပင်သည် ရတနာပုံ နေပြည်တော်သို့ ပြန်လည် ရောက်ရှိသောအခါ စာတမ်းနှစ်စောင် ဆက်သွင်းခဲ့ရာ ပထမဆုံး စာတမ်းမှာ ၂ မတ် ၁၈၅၉ ခုနှစ်တွင် ဆက်သွင်းခဲ့သည်။ အမြောက်ပုံး ပစ်နည်းစာတမ်းဖြစ်သည်။ ယင်းစာတမ်းကို

> 'သက္ကရာဇ် ၁၂၂၀၊ တပို့တွဲ လပြည့်ကျော် ၁၃ ရက်နေ့၊ အိမ်ရှေ့အိမ်တော်လျောင်းတော်ဦး ဆောင်တော်တွင် ပညာတော်သင် ငရွှေပင်၊ အင်္ဂလိပ်ဘာသာ အမြောက် ပုံးပစ်နည်းစနစ် တွက်ပုံ မှာသေမာတိတ် စာအုပ်ငယ် ထွက်များကို မြန်မာပြန်ဆိုချက်ဘုရား'

ဟု ခေါင်းစည်းတပ်ထား၏။

ယင်းစာတမ်းမှာ အင်္ဂလိပ် သင်္ချာပညာရှင် ဂရီဂိုရီ (Olinthus G. Gregory) (၁၇၇၄-၁၈၄၁)၏ စာအုပ်မှ ထုတ်နုတ်ဘာသာပြန်ဆို ထားခြင်းဖြစ်သည်။ မောင်ရွှေပင်သည် ယင်းစာအုပ်မှ ဘာသာပြန်ဆိုထား ကြောင်းကို သူ၏စာတမ်း၌ -

> 'ထိုစာအုပ်ကို စီရင်ရေးသားထားသော အိုလင်းတပ်စ်



www.burmeseclassic.com

www.burmeseclassic.com



ဂရေကရီ အမည်ရှိသော ဆရာနှင့် အင်္ဂလိပ်စစ်ဗိုလ်
အများက တိုင်ပင်နှီးနှော စမ်းသပ်ကြရာ"

ဟူ၍ ထည့်သွင်းဖော်ပြထား၏။ စာတမ်းတွင် အမြောက်ဆံနှင့် အလျင် (Velocity)ကို ခန့်မှန်းနိုင်ရန် ပုံသေနည်း (၇)မျိုးအား ဖော်ပြထား၏။

## ဘွိုင်လာအိုးလုပ်နည်းစာတမ်း

မောင်ရွှေပင်က ၇ ဩဂုတ် ၁၈၅၉ ခုနှစ်တွင်ဘွိုင်လာအိုး လုပ်နည်းစာတမ်းကို ဆက်သွင်းပါသည်။ ယင်းစာတမ်းတွင် ဘွိုင်လာ အိုး၏ စောက်နှင့် မြင်းကောင်ရေ ဆက်စပ်ပုံ၊ ဘွိုင်လာအိုး၏ ထိပ်ဝ အကျယ်၊ ခေါင်းတိုင်အဝ၊ ရေပိုက်အချင်းမှအစ တွက်ချက်ပုံ ပုံသေနည်း များကို ဖော်ပြထားသည်။ သို့သော် ဤဘွိုင်လာအိုးလုပ်နည်းကို သာမန် စကားပြေဖြင့် ရေးသားပြုစုခြင်းမဟုတ်ဘဲ သံပေါက်လင်္ကာဖြင့် ရေးဖွဲ့ ခဲ့ခြင်းဖြစ်သည်။

ဥပမာအားဖြင့် စာပိုဒ် (၂) ဘုံပါမြင်းအား သံပေါက်လင်္ကာတွင်

'မြင်းတစ်စီးအား၊ လုပ်လိုငြား၊ စောက်ကားဆယ့်ငါးလက်မ။
ငှင်းထက်ဝက်၊ အချင့်တွက်၊ မပျက်သိအပ်စွ။ လက်မ
သုံးစီ၊ တိုးကာညီ၊ စောမီ သိအပ်လှ'

ဟူ၍ဖြစ်သည်။ ဤတွင် ဘုံပါဟူသည်မှာ ဘွိုင်လာအိုးကို ဆိုလိုခြင်းဖြစ်၏။ တစ်စီးမြင်းအားဆိုသည် 1 Horse Power ကို ဆိုလို ပါသည်။

## သံတော်ဆင့် မောင်ရွှေပင်

မောင်ရွှေပင်သည် စာတမ်းနှစ်စောင်ဆက်သွင်းပြီး များမကြာမီ ကာလ၌ မင်းလှရာဇကျော်ထင်ဘွဲ့ဖြင့် တောစောက်ရွာစား သံတော်ဆင့် ရာထူး ခန့်အပ်ခံရ၏။ မောင်ရွှေပင်သည် ကောင်းနိုးရာရာ အင်္ဂလိပ် စာအုပ်များမှ ထုတ်နုတ်လျက် ဘာသာပြန်ဆိုကာ စာတမ်းများ ဆက်လက်



www.burmeseclassic.com

www.burmeseclassic.com



ပြုစုခဲ့ရာ၌ ၂၈ ဩဂုတ်လ ၁၈၆၀ ခုနှစ်တွင် အင်္ဂလိပ်မြင်းများအကြောင်း၊ ၁၈၆၃ ခုနှစ်တွင် လက်တွေ့ ကွန်ပါရေးနည်းစာတမ်းတို့ကို ပြုစုပြီးစီးခဲ့သည်။

အင်္ဂလိပ်မြင်းများအကြောင်းစာတမ်းမှာ ပုရပိုက်ရေစီးနှစ်ဆယ် (ချပ်ရေ ၂၀)ရှိပြီး စာအုပ်စာတမ်း (၅၀)ကို ကိုးကားလျက် ရေးသားပြုစုထားခြင်းဖြစ်ပါသည်။ ယင်းစာတမ်းတွင် မြင်းစတင်ပေါ်ပေါက်ရာဒေသ၊ မြင်း၏အသက် ခန့်မှန်းပုံ၊ သွားလာလှုပ်ရှားပုံ၊ မြင်းကောင်းတို့၏လက္ခဏာ၊ အသုံးပြုပုံ၊ မြင်းကို ယဉ်ပါးအောင် လေ့ကျင့်ပုံများကို ဖော်ပြထား၏။

လက်တွေ့ကွန်ပါရေးနည်း စာတမ်းတွင်မူ စက်ဝိုင်းခြမ်းပုံ အုတ်ခုံးရေးဆွဲနည်းအပါအဝင် ဂျီဩမေတြီ ဆောက်လုပ်ချက် (၁၀၅)ခုကို ပုံနှင့်တကွ ရှင်းလင်းဖော်ပြထား၏။ ဤစာတမ်းတွင် ဤလစ်ပစစ် (Elipse)၊ ပါရေပိုးလား (Paraboler)၊ ဟိုက်ပါပိုးလား (Hyperbola) သည့် ပုံသဏ္ဌာန်များကို စတင်မိတ်ဆက်ပေးထား၏။ ဤစာတမ်း၌ -

'လက်တွေ့ ကွန်ပါရေးနည်းကျမ်းကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆို၍ အိမ်ရှေ့မင်းအား ဆက်သသော သံတော်ဆင့် တောဆောက်ရွာစား မင်းလှရာဇာ ကျော်ထင်ဘွဲ့ခံ မောင်ရွှေပင်'

ဟု တွေ့ရှိပေရာ မောင်ရွှေပင်မှာ ထိုစဉ်က သံတော်ဆင့်ရာထူးဖြင့် အမှုထမ်းရွက်လျက်ရှိကြောင်း သိရှိရလေသည်။

## ပန်းတဉ်းဝန်မှ ဝန်ထောက်ရာထူးသို့

မောင်ရွှေပင်သည် ၁၈၆၄ ခုနှစ်ခန့်တွင် ပန်းတဉ်းဝန်ရာထူးသို့ တိုးမြှင့် ခန့်အပ်ခံရပါသည်။ မောင်ရွှေပင်သည် စက်ဆရာ ဦးထွန်းနှင့်အတူ ဘင်္ဂလားသို့ စက်ပစ္စည်းများ ဝယ်ယူသွားရောက်ရာမှ ၁၈၆၄ ခုနှစ် ဖေဖော်ဝါရီလတွင် ပြန်လည်ရောက်ရှိလာစဉ် ပန်းတဉ်းဝန်ရာထူး ရရှိခဲ့ခြင်း ဖြစ်ဟန်တူ၏။ ကနောင်မင်းသားကြီး လုပ်ကြံခံရပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



၁၈၆၇ ခုနှစ်၊ မတ်လတွင် ပန်းတဉ်းဝန် ဦးရွှေပင် ရန်ကုန်သို့ ရောက်ခဲ့သေးသည်။ ရန်ကုန်အရေးပိုင် ဖယ်ရာထံသို့ အင်္ဂလန်ဘုရင်မထံ ပေးပို့မည့် မင်းတုန်းမင်း၏ ရာဇသံနှင့် လက်ဆောင်များ လာပို့ခြင်းဖြစ်သည်။

ပန်းတဉ်းဝန် ဦးရွှေပင်သည် ၁၈၆၇ ခုနှစ် စက်တင်ဘာလအတွင်း နေပြည်တော်သို့ လာရောက်သည့် အင်္ဂလိပ်သံအဖွဲ့အား မလွန်မြို့မှ သွားရောက်ကြိုဆိုခဲ့ရသေးသည်။ ထို့နောက် ၁၈၇၀ ခုနှစ်၊ မေလတွင် အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံများသို့ သံတမန်ရေးရာကိစ္စရပ်များ လေ့လာရန် သွားရောက်ခဲ့ရသည်။ နိုင်ငံခြားမှ ပြန်လည်ရောက်ရှိလာပြီးနောက် ၁၈၇၂ ခု၊ ဇန်နဝါရီလထဲတွင် ဦးရွှေပင်ကို မဟာမင်းခေါင် မင်းထင်ဘွဲ့ဖြင့် ဝန်ထောက်ရာထူးသို့ တိုးမြှင့်ပေးလိုက်လေသည်။

## ဒုတိယဇနီး

ဦးရွှေပင်သည် ဝန်ထောက်ရာထူးဖြင့် အမှုထမ်းရွက်စဉ် ၂ မတ် ၁၈၇၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံသွား ကင်းဝန်မင်းကြီးသံအဖွဲ့၌ အဖွဲ့ဝင်တစ်ဦးအဖြစ် လိုက်ပါခဲ့ရသည်။ တစ်နှစ်နှင့် နှစ်လအကြာ ၂ မေ၊ ၁၈၇၃ ခုနှစ်တွင် ဦးရွှေပင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိပါသည်။ နေပြည်တော်သို့ ရောက်ရှိပြီး များမကြာမီ၌ပင် ဦးဘိုးမောင်၏သမီး မရွှေပုံနှင့် လက်ဆက်လိုက်ပါသည်။ ထိုစဉ်က ပထမဇနီး ဒေါ်မေနှင့် သား မောင်ဘကြီး၊ မောင်ဘကြူတို့ ရှိနေဆဲဖြစ်၏။

## ဘဝနိဂုံး

ပန်းတဉ်းဝန်ထောက် ဦးရွှေပင်သည် အသက်လေးဆယ်ကျော်အရွယ် ၁၈၇၆ ခုနှစ်ခန့်၌ ကွယ်လွန်သွားပါသည်။ သူကွယ်လွန်သောအခါ သူပိုင်ပစ္စည်းများနှင့်ပတ်သက်၍ အမွေမှုတစ်မှု ဖြစ်ပွားခဲ့သည်။ ပထမဇနီး မမေနှင့် သားနှစ်ယောက်ကတစ်ဖွဲ့၊ ဒုတိယဇနီးကတစ်ဖွဲ့ မိဘနှစ်ပါးကတစ်ဖွဲ့ အမွေရလိုမှုဖြစ်ပွားခဲ့ကြခြင်းဖြစ်သည်။ ယင်းအမှုကို ၂



www.burmeseclassic.com

www.burmeseclassic.com



မေ ၁၈၇၇ ခုနှစ်တွင် စတင်စစ်ဆေး၍ ၁၂ ဇူလိုင် ၁၈၇၈ ခုနှစ်တွင် ဆုံးဖြတ်ချက်ချခဲ့သည်။ ၎င်းဆုံးဖြတ်ချက်အရ ကွယ်လွန်သူ ပန်းတဉ်းဝန်ထောက် ဦးရွှေပင်ပိုင်ပစ္စည်းများအား ဆိုင်ရာပုဂ္ဂိုလ်များက ခွဲဝေရရှိကြလေသည်။ ယင်းပစ္စည်းများထဲတွင် ပန်းတဉ်းဝန်ထောက် ဦးရွှေပင်ပိုင် စာအုပ်စာတမ်းများလည်း ပါဝင်ပါသည်။ ဦးရွှေပင်သည် နိုင်ငံခြားမှ ရတနာပုံနေပြည်တော်သို့ ပြန်လာခဲ့စဉ်က စာအုပ်စာတမ်း အမြောက်အမြား ဝယ်ယူလာခဲ့ဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



# (၄) ဘင်္ဂလားသံရုံးအရာရှိဖြစ်လာသူ မောင်ပေါက်ကျိုင်း

ကာလကတ္တားသို့ ပထမဆုံး ပညာတော်သင်အဖြစ် စေလွှတ်ခြင်းခံခဲ့ရသော ပညာတော်သင် (၅)ဦးအနက် မောင်ပေါက်ကျိုင်းမှာ နောင်အခါ ဘင်္ဂလားသံရုံးအရာရှိကြီးတစ်ဦးဖြစ်လာပါသည်။ မောင်ပေါက်ကျိုင်း၏ ဘဝထုပ္ပတ်ကို ခြေရာခံ၍ မရတော့ပါ။ သူ၏ မိဘမျိုးရိုး၊ မွေးသက္ကရာဇ်ကအစ မသိရတော့။ မောင်ပေါက်ကျိုင်းသည် ပညာတော်သင်အဖြစ်ရွေးချယ်ခံရစဉ်က အဆောင်တော်မြဲတစ်ဦးဖြစ်သည်ဟု မှတ်ယူရပါသည်။

## ပညာတော်သင်ဘဝ

မောင်ပေါက်ကျိုင်းသည် မောင်ရွှေပင်၊ မောင်ထွန်းအောင်၊ မောင်ညွန့်၊ မောင်ရွှေအိုးတို့နှင့်အတူ ၁၈၅၇ ခုနှစ်၊ နှစ်လယ်ခန့်တွင် ကာလကတ္တားသို့ ထွက်ခွာလာခဲ့၏။ ထိုစဉ်က မောင်ပေါက်ကျိုင်းမှာ အသက် နှစ်ဆယ်ဝန်းကျင်မျှသာ ရှိပါသေးသည်။ သူသည် ကာလကတ္တားမြို့၊ ဒိုရေတန်ကောလိပ် (Doreton College)၌ အင်္ဂလိပ် ဘာသာစကားစတင်သင်ကြားခဲ့ရပြီး မကြာမီ အဆင့်မြင့် ပညာရပ်များကို ဆက်လက်သင်ကြားခွင့်ရရှိခဲ့သည်။ ထိုစဉ်က ကျောင်းအုပ်ဆရာကြီး ဂျော့စမစ်ကလည်း ပညာတော်သင်များကို များစွာ အကူအညီပေးခဲ့ပါသည်။

မောင်ပေါက်ကျိုင်းက မောင်ရွှေပင်တို့လောက်တော့ အင်္ဂလိပ်စာကို မကျွမ်းကျင်။ သူက အစစအရာရာ မောင်ရွှေပင်ကိုပဲ အားကိုးအားထားပြုရသည်။ သို့သော် ပညာတော်သင်တို့က တစ်ဦးနှင့်တစ်ဦး ဝါသနာချင်းမတူညီကြ။ မောင်ပေါက်ကျိုင်းက သမိုင်းဘာသာရပ်ကို ဝါသနာထုံသည်။ သူက ငယ်စဉ်ကာလ နေပြည်တော်တွင်ရှိစဉ်က ရာဇဝင်ကျမ်းများကို အပတ်တကုတ် လေ့လာခဲ့ဖူးဟန်တူ၏။

ဒိုရေတန်ကောလိပ်တွင် အင်္ဂလိပ်ဘာသာ အခြေခံသင်ယူ



www.burmeseclassic.com

www.burmeseclassic.com



လေ့လာပြီးတော့ အဆင့်မြင့်ပညာရပ်များကို ဆက်လက်ဆည်းပူးရသည်။ မောင်ပေါက်ကျိုင်းက အခြားပညာတော်သင် (၄)ဦးနှင့်မတူ။ သူက ငယ်စဉ်ကပင် သမိုင်းဘာသာရပ်ကို ဝါသနာထုံသူမို့ အထူးပြုဘာသာရပ် (Major Subject)အဖြစ် သမိုင်းဘာသာပဲ ယူသည်။ သူလေ့လာသင်ယူရသည့် သမိုင်းဘာသာရပ်ကလည်း နယ်ကျယ်သည်။ ပုရပိုက်မှတ်တမ်းအရ ဟစ္စထရီ (History)ကျမ်းအဝင်ဖြစ်သော -

(၁) လူမျိုးတို့ကို ပြဆိုသည့် နာချရတ် ဟစ္စထရီ (Natural History) စာအုပ်

(၂) မင်းတို့အစဉ် အဖြစ်အပျက်ကို ပြဆိုသော မော်ရက် ဟစ္စထရီ (Moral History)စာအုပ်

တို့ကို ပြဋ္ဌာန်းစာအုပ်များအဖြစ် သင်ယူရသည်။

မောင်ပေါက်ကျိုင်းက ယင်းဘာသာရပ်များကို နှစ်နှစ်နီးပါးကာလတွင် ကြိုးစားသင်ယူခဲ့သည်။ ပညာသင်ကာလ ပြီးဆုံးတော့ ၁၈၅၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် မောင်ပေါက်ကျိုင်းတို့အဖွဲ့ ပြန်လာကြရာ ၁၈၅၉ ခုနှစ် ဖေဖော်ဝါရီလတွင် ရတနာပုံနေပြည်တော်သို့ ပြန်လည် ရောက်ရှိလာကြပါသည်။

## သမိုင်းစာတမ်းတစ်စောင်

နေပြည်တော် ပြန်ရောက်တော့ အိမ်ရှေ့စံ ကနောင်မင်းသားကြီးထံ သက်ဆိုင်ရာ ဘာသာရပ်အလိုက် စာတမ်း တင်သွင်းကြရသည်။ မောင်ပေါက်ကျိုင်းက သမိုင်းဘာသာရပ်ဆိုင်ရာ စာတမ်းတစ်စောင်ကို ဆက်သွင်း၏။ သူ၏ စာတမ်းပုရပိုက်ကား -

'အင်္ဂလိပ်ဘာသာ ရာဇဝင်စာအုပ်ကို ကျွန်တော်မျိုး ငပေါက်ကျိုင်း မြန်မာဘာသာ သက္ကရာဇ် ၁၂၂၁ ခု၊ တန်ခူး လပြည့်ကျော် ၂ ရက်နေ့ အိမ်ရှေ့တော် လေသာဆောင်



www.burmeseclassic.com

www.burmeseclassic.com



တွင် ပြန်ဆိုစေ၍ အင်္ဂလိပ်သက္ကရာဇ်၊ တိုင်းပြည်၊ မြန်မာ၊ သာသနာတော် သက္ကရာဇ် တိုင်းပြည်များနှင့် ပြိုင်ဆိုင် ကောက်နုတ်ချက် အတိုကောက်ဘုရား'

ဟူ၍ နိဒါန်းပြုထားပါသည်။

စာတမ်းအရ မောင်ပေါ်ကျိုင်းက သူ၏ စာတမ်းကို နေပြည်တော်သို့ ပြန်ရောက်ပြီး နှစ်လအကြာ ၁၉ ပေပြီ ၁၈၅၉ ခုနှစ်၌ ဆက်သွင်းခဲ့ခြင်းဖြစ်သည်။ ဤမျှ အချိန်တိုကာလအတွင်း စာတမ်း ဆက်သွင်းနိုင်ခဲ့ခြင်းမှာ နိုင်ငံရပ်ခြားမှ အင်္ဂလိပ်ဘာသာရေးသမိုင်း စာအုပ် အချို့ကို နေပြည်တော်သို့ အဆင်သင့် သယ်ဆောင်လာခဲ့၍ပင် ဖြစ်ပါသည်။ မောင်ပေါ်ကျိုင်း၏ သမိုင်းစာတမ်း ပုရပိုက်ကို မဟာရာဇာ ရာမတိုက် တိုက်အုပ်ဦးအရိယာဝံသ စာစုတွင် တွေ့ရှိရသည်။

## မြန်မာဘာသာရေးအင်္ဂလိပ်ရာဇဝင်

မောင်ပေါ်ကျိုင်း၏ စာတမ်းတွင် ကမ္ဘာသက္ကရာဇ် ၃၃၈၀၌ ဘုရားလောင်း သိဒ္ဓတ္ထကို ဖွားမြင်ကာ ၃၄၁၅ ခုနှစ်တွင် ဘုရား ဖြစ်လာကြောင်း သက္ကရာဇ် ၃၄၆၀ တွင် ပရိနိဗ္ဗာန်ပြုကြောင်းက စတင် ပါသည်။ ဤတွင် ကမ္ဘာသက္ကရာဇ်ကို မည်သို့ မည်ပုံရေတွက်သည်ကိုမူ မသိရပေ။ ယေရှုခရစ်တော်နှင့် ပတ်သက်၍လည်း ကမ္ဘာသက္ကရာဇ် ၄၀၀၀ တွင် ဣသရေလတိုင်း(Israel)ရှုဒပြည်(Judea)၌ ဖွားမြင်ကြောင်း ဖော်ပြထား၏။

မောင်ပေါ်ကျိုင်းက အင်္ဂလိပ်ရာဇဝင်ကို လူမျိုးအလိုက်၊ မင်းဆက်များဖြင့် ဖော်ပြထားရာ၌ စာတမ်းဖတ်ရှုသူ ကနောင်မင်းသားကြီး အလွယ်တကူ နှိုင်းယှဉ် လေ့လာနိုင်ရန်အတွက် ခေတ်ပြိုင် မြန်မာရာဇဝင် မှတ်တမ်းကိုလည်း ပူးတွဲထည့်သွင်းထားပါသည်။ ဥပမာအားဖြင့် -

(၁) စက္ကဆင် (Saxons)လူမျိုး - အယ်ဒီမန်အာရိုင်ဆိုက် (Edmund Ironside)(၁၀၁၆-၁၀၁၆)ရှင်းပြည်မင်း ၄၂



www.burmeseclassic.com

www.burmeseclassic.com



ဆက်မြောက် စုဝ္ကုတေးမင်းနန်းစံ ၂၃ နှင့် ပြိုင်သည်။

(၂) ဒိန်း (Danes)လူမျိုး - ပထမ ကေနရှု (Canatei) (၁၀၁၇-၁၀၃၅)၊ ၎င်းပြည် ၄၃ ဆက်မြောက် အနော်ရထာမင်းစောတက်နှစ်နှင့်ပြိုင်သည်။

(၃) လန်ကစတာ (Lancaster)လူမျိုး - ပထမ ဂျာလိ (Charles I) [၁၆၂၅-၁၆၄၉(ကွပ်)] ၎င်းမြို့ မင်း ၂၁ ဆက်မြောက် အနောက်ဘက်လွန်မင်းတရား နန်းစံ (၁၈) နှစ်နှင့် ပြိုင်သည်။ မင်းဆက်မရှိ၍ ခရောင်ဝဲက် (Oliver Cromwell) နှင့် လူကြီး ၄၁ ယောက် စီရင်သည်။

စသည်ဖြင့် တွေ့ရှိရ၏။ ယင်းစာတမ်းတွင် ဘိတ်တော်ရီးယား (Virtoria)ဘုရင်မအကြောင်း (၁၈၃၇)အထိပါဝင်ပါသည်။

## ဖြဲတိုက်သံတော်ဆင့်မောင်ပေါက်ကျိုင်း

မောင်ပေါက်ကျိုင်းသည် စာတမ်းဆက်သွင်းပြီး နှစ်အနည်းငယ်အကြာ၌ပင် ဖြဲတိုက်သံတော်ဆင့် ရာထူးကို ရရှိခဲ့၏။ သူ၏မင်းပေးဘွဲ့ညည်မှာ နေမျိုးသိဒ္ဓိကျော်စွာဖြစ်သည်။ မောင်ပေါက်ကျိုင်း၏ ဖြဲတိုက်သံတော်ဆင့်ဘဝနှင့်ပတ်သက်၍ အထောက်အထားများစွာမတွေ့ရ၍ နေပြည်တော်၌ အချိန်မည်မျှကြာအောင် အမှုထမ်းရွက်ခဲ့သည်ကို မသိရပေ။ ၁၈၇၄ ခုနှစ် ဝန်းကျင်တွင် ဖြဲတိုက်သံတော်ဆင့် မောင်ပေါက်ကျိုင်း ကာလကတ္တားသို့ ရောက်ရှိနေပြီဖြစ်သည်။

ဘင်္ဂလား စာရေးတော်ကြီးရုံးခေါ် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးကို ၁၈၇၂ ခုနှစ်ခန့်တွင် စတင်ဖွင့်လှစ်ခဲ့ပေရာ မောင်ပေါက်ကျိုင်းထိုရုံး၌ သွားရောက် အမှုထမ်းခဲ့ရခြင်းဖြစ်ပါသည်။ ထိုအချိန်မှစ၍ မောင်ပေါက်ကျိုင်းသည်လည်း ဘင်္ဂလားသံရုံးအရာရှိ တစ်ဦးဖြစ်လာပါသည်။ မောင်ပေါက်ကျိုင်း၏အထက်တွင် ဘင်္ဂလားစာရေးတော်ကြီးက ကြီးကြပ်ကွပ်ကဲရ၏။



www.burmeseclassic.com

www.burmeseclassic.com



# ဘင်္ဂလားသံရုံးအရာရှိ ဦးပေါက်ကျိုင်း

ဦးပေါက်ကျိုင်းသည် ဘင်္ဂလားသံရုံးအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ၅ စက်တင်ဘာ ၁၈၇၄ ခုနှစ်၌ ကာလကတ္တားသို့ ပြင်သစ်နိုင်ငံမှတစ်ဆင့် ဝင်ရောက်လာသည့် ကင်းဝန်မင်းကြီးကို သွားရောက်တွေ့ဆုံခဲ့သည်။ မင်းကြီးဦးဆောင်သော သံအဖွဲ့သည် ဝီလဆင်ဟိုတယ်၌ တည်းခိုနေခိုက် ဦးပေါက်ကျိုင်းနှင့်အတူ မြောက်ထားဝယ်အမှုထမ်း ဦးကွန်း၊ အဝယ်တော်ဦးစိုး၊ အာမေနီယံလူမျိုး မန္တတ်၊ ပသီလူမျိုးမာရကြမ်းနှင့် မောင်ဖြိုးတို့ လိုက်ပါတွေ့ဆုံခဲ့ကြသည်။

၁၈၇၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဘင်္ဂလားစာရေးတော်ကြီးရာထူးသစ်ကို စာရေးတော်ကြီး နေမျိုးမင်းထင် စည်သူဘွဲ့ခံ ဦးကြီးအား ခန့်အပ်လိုက်ပါသည်။ စာရေးတော်ကြီး ဦးကြီးသည် မြောင်လှဝန်ထောက် ဦးခြိမ့်၏ သံအဖွဲ့နှင့်အတူ ဘင်္ဂလားသို့ ရောက်ရှိလာခဲ့ရာ၌ ဦးပေါက်ကျိုင်းက ဗုဒ္ဓဂါယာသို့ လိုက်ပို့ရ၏။ ဦးပေါက်ကျိုင်းသည် ဘင်္ဂလားသံရုံးအရာရှိတစ်ဦးဖြစ်သည့်အားလျော်စွာ အိန္ဒိယနိုင်ငံသို့ လာရောက်သမျှ သံတမန်များအားလိုအပ်သည့်အကူအညီများ ပေးရလေသည်။

၁၄ ဇန်နဝါရီ ၁၈၇၆ ခုနှစ်တွင် ကင်းဝန်မင်းကြီးဦးကောင်း ဗုဒ္ဓဂါယာသို့ အလှူတော်ကိစ္စဖြင့် ရောက်ရှိလာပါသည်။ ထိုစဉ်ကလည်း ဘင်္ဂလားသံရုံးအရာရှိဖြစ်သူ ဗြိတိုက်သံတော်ဆင့် ဦးပေါက်ကျိုင်းကပင် အစစအရာရာ ကူညီလုပ်ဆောင်ပေးခဲ့ရပါသည်။ ဦးပေါက်ကျိုင်းသည် ဘင်္ဂလားစာရေးတော်ကြီး ဦးကြီး၏လက်အောက်အရာရှိဖြစ်သော်လည်း ဦးကြီးထက်ပင် ပိုမို၍ အရေးပါအရာရောက်ခဲ့၏။ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်သူ ဒိုရေတာန်ကောလိပ်ကျောင်းသားဟောင်းတစ်ဦး ဖြစ်သည့်အလျောက် ဦးပေါက်ကျိုင်းကပင် အစစအရာရာ ဦးစီးဦးဆောင်ပြုနေရဟန် တူပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အီတလီခရီးစဉ်

ဘင်္ဂလားသံရုံးအရာရှိ ဦးပေါက်ကျိုင်းသည် ၂၆ နိုဝင်ဘာလ ၁၈၇၆ ခုနှစ်တွင် အီတလီနိုင်ငံ ဂျီနိုအာ (Genoa)မြို့သို့ ရောက်ရှိလာခဲ့၏။ သူသည် အီတလီနိုင်ငံ၌ ပညာသင်ကြားဆည်းပူးကြမည့် ပညာတော်သင် (၅)ဦးကို လာရောက်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က မြောင်လှဝန်ထောက် ဦးခြိမ့်၏ သံအဖွဲ့သည် အီတလီနိုင်ငံ ဂျီနိုအာမြို့၌ ရောက်ရှိနေချိန်ဖြစ်ပြီး အမိန့်တော်အရ သက်ဆိုင်ရာ ကျောင်းများ၌ အပ်နှံရန် သွားရောက် ပေးပို့ရခြင်းဖြစ်ဟန်တူပါသည်။

ဦးပေါက်ကျိုင်းသည် ဂျီနိုအာတွင် (၁၈)ရက်ကြာ နေထိုင်ခဲ့ပြီး ပညာတော်သင်အဖွဲ့ကို ကျောင်းအပ်ပေးခဲ့ရဟန်တူ၏။ ထို့နောက် ၁၄ ဒီဇင်ဘာ ၁၈၇၆ ခုနှစ်တွင် ဦးပေါက်ကျိုင်း အီတလီနိုင်ငံ ဂျီနိုအာမြို့မှ ဘင်္ဂလားသို့ ပြန်လည်ထွက်ခွာသွားပါသည်။ ဦးခြိမ့်က သံရုံးအရာရှိ ဦးပေါက်ကျိုင်းကို သူ၏ မှတ်တမ်းတွင် "မျိုးခြားတို့ဘာသာ၊ ကျွမ်းလိမ္မာသူသော၊ အရာရှိမင်းတစ်ပါး" ဟူ၍ ညွှန်းဆိုပါသည်။

## ဘဝနိဂုံး

ဘင်္ဂလားသံရုံးအရာရှိတစ်ဦးဖြစ်ခဲ့သူ ဖြတိုက် သံတော်ဆင့် နေမျိုးသိဒ္ဓိကျော်စွာဘွဲ့ခံ ဦးပေါက်ကျိုင်း၏ ဘဝနိဂုံးနှင့် ပတ်သက်၍ ထိကျ သေချာစွာ မသိရှိရပါ။ သို့သော် ဦးပေါက်ကျိုင်းသည် အီတလီနိုင်ငံမှပြန်လည်ရောက်ရှိလာပြီးနောက် ဘင်္ဂလားစာရေးတော်ကြီး သက်အောက်၌ နှစ်အနည်းငယ် ဆက်လက်အမှုထမ်းခဲ့သေးသည်ဟု မှတ်ယူရပါသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (တတိယတွဲ) နောက်ဆက်တွဲ၌ ဖော်ပြထားသော သီပေါမင်းလက်ထက် အရာရှိများ စာရင်း၊ ဖြတိုက်သံတော်ဆင့် အမည်များထဲတွင်လည်းကောင်း၊ သံတော်ဆင့် အမည်များထဲတွင်လည်းကောင်း ဦးပေါက်ကျိုင်း၏ အမည်ကို တွေ့ရတော့ပါ။ အလားတူ ဝက်မစွတ် ဝန်ထောက်ဦးလှ၏ ဒိုင်ယာရီ



www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းပါ မင်းမှုထမ်းဟောင်းများ၏ အမည်များတွင်လည်း ဦးပေါက်ကျိုင်း၏ အမည်ကို မတွေ့ရပါ။ သို့ဖြစ်၍ ဦးပေါက်ကျိုင်းသည် ဘဂ်လား၌ အမှုထမ်းရွက်နေစဉ်အတွင်း မင်းတုန်းမင်းလက်ထက်နှောင်းပိုင်းကာလ၌ ကွယ်လွန်သွားခဲ့သည်ဟု မှတ်ယူမိ၏။



www.burmeseclassic.com

www.burmeseclassic.com



# (၅) ပထမဆုံးမြို့ပြအင်ဂျင်နီယာဘွဲ့ရမောင်ရွှေအိုး

## မောင်ရွှေအိုး၏ ငယ်စဉ်ဘဝ

မောင်ရွှေအိုးကို ၁ မတ် ၁၈၃၆ ခုနှစ် နံနက် ၇း၁၅ နာရီတွင် ရွှေဘိုခရိုင်၊ ကျောင်းမြောင်းမြို့၊ နွယ်ငြိမ်းရွာ၌ ဖွားမြင်ခဲ့သည်။ မိဘများမှာ အိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်၏။ မောင်ရွှေအိုး၌ မွေးချင်း ညီအစ်ကိုမောင်နှမ (၅)ဦးရှိရာ မောင်ကြက်ကြီး၊ မောင်ရွှေအိုး၊ မောင်ရွှေအေးနှင့် နှစ်မနှစ်ဦးတို့ဖြစ်ကြသည်။ မောင်ရွှေအိုးသည် ငါးနှစ်သားအရွယ်တွင် နွယ်ငြိမ်းရွာ လက်ရေးကျောင်း၌ ပညာသင်ကြားခဲ့ပြီး အသက် ဆယ်နှစ်အရွယ်၌ ရှင်သာမဏေဝတ်ခဲ့ပါသည်။ ထို့နောက် အမရပူရမြို့သို့ ပြောင်းရွှေ့ကာ ပညာသင်ယူ ဆည်းပူးခဲ့ပြန်သည်။

## ဘာလကတ္တားပြန်ပညာတော်သင်

ပထမဆုံး စေလွှတ်ခြင်းခံရသူ ပညာတော်သင် (၅)ဦးမှာ မောင်ရွှေအိုး၊ မောင်ရွှေပင်၊ မောင်ညွန့်၊ မောင်ထွန်းအောင်နှင့် မောင်ပေါက်ကျိုင်းတို့ဖြစ်ကြပြီး ၁၈၅၇ ခုနှစ်၊ နှစ်လယ်ပိုင်းလောက်တွင် ဘာလကတ္တားမြို့သို့ ထွက်ခွာခဲ့ကြခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ တစ်နှစ်ခွဲခန့် ပညာသင်ကြားလေ့လာပြီးသောအခါ ၁၈၅၈ ခုနှစ် နှစ်ကုန်ပိုင်းလောက်တွင် ပညာတော်သင် (၅)ဦး မြန်မာနိုင်ငံသို့ ပြန်လာခဲ့ကြသည်။ မောင်ရွှေအိုးတို့သည် ဘုန်းတော်ကြီး လေကွမ်တီနှင့်အတူ ပြန်လာကြရာ၌ ရန်ကုန်သို့ရောက်ရှိသောအခါ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက စေလွှတ်လိုက်သူ ကောင့်ဟင်နရီဆာဆေး (Count Henri de Sercey) နှင့် တွေ့ဆုံခဲ့ကြ၏။ ဆာဆေးသည် မြန်မာနိုင်ငံအကြောင်း လေ့လာရန် ရန်ကုန်သို့ ဒီဇင်ဘာလအတွင်းရောက်ရှိခဲ့သူဖြစ်သည်။ မြန်မာဘုရင်နှင့် ဆက်သွယ်နိုင်ရန် ဘုန်းတော်ကြီး ဘီဂန်ဒေထံ ချဉ်းကပ်လာစဉ် ကိုရွှေအိုး တို့အဖွဲ့နှင့် တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆာခေ့်ဆးသည် လေကွမ်တီ ဦးဆောင်သော မြန်မာပညာတော်သင် (၅)ဦးနှင့် ပူးပေါင်းမိသွားကာ ၁ ဇန်နဝါရီ ၁၈၅၉ ခုနှစ်တွင် ရေနန်းယာဉ်သာ သင်္ဘောဖြင့် ရန်ကုန်မှ မန္တလေးသို့ ထွက်ခွာခဲ့ကြသည်။ ဖေဖော်ဝါရီ (၁)ရက်နေ့တွင် မောင်ရွှေအိုးတို့ မန္တလေးသို့ ပြန်ရောက်ကြပြီး ဖေဖော်ဝါရီလ (၉)ရက်နေ့၌ ဆာခေ့်ဆးနှင့် မင်းတုန်းမင်းတို့ တွေ့ဆုံခွင့်ရရှိခဲ့၏။ ဆာခေ့်ဆးသည် မင်းတုန်းမင်းကြီးအား တွေ့ဆုံစဉ် ပြင်သစ်နိုင်ငံသို့ ပညာတော်သင်သုံးဦး စေလွှတ်လိုကြောင်း မင်းတုန်းမင်းက ဆာခေ့်ဆးအား မေတ္တာရပ်ခံခဲ့သည်ဆိုပါသည်။ တစ်ဖန် ဖေဖော်ဝါရီ (၁၁)ရက်နေ့ ကနောင်မင်းသားကြီးနှင့် ဆာခေ့်ဆးတို့ တွေ့ဆုံရာ၌လည်း ပြင်သစ်သို့ ပညာတော်သင် စေလွှတ်ရေးကိစ္စကို ဆွေးနွေးခဲ့သေး၏။ ဤသို့ဖြင့် အတွင်းတော်မြဲ မောင်ရွှေအိုး ပြင်သစ် ပညာတော်သင်အဖြစ် ထပ်မံ ရွေးချယ်ခံခဲ့ရလေသည်။

## ပြင်သစ်နိုင်ငံသို့

မင်းထင်ပညာသိဒ္ဓိကျော်ခေါင်ဘွဲ့ခံ အတွင်းတော်မြဲ မောင်ရွှေအိုးသည် ကာလကတ္တားပြန် အခြား ပညာတော်သင်နှစ်ဦးဖြစ်သည့် မောင်ထွန်းအောင်၊ မောင်ညွန့်တို့နှင့်အတူ ၁၃ မတ် ၁၈၅၉ ခုနှစ်တွင် မန္တလေးမှ စတင်ထွက်ခွာသွားပါသည်။ တစ်ဖန် ရန်ကုန်မှ "ဘားမား" အမည်ရှိ သင်္ဘောဖြင့် ကာလကတ္တားသို့ ခရီးဆက်ကြရ၏။ အီတလီလူမျိုး အန်ဒရေနိုဆိုသူက မောင်ရွှေအိုးတို့သုံးဦးကို အိန္ဒိယနိုင်ငံအရောက် လိုက်ပို့သည်။ ကာလကတ္တားတွင် ဝမ်းရောဂါဖြစ်နေ၍ ကြာရှည်မနေတော့ဘဲ "နီမိစစ်" သင်္ဘောဖြင့် ခရီးဆက်ကြရပြန်သည်။ မောင်ရွှေအိုးတို့သည် မဒရပ်၊ သီဟို (သီရိလင်္ကာ)၊ မော်လဒိုက်၊ အေဒင်၊ ပင်လယ်နီတို့ကိုဖြတ်၍ စူးအက်မြို့သို့ ရောက်ရှိကြ၏။ ထိုမှထုစ်ဆင့် ကိုင်ရိုမီးရထားဖြင့်သွားပြီး တစ်ဖန် စီယာမ္ပိုက်သင်္ဘောဖြင့် မာဆေးမြို့သို့ ၃၀ ဇူလိုင် ၁၈၅၉ ခုနှစ်တွင် ရောက်ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်နိုင်ငံရောက်တော့ မောင်ရွှေအိုးတို့ ဆာဆေးအိမ်၌ပင် ဘည်းခိုကာ အင်္ဂလိပ်စာပါမောက္ခ ဂွန်ဆင်ထံတွင် ပြင်သစ်ဘာသာ ဦးစွာ သင်ယူကြရသည်။ ထို့နောက် ပဲရစ်မြို့၊ ပန်သီယန်သိပ္ပံကျောင်းသို့ မောင်ရွှေအိုး တက်ရောက်ခွင့်ရရှိခဲ့သည်။ ထို၌ သင်္ချာ၊ ဓာတုဗေဒ၊ ရူပ ဗေဒနှင့် ပုံစံရေးဆွဲရေးပညာတို့ သင်ယူရသည်။

## ပညာတော်သင်ဘဝ

မောင်ရွှေအိုးသည် ကာလကတ္တားမြို့ ဒိုရေတန်ကောလိပ်၌ အခြေခံပညာကို ကောင်းစွာ သင်ယူခဲ့ရသဖြင့် ပဲရစ်မြို့၊ ပန်သီယန် သိပ္ပံ ကျောင်းမှ သိပ္ပံဘွဲ့ကို ရရှိကာ ပဲရစ်မြို့ရှိ ဗဟိုဝိဇ္ဇာနှင့် ထုတ်လုပ်မှုကျောင်း (L Ecole des Arts et Manufactures, Paris)သို့ တိုက်ရိုက်ဝင်ခွင့် ရရှိခဲ့၏။ ၁၈၆၂ ခုနှစ်တွင် ထိုကျောင်းသို့ ရောက်ရှိသွားပြီးနောက် မောင်ရွှေအိုး ဆာဆေးအိမ်တွင် မနေတော့ပေ။ မောင်ရွှေအိုးသည် သင်းကျောင်း၌ မဟာသိပ္ပံဘွဲ့လွန်သင်တန်းတက်ရောက်ရင်း တစ်ဘက်မှ သည်း မြို့ပြအင်ဂျင်နီယာဘွဲ့ အတွက်ပါ ဆက်လက်ပညာသင်ကြားခဲ့၏။ မြန်မာမင်းနေပြည်တော်မှလည်း မောင်ရွှေအိုးတို့ကို ထောက်ပံ့မှုများ အပြည့်အဝ ပေးခဲ့သည်။

၄ မတ် ၁၈၆၄ ခုနှစ်မှစ၍ ပဲရစ်ရောက် မြန်မာပညာတော်သင် သုံးဦးကို တစ်လလျှင် အင်္ဂလိပ်ဒင်္ဂါး (၈၀၀)ကျဖြင့် ပညာသင်စရိတ် ဒင်္ဂါး (၃၆၀၀) ပို့ပေးခဲ့၏။ မောင်ရွှေအိုးကလည်း ပညာကြိုးစားသင်ယူသည်။ ၂၃ ဇွန် ၁၈၆၅ ခုနှစ်ရက်စွဲပါ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဒရုဝင်ဒလွိစ်က ကွေးမင်းကြီး ဦးကြာဥထံ ပေးစာတွင် ပညာတော်သင်များ၏ တိုးတက်ရေးကို နေ့စဉ် ဂရုပြုဆောင်ရွက်နေပါကြောင်း၊ မောင်ရွှေအိုး တို့လည်း နောင်နှစ်နှစ်ဆက်လက် ပညာသင်ယူခွင့်ပြုပါမည့်အကြောင်း ဖော်ပြထားသည်။ ၁၈၆၆ ခု၊ ဩဂုတ်လထဲတွင် မောင်ရွှေအိုး မြို့ပြ အင်ဂျင်နီယာဘွဲ့ကို ရရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ပြင်သစ်သူဇနီး

မောင်ရွှေအိုးသည် မြို့ပြအင်ဂျင်နီယာဘွဲ့ရရှိစဉ်ကာလအတွင်း ပြင်သစ်သူတစ်ဦးနှင့် အိမ်ထောင်ကျခဲ့၏။ မောင်ရွှေအိုးသည် နေပြည်တော်မှပါသွားသော ကျောက်မျက်ရတနာများကို ထုခွဲရောင်းချကာ ပညာသင်စရိတ်လုပ်ရသည့်အခါလည်း ရှိ၍ ကျောက်ကုန်သည် မုဆိုးမ အမျိုးသမီးကြီး၏သမီးနှင့် အိမ်ထောင်ကျခဲ့သည်ဆိုပါသည်။ လက်ထပ်ဖြစ်ကြရန် ကျောင်းအုပ်ဆရာကြီး ပါဒိုနေကပါ ကမကထပြု စီစဉ်ပေးခဲ့သည်ဆို၏။ ပြင်သစ်သူဇနီး၏အမည်ကို မသိရဘဲ သားတစ်ယောက်လည်း ထွန်းကားခဲ့သည်ဟုဆိုကြသည်။ ၁၈၆၆ ခုနှစ် အိမ်ရှေ့စံ ကနောင်မင်းသားကြီးအား မြင်းကွန်း မြင်းခုန်တိုင် မင်းသားများက လုပ်ကြံလိုက်ကြချိန်တွင် မောင်ရွှေအိုးအား ဆက်လက်ထောက်ပံ့ပေးမည့်သူမရှိတော့သဖြင့် နေပြည်တော်သို့ ပြန်လာခဲ့ရတော့၏။

မောင်ရွှေအိုးသည် ၁၈၆၆ ခု အောက်တိုဘာလတွင် ပြင်သစ်သူဇနီးနှင့် သားတို့အား ထားရစ်ကာ မြန်မာနိုင်ငံသို့ ပြန်လာခဲ့ရလေသည်။ ထိုနှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်သို့ ပြန်လည်ရောက်ရှိပြီး ၁၈၆၇ ခုနှစ် နှစ်ဦးပိုင်းလောက်တွင် ရတနာပုံနေပြည်တော်သို့ ပြန်လည် ရောက်ရှိလာသည်။

## ဖန်ချက်ဝန်ရာထူး

မောင်ရွှေအိုးသည် နိုင်ငံခြားမှ ရတနာပုံနေပြည်တော်သို့ ပြန်လည် ရောက်ရှိလာခဲ့ပြီးနောက် ယောမြို့စား မင်းကြီး ဦးဖိုးလှိုင်လက်အောက်တွင် စာရေးကော်ကြီးရာထူးဖြင့် အမှုထမ်းရွက်ရ၏။ မကြာမီ ပညာတော်သင်တို့၏ အစဉ်အလာအတိုင်း စာတမ်းဆက်သွင်းခဲ့ရလေရာ မောင်ရွှေအိုးအနေဖြင့် "ဩသဓ ရတနာကရ" ခေါ် ဖန်ချက်ပညာရပ်ဆိုင်ရာကျမ်းကို တင်သွင်းခဲ့လေသည်။ (ယင်းစာတမ်းကို နောင်ပိုင်းတွင် ရတနာပုံနေပြည်တော် ပုံနှိပ်တိုက်မှ ရိုက်နှိပ် ထုတ်ဝေခဲ့သည်ဆိုပါသည်)။



www.burmeseclassic.com

www.burmeseclassic.com



မောင်ရွှေအိုး၏ ဖန်ချက်ပညာရပ်ဆိုင်ရာစာတမ်းကြောင့်ပင် ဖန်ချက်ဝန်ရာထူးခန့်အပ်ခံရခြင်းဖြစ်ဟန်တူပါသည်။ မောင်ရွှေအိုး၏ မင်းပေးဘွဲ့မည်မှာ မင်းထင်ပညာသိဒ္ဓိကျော်ခေါင်ဖြစ်သည်။ ဖန်ချက်ဝန်ရာထူးသည် သံချက်ဝန်၊ စက်ဝန်စသည့် ရာထူးများကဲ့သို့ ကုန်းဘောင်ခေတ်ဦးနှင့် ခေတ်လယ်ကာလက မရှိခဲ့ဖူးဘဲ မင်းတုန်းမင်းလက်ထက် စက်ရုံအလုပ်ရုံများ ပေါ်ပေါက်လာသောအခါမှသာလျှင် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။ ရတနာပုံခေတ်က ဖန်ချက်စက်ရုံသည် မန္တလေးမြို့ အနောက်ပြင် အာဠဝတီလမ်း၊ သဃင်္ချိုင်းတော်အနီး၌ တည်ရှိပါသည်။ မောင်ရွှေအိုး ဖန်ချက်ဝန်အဖြစ် အမှုထမ်းစဉ်အတွင်း ဖန်ချက်အတတ်ပညာရပ်ဆိုင်ရာ သင်တန်းများကိုလည်း ပို့ချခဲ့သည် ဆိုပါသည်။

## တိုင်တားမင်းကြီးသားမက်

မောင်ရွှေအိုးသည် ပြင်သစ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာပြီး ဖန်ချက်ဝန်ရာထူးဖြင့် အမှုထမ်းစဉ်တွင် ပေါက်မြိုင်မြို့စား ဦးလှဘူး၏ အညီမှုဖြင့် တိုင်တားမင်းကြီး ဦးဖိုး၏သမီး မခင်တုတ် (နန္ဒာဒေဝီ) နှင့် လက်ဆက်ခဲ့သည်။ မောင်ရွှေအိုးနှင့် မခင်တုတ်တို့မှ သားသမီး (၅)ဦး ထွန်းကားခဲ့၏။ ခင်မောင်ကြီး၊ ခင်လတ်ကြီး၊ ခင်ခင်လေး၊ ခင်မောင်လေးနှင့် ခင်ခင်ငယ်တို့ဖြစ်ကြသည်။ သားအကြီးဆုံး ခင်မောင်ကြီးကို မန္တလေးမြို့၊ ဟော်ကုန်းရပ်၌ ၁၈၇၃ ခုနှစ်ခန့်က ဖွားမြင်ခဲ့သည်။ သူသည် အသက်၂၃ နှစ်အရွယ်တွင် FA စာမေးပွဲအောင်မြင်ကာ နောက်ပိုင်း ဘုမ်းမရှုးသတင်းစာ အယ်ဒီတာချုပ်ဖြစ်လာခဲ့၏။

မောင်ရွှေအိုး၏ ဒုတိယသမီး ခင်လတ်ကြီးမှာ အိမ်ထောင်မရှိဘဲ ငယ်ချိန်ခေတ်ကာလက မေမြို့တွင် ဆုံးပါးသွားခဲ့သည်။ အသက်အငယ်ဆုံး ခင်ခင်ငယ်မှာမူ အသက် (၁၃)နှစ်အရွယ်ကပင် ဆုံးပါးသွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



## ဘာသာပြန်ဓာတုဗေဒကျမ်း

မောင်ရွှေအိုးသည် ယောမင်းကြီး ဦးဖိုးလှိုင်လက်အောက်၌ ဖန်ချက်ဝန်ရာထူးဖြင့် အမှုထမ်းရွက်စဉ်အတွင်း ဓာတုဗေဒဘာသာရပ်ဆိုင်ရာ ကျမ်းတစ်ကျမ်းကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့၏။ ယင်းကျမ်းမှာ ပြင်သစ်ပညာရှင် အင်ဒရီမာရီအမ်ပဲရာ (Amdre Marie Anpere) ရေးသားပြုစုသည့် ကင်မစ္စတြီ (Chemistry) ကျမ်းဖြစ်၏။ ဤကျမ်းသည် သာမန် ဘာသာပြန်ကျမ်းတစ်ကျမ်းမျှ သာမကဘဲ သိပ္ပံပညာရှင်အသီးသီး၏ ယူဆချက်၊ မောင်ရွှေအိုးကိုယ်တိုင် လေ့လာတွေ့ရှိချက်များဖြင့် ပေါင်းစပ်ဖြည့်စွက်ပြုစုထားခြင်းဖြစ်ပါသည်။

မောင်ရွှေအိုးသည် ဤကျမ်းကို ယောအတွင်းဝန်မင်းဦးဖိုးလှိုင်နှင့် ညှိနှိုင်းတိုင်ပင်ကာ ရေးသားပြုစုခဲ့ခြင်းဖြစ်ပြီး ၂၂ ဇူလိုင် ၁၈၆၈ ခုနှစ်၌ လက်စသတ်ခဲ့၏။ ထူးခြားချက်တစ်ရပ်မှာ ဤကျမ်းတွင် ဓာတ်များ ပေါင်းစပ်ခြင်း၊ ကွဲထွက်ခြင်း၊ ဓာတ်အတွင်းရှိ အဏုမြူတို့၏ ဆွဲငင်မှု တွန်းကန်မှု စသည့် အခြေခံသီအိုရီများ၊ အပူနှင့် ပြဒါးတိုင်အခြေခံ လျှပ်စစ်ဓာတ်၊ ဘက်ထရီ၊ အလင်း၏အခြေခံနှင့်သဘောသဘာဝ စသည်ဖြင့် ရူပဗေဒ၊ လျှပ်စစ်ပညာတို့ကိုပါ ဖော်ပြထားသော မြန်မာ့ သိပ္ပံကျမ်းဖြစ်နေခြင်းဖြစ်ပါသည်။

## ဥရောပသွားသံအဖွဲ့

ဦးရွှေအိုးသည် ၁၅ ဇန်နဝါရီ ၁၈၇၂ ခုနှစ်တွင် မဟာမင်းကျော်ရာဇာဘွဲ့ဖြင့် ဝန်ထောက်ရာထူး တိုးမြှင့်ခန့်အပ်ခံခဲ့ရ၏။ ထို့နောက် ကင်းဝန်မင်းကြီးဦးကောင်း၏သံအဖွဲ့တွင် မောင်ရွှေပင်နှင့်အတူ သံလက်ထောက် အဖြစ်လိုက်ပါရသည်။ ဦးရွှေအိုးတို့အဖွဲ့သည် ၁၈ ဖေဖော်ဝါရီ ၁၈၇၂ ခုနှစ်တွင် မန္တလေးမှ စကြာယာဉ်မွန်သင်္ဘောဖြင့် စတင်ထွက်ခွာပြီး မတ်လ (၁၃)ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိကြ၏။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com



မတ်လ (၂၄)ရက်နေ့တွင် ရန်ကုန်မှ တနင်္သာရီသင်္ဘောဖြင့် ဥရောပသို့ ထွက်ခွာသွားကြသည်။

မြန်မာသံအဖွဲ့တွင် နိုင်ငံခြား အတွေ့အကြုံရှိသူ ဦးရွှေအိုးကပင် အစစအရာရာ ဦးဆောင်ခဲ့ရသည်ဟု မှန်းဆရ၏။ ဦးရွှေအိုးတို့သည် ဆူးအက်တူးမြောင်းကိုဖြတ်ကာ တူရင်မြို့၊ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့များသို့ သွားရောက်ခဲ့ကြ၏။ အပြန်တွင် ပြင်သစ်နိုင်ငံသို့ ဝင်ရောက်ကာ ၂၄ ဇန်နဝါရီ ၁၈၇၃ ခုနှစ်တွင် ပြင်သစ် မြန်မာ ကူးသန်းရောင်းဝယ်ရေး စာချုပ်ကိုပါ ချုပ်ဆိုခဲ့ကြသည်။ ဦးရွှေအိုးတို့အဖွဲ့ ၁၃ ဧပြီ ၁၈၇၃ ခုနှစ်တွင် ရန်ကုန်ပြန်ရောက်ကြပြီး ထိုမှတစ်ဆင့် နေပြည်တော်သို့ ပြန်ခဲ့ကြသည်။ ဤခရီးတို့ကို မင်းတုန်းမင်းက ကျေနပ်နှစ်သိမ့်မှုမရှိသည့်အတွက် ဥရောပမှ အပြန်တွင် ဦးရွှေအိုးနှင့် ဦးရွှေပင်တို့ ရာထူးချထားခံခဲ့ရ၏။

## ကျောက်မြောင်းအတွင်းဝန်

၂ အောက်တိုဘာ ၁၈၇၉ ခုနှစ်တွင် သီပေါမင်း နန်းတက်လာပြီးနောက် ၁၈၈၀ ပြည့်နှစ်၌ ဦးရွှေအိုးအား မင်းကြီး သီရိမဟာ ဇေယျနန္ဒကျော်ထင်ဘွဲ့ဖြင့် ကျောက်မြောင်းမြို့စား အတွင်းဝန်ရာထူးခန့်အပ်သိုက်သည်။ ဦးရွှေအိုးသည် ကျောက်မြောင်း အတွင်းဝန်ရာထူးဖြင့် အမှုထမ်းရွက်စဉ်အတွင်း ၂ ဧပြီ ၁၈၈၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဆင်းမလားမြို့သို့ မြန်မာသံအဖွဲ့ကို ဦးဆောင်ကာ သွားရောက်ခဲ့ရ၏။ ဦးရွှေအိုးတို့အဖွဲ့သည် ဧပြီလ (၃၀)ရက်နေ့တွင် ဆင်းမလားသို့ ရောက်ရှိခဲ့ကြသည်။ ဦးရွှေအိုးသည် အိန္ဒိယ၌ ကုန်သွယ်ရေးစာချုပ်မူကြမ်းကို ချုပ်ဆိုကာ ပြန်လာခဲ့ရာ မန္တလေးသို့ ၃၁ စက်တင်ဘာ ၁၈၈၂ ခုနှစ်တွင် ရောက်ရှိကြ၏။

ဦးရွှေအိုးသည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာပြီးနောက် ၁၁ ဇူလိုင် ၁၈၈၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် မြန်မာရာဇဝင် ပြုစုရေး အဖွဲ့၌လည်းအဖွဲ့ဝင်တစ်ဦးအဖြစ်ပါဝင်ခဲ့၏။ ဦးရွှေအိုး၏ ကျောက်မြောင်း



www.burmeseclassic.com

www.burmeseclassic.com



အတွင်းဝန်ဘဝ နောက်ဆုံးစွမ်းဆောင်ချက်မှာ ၂၅ နိုဝင်ဘာ ၁၈၈၅ ခုနှစ်တွင် ကင်းဝန်မင်းကြီး၊ တိုင်တားမင်းကြီးတို့နှင့်အတူ စစ်ပြေငြိမ်း စာချုန်ကို ညဉ့်လုံးပေါက် ပြုစုကာ နောက်တစ်နေ့နံနက်၌ ရွှာသစ်ကြီး ရောက် အင်္ဂလိပ် သင်္ဘောများထံ ပို့ပေးခဲ့ခြင်းဖြစ်သည်။

## ဘဝနိဂုံး

ဦးရွှေအိုးသည် သီပေါမင်းပါတော်မူပြီးနောက် ပင်စင်လစာ ၂၀၀ ကျပ်ဖြင့် မန္တလေးမြို့၌ ဆက်လက်နေထိုင်ခဲ့သည်။ နိုင်ငံခြား ပညာတော်သင်ဟောင်းတစ်ဦးပီပီ ပြင်သစ်ဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် လက်တင်ဘာသာများဖြင့် ရေးသားထားသော စာအုပ်များကို အမြဲဖတ်ရှု လေ့ရှိသည်။ အိမ်တွင် စာကြည့်ခန်းကိုလည်း သီးသန့် ထားရှိပါသည်။ ဂီတ ပညာ၌လည်း ဝါသနာထုံသည့်အလျောက် အားလပ်ချိန်တွင် လက်ဆွဲဘာဂျာ တီးမှုတ်ကာ အပန်းဖြေတတ်ပါသေးသည်။

ဦးရွှေအိုးသည် မြို့ပြအင်ဂျင်နီယာဘွဲ့ရတစ်ဦးဖြစ်သည့် အားလျော်စွာ အင်္ဂလိပ်လက်အောက်၌ အမှုမထမ်းဘဲ မိမိ၏ ကိုယ်ပိုင် အလုပ်ဖြင့်သာလျှင် အသက်မွေးဝမ်းကျောင်းပြုခဲ့လေသည်။ သူသည် ရေခဲစက်လုပ်ငန်းကိုလည်း စမ်းသပ်လုပ်ကိုင်ခဲ့၏။ ဦးရွှေအိုးသည် ခေတ်မီသူတစ်ဦးဖြစ်ပြီး ကော်ဖီလည်းသောက်လေ့ရှိပါသည်။ အိမ်သို့ လာရောက် လည်ပတ်သူများအားလည်း ကော်ဖီဖျော်စက်ဖြင့် ဖျော်တိုက် လေ့ရှိသည်။

ဦးရွှေအိုး နောက်ဆုံးနေထိုင်ခဲ့သောအိမ်မှာ မန္တလေးမြို့ ဆေးရုံကြီးအနီးရှိ ဆာဖိုးသာဝင်းဟု ထင်ရှားလာသောနေရာရှိ ပျဉ်ထောင် အိမ်ဖြစ်ပါသည်။ ဦးရွှေအိုးသည် ဘဝနိဂုံးပိုင်းတွင် စာဖတ်ရင်းဖြင့် လည်းကောင်း၊ ကင်းဝန်မင်းကြီးအိမ်သို့ ကြွရောက်လာသော လယ်တီ ဆရာတော်ဘုရားထံ သွားရောက်ဖူးမြော်ကာ တရားဘာဝနာကိုရှု



www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးခြင်းဖြင့်လည်းကောင်း အချိန်ကုန်စေခဲ့သည်။ ထို့နောက် ၂၂ ဒီဇင်ဘာ ၁၉၀၅ ခုနှစ် ည (၁၁)နာရီအချိန်တွင် ကွယ်လွန်အနိစ္စ ရောက်ခဲ့၏။ ကွယ်လွန်စဉ် အသက် (၆၉)နှစ်ရှိပြီဖြစ်ပါသည်။

ပထမဆုံး မြို့ပြအင်ဂျင်နီယာဘွဲ့ရ တစ်ဦးဖြစ်သူ ပညာတော်သင်ဟောင်း ဦးရွှေအိုး၏ ရုပ်ကလာပ်ကို ဒီဇင်ဘာ (၂၉)ရက်နေ့တွင် အာဠဝီ (စီ)လမ်း သင်္ချိုင်းတော်အုတ်ဂူရပ်သို့ ပို့ဆောင်သဂြိုဟ်ခဲ့သည်။ ဒန်ချက်ဝန် ဦးရွှေအိုးမှ ဆင်းသက်လာသော အဆက်အနွယ်များကို ယနေ့တိုင် အထင်အရှား တွေ့နေရဆဲဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# (၆) ပန်းဘဲဝန်ဖြစ်လာသူ ပညာတော်သင် မောင်ထွန်းအောင်

မောင်ထွန်းအောင်သည် ကာလကတ္တားသွား ပထမဆုံး ပညာတော်သင် (၅)ဦးအနက် တစ်ဦးဖြစ်ပြီး ပြင်သစ်နိုင်ငံသို့ ပညာတော်သင် (၃)ဦး ထပ်မံစေလွှတ်ရာ၌လည်း ပါဝင်ခဲ့သူဖြစ်၏။ သူသည် ကိုလိုနီခေတ်ဦးကာလတွင်မှ ကွယ်လွန်ခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။

## ဘဝထုပ္ပတ်

မောင်ထွန်းအောင်ကို ၃ ဧပြီ ၁၈၂၉ ခုနှစ်တွင် မန္တလေးမြို့၌ ဖွားမြင်ပါသည်။ မိဘအမည်ကိုမူ မသိရပေ။ မျိုးရိုးမတ်ရိုးမှ ဆင်းသက်လာသူဟု မှတ်ယူရ၏။ မောင်ထွန်းအောင်သည် ပုဂံမင်းလက်ထက်ကပင် စတင်အမှုထမ်းခဲ့သူဖြစ်သည်။ သူသည် ရာထူးငယ်တစ်ခုဖြင့် အမှုထမ်းရွက်နေရာမှ မင်းတုန်းမင်းလက်ထက်၌ ပညာသိဒ္ဓိကျော်ထင်ဘွဲ့ခံ အတွင်းတော်မြဲရာထူးကို ရရှိလေသည်။ မောင်ထွန်းအောင်သည် ယင်းသို့ အတွင်းတော်မြဲအဖြစ် အမှုထမ်းရွက်နေစဉ်အတွင်း ၁၈၅၇ ခုနှစ်တွင် ဘင်္ဂလားသို့ ပညာတော်သင် စေလွှတ်ရန် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

မောင်ထွန်းအောင်နှင့်အတူ မောင်ရွှေအိုး၊ မောင်ရွှေပင်၊ မောင်ပေါက်ကျိုင်းနှင့် မောင်ညွှန့်တို့ပါ လိုက်ပါခဲ့ကြ၏။ မောင်ထွန်းအောင်သည် ကာလကတ္တားမြို့ ဒိုရေတန်ကောလိပ်၌ အင်္ဂလိပ်ဘာသာအခြေခံကို သင်ကြားလေ့လာခဲ့ပြီးနောက် ၉ ဖေဖော်ဝါရီ ၁၈၅၉ ခုနှစ်တွင် ရတနာပုံနေပြည်တော်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ထို့နောက် တစ်ဖန် ၁၃ မတ် ၁၈၅၉ ခုနှစ်တွင် မောင်ရွှေအိုး၊ မောင်ညွှန့်တို့နှင့်အတူ ပြင်သစ်နိုင်ငံသို့ ပညာတော်သင် သွားရောက်ခဲ့ရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



## ပြင်သစ်ပညာတော်သင်ဘဝ

မောင်ထွန်းအောင်သည် ပြင်သစ်နိုင်ငံ မာဆေးမြို့သို့ ၃၀ ဇူလိုင် ၁၈၅၉ ခုနှစ်တွင် မောင်ရွှေအိုး၊ မောင်ညွှန့်တို့နှင့်အတူ ရောက်ရှိခဲ့၏။ ထို့နောက် ပဲရစ်မြို့ ပန်သီယန်သိပ္ပံကျောင်း၌ ပညာသင်ကြားကြရသည်။ မောင်ထွန်းအောင်က ထို၌ စက်ရုံတည်ဆောက်မှုပညာရပ်များ၊ လက်နက်ခဲယမ်းမီးကျောက် ပြုလုပ်နည်းဆိုင်ရာ ပညာရပ်များကို သင်ယူရ၏။ ထိုစဉ်က ပညာသင်စရိတ် ထောက်ပံ့ငွေကို မြန်မာနိုင်ငံမှပင် ပို့ပေးခဲ့သည်။ မြန်မာအစိုးရသည် ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ မကြာခဏ စာရေး၍ အခြေအနေကို လေ့လာစူးစမ်းနေ၏။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးထံပေးစာတစ်စောင်တွင် -

"ပညာတော်သင်ညွှန့်၊ ငထွန်းအောင်၊ ငရွှေအိုးတို့ မည်သူမှာ မည်သည့်ပညာကို သင်သည်။ မည်သည့်ပညာတတ်သည်။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော နေထွက်ဘုရင်မင်းမြတ် နိုင်ငံတော်သို့ ရောက်လျှင် မည်သည့်အတတ်နှင့် အမှုထမ်းရွက်နိုင်ကြသည်။ စာသင်စရိတ်ပေးသည့် စာရင်းထွက် ဒင်္ဂါး ညွှန့်၊ ငထွန်းအောင်၊ ငရွှေအိုးတို့လက်သို့ ရောက်သည် မရောက်သည်။ ပြင်သစ်နိုင်ငံကို အစိုးရတော်မူသော အင်ပါရာမင်းထံ ပညာသင် လူ ၃ ဦးတို့ ဝင်ထွက်သွားလာရသည့် အကြောင်း စကားများကိုလည်း အမှန်သိလိုပါကြောင်းကို ပြန်ကြားလိုက်သည်"

ဟူ၍ ဖော်ပြထားသည်ကို တွေ့ရ၏။

မောင်ထွန်းအောင်သည် ကျောင်းသင်ပညာရပ်များ ပြီးစီးသော အခါ ပြင်သစ်နိုင်ငံ ဘူဂျေမြို့ (Bouger)၊ ရူဝစ်မြို့ (Rouen)၊ လဟာဗ်သဘော်ဆိပ်မြို့ (Le Harve)၊ စိန်းအေတီးယန်းမြို့ (St. Etiene)၊ လီလ်မြို့ (Lille)၊ လီယွန်မြို့ (Lyon) စသည့် မြို့များ၌ မောင်ညွှန့်နှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



စက်ရုံအလုပ်များတွင် လက်တွေ့ကွင်းဆင်းရသည်။ ယင်းသို့ ပညာသင်နေဆဲကာလ၌ပင် မကွေးမင်းကြီး ဦးကြာဥက မောင်ထွန်းအောင်နှင့် မောင်ညွှန့်တို့အား စက်ပစ္စည်းအချို့ ဝယ်ယူကာ ပြန်လာကြရန် ညွှန်ကြားလိုက်၏။

## ပြည်တော်ပြန်ချိန်

မောင်ထွန်းအောင်သည် မောင်ညွှန့်နှင့်အတူ နေပြည်တော်မှ ပို့လိုက်သော ငွေသုံးသောင်းဖြင့် စက်ပစ္စည်းများဝယ်ယူ၏။ ထို့နောက် ၁၈၆၃ ခုနှစ် ဩဂုတ်လကုန်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်ခဲ့ရသည်။ မကွေးမင်းကြီး၏ ညွှန်ကြားချက်တွင် ရက်ကန်းပညာ၊ ပန်းချီပညာ၊ သံရည်ကျို အတတ်ပညာ၊ သားရေအတတ်ပညာ ကျွမ်းကျင်တတ်မြောက်သူ တစ်ဦးစီကို ငှားရမ်းခေါ်ယူလာရန်လည်း ပါရှိပါသည်။ သို့သော် ကျွမ်းကျင်ပညာရှင်များကိုမူ ပြင်သစ်အစိုးရက ခွင့်မပြုသဖြင့် ခေါ်ဆောင်မလာနိုင်ခဲ့ပေ။

မောင်ထွန်းအောင်တို့ ပြန်လာကြရခြင်းမှာ ပြင်သစ်သို့ ပညာတော်သင် မောင်မြူနှင့် မောင်အောင်သူတို့အား အစားထိုးစေလွှတ်လိုက်၍လည်း ဖြစ်ဟန်တူပါသည်။ တစ်ဖက်ကလည်း အိမ်ရှေ့စံ ကနောင်မင်းသားကြီးအနေဖြင့် ခေတ်မီစက်မှုနိုင်ငံကြီး ကြိုးပမ်းထူထောင်နေချိန်ဖြစ်သဖြင့် စက်ကိရိယာပစ္စည်းများ အချိန်မီ လိုအပ်နေ၍လည်း ဖြစ်ဟန်တူပေသည်။ အမိန့်တော်တစ်ရပ်တွင် -

> "သံကျောက်ကကို သံရည်ကျို၍ သံပြား၊ သံလုံး အလိုရှိရာ လုပ်တတ်သည့် ဆရာ ၁ ကို မြန်မာနိုင်ငံတော်ရွှေဖဝါးတော်အောက်မှာ နေစေလိုသည်ဖြစ်၍ ၎င်းအမှုတတ်သည့် ဆရာကို တစ်လလျှင် လခမည်မျှပေးရမည်၊ လမ်းခရီးစရိတ် မည်မျှပေးရမည်။ ပေးသင့်လခ၊ လမ်းခရီးစရိတ်၊ ကုန်စင်သင့်ငွေ မည်မျှ



www.burmeseclassic.com

www.burmeseclassic.com



များကို စာပြန်ပေးမည့်အကြောင်းနှင့် ပြင်သစ်ဝန်ကြီး ခုအင်ဒေ
လူးအိပ်သို့ စာပေးရမည်။ အမိန့်တော်ရှိသည်ကို"

စသဖြင့် တွေ့ရှိရသည်။

## ပန်းဘဲဝန်ရာထူး

အမိန့်တော်အရ မောင်ထွန်းအောင်နှင့် မောင်ညွန့်တို့ ပြင်သစ်ပြည်မှအပြန် ပညာရှင်များ ခေါ်ဆောင်မလာနိုင်ခဲ့ကြသော်လည်း နေပြည်တော်သို့ ရောက်ရှိသောအခါ စက်ကိရိယာပစ္စည်းများ တပ်ဆင်ခြင်း လုပ်ငန်းကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့ကြသည်။ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ဆဲကာလမှာပင် ၂ ဩဂုတ် ၁၈၆၆ ခုနှစ်၌ အိမ်ရှေ့စံ ကနောင်မင်းသားကြီး လုပ်ကြံခံရ၏။ မောင်ထွန်းအောင်တို့အဖို့ မိမိတို့ အားကိုးအားထားပြုရာ အိမ်ရှေ့ဥပရာဇာ ကျဆုံးသွားသဖြင့် များစွာ စိတ်ထိခိုက်ခဲ့ရသည်။ သို့သော် ဇွဲလုံ့လကိုတော့ မလျှော့ကြ။

မောင်ထွန်းအောင်၏ ကြိုးပမ်းအားထုတ်မှုများကြောင့်ပင် ၁၈၆၆ ခုနှစ် နှစ်ကုန်ပိုင်းလောက်တွင် သူ့အား မဟာမင်းခေါင်ပညာသိဒ္ဓိ ကျော်ထင်ဘွဲ့ဖြင့် ပန်းဘဲဝန်ရာထူး ခန့်အပ်လိုက်လေသည်။ တစ်ချိန်က ပညာသိဒ္ဓိကျော်ထင်ဘွဲ့ခံ အတွင်းတော်မြဲ မောင်ထွန်းအောင်မှာ ယခုအခါ ပန်းဘဲဝန်အဖြစ် အမှုတော်ထမ်းရွက်နေရပြီဖြစ်၏။

## မောင်ထွန်းအောင်ကို ဆက်ခံသူ

မောင်ထွန်းအောင်သည် ပန်းဘဲဝန်ရာထူးဖြင့် ရတနာပုံခေတ်တစ်လျှောက် အမှုထမ်းရွက်ခဲ့ရဟန်မတူပေ။ မင်းတုန်းမင်းလက်ထက်တွင် မဟာမင်းခေါင်ပညာသိဒ္ဓိကျော်ထင်ဘွဲ့ခံ ပန်းဘဲဝန်တစ်ဦးဖြစ်သော်လည်း ၁၈၇၉ ခုနှစ် သီပေါမင်းနန်းတက်လာသောအခါ ရာထူးကျခဲ့ဟန်ရှိပါသည်။ ဦးထွန်းအောင်သည် မင်းတုန်းမင်းလက်ထက် ပန်းဘဲဝန်ရာထူးဖြင့် အမှုထမ်းရွက်နေစဉ်အတွင်း ၁၂ ရှစ် ၁၈၇၂ ခုနှစ်တွင်



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ကုန်သည် နေသီရိနော်ရထာဘွဲ့ခံ ဒေါ်ဆင် ဆက်သသည့် မြန်နန်းယဉ်သာမီးသဘော်အား မန္တလေးမှ မြင်းမူအထိ စမ်းသပ်ခုတ်မောင်းရာတွင် လိုက်ပါစီးနင်း စစ်ဆေးခဲ့ရသည်ကို တွေ့ရှိရ၏။

ဦးထွန်းအောင်၏ ပန်းဘဲဝန်ရာထူးကို ဆက်ခံခဲ့သူကား ဦးဇာနီ ဖြစ်သည်ဟု မှတ်ယူရပါသည်။ ပန်းဘဲဝန်ဟောင်း ဦးဇာနီသည်လည်း ၁၈၉၂ ခုနှစ်အထိ သက်ရှိထင်ရှားရှိနေသေးကြောင်း ဝက်မစွတ် ဝန်ထောက် ဦးလတ်၏ နေ့စဉ်မှတ်တမ်းအရ သိရှိရလေသည်။

## ဘဝနိဂုံး

ပန်းဘဲဝန်ဟောင်း ဦးထွန်းအောင်၏ မိသားစုရေးရာနှင့် ပတ်သက်၍ မသိရပါ။ ဦးထွန်းအောင်သည် သီပေါမင်းပါတော်မူပြီး နောက်ပိုင်းတွင် မန္တလေးမြို့ အနောက်ပြင်၊ ညောင်ပင်ဈေးမြောက်ဘက် မေယာဂီရိရပ်၌ နေထိုင်ခဲ့ကြောင်း သိရှိရပါသည်။ ၁၂ ဇွန် ၁၉၁၃ ခုနှစ်တွင် အသက် (၈၄) နှစ်အရွယ်ရှိ ပန်းဘဲဝန်ဟောင်း ဦးထွန်းအောင် ကွယ်လွန်သွားပါသည်။ သူ၏ရုပ်ကလာပ်ကို မန္တလေး ခံကုန်းသချိုင်း၌ မြှုပ်နှံသင်္ဂြိုဟ်ခဲ့၏။

ဤတွင် ဦးထွန်းအောင်အား သီပေါမင်းလက်ထက်တွင် ရာထူးမှ ဖယ်ရှားခံခဲ့ရခြင်းအတွက် တွေးတောစရာ တစ်ချက်ရှိပါသည်။ ဦးထွန်းအောင်သည် ၁၈၂၉ ခုနှစ် ဘကြီးတော်လက်ထက်တွင် ဖွားမြင်သူဖြစ်ရာ သီပေါမင်းလက်ထက်တွင် အသက်အရွယ်ကြီးရင့်နေပြီဖြစ်၏။ ထို့ကြောင့်လည်း ဦးထွန်းအောင်အား ရာထူးမှ ဖယ်ရှားခဲ့ခြင်း ဖြစ်လေလိမ့်မည်။ ပန်းဘဲဝန် ဦးထွန်းအောင်နှင့် ပတ်သက်၍ သချိုင်းကမ္ပည်းစာကို တွေ့ရှိရရာမှ မွေးနေ့နှင့် ကွယ်လွန်ရက်စွဲများကို သိရှိလာရခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# (၇) သံချက်ဝန်ဖြစ်လာသည့် မောင်ညွှန့်

## ကာလကတ္တားမှ ပြင်သစ်သို့

မောင်ညွှန့်က မှူးရိုးမတ်ရိုးမှ ဆင်းသက်ပေါက်ဖွားလာသူဖြစ်၏။ နန်းတွင်း၌ အတွင်းတော်မြဲအဖြစ် အမှုတော်ထမ်းရွက်စဉ် ၁၈၅၇ ခုနှစ် နှစ်လယ်ပိုင်းတွင် မောင်ရွှေအိုး၊ မောင်ရွှေပင်၊ မောင်ပေါက်ကျိုင်း၊ မောင်ထွန်းအောင်တို့နှင့်အတူ ကာလကတ္တားသို့ ပညာတော်သင် စေလွှတ်ခံခဲ့ရသူဖြစ်သည်။ မောင်ညွှန့်သည် ဒိုရေတန်ကောလိပ်၌ အင်္ဂလိပ်ဘာသာနှင့် သိပ္ပံပညာရပ်များကို ဆည်းပူးလေ့လာခဲ့ပြီး ၁ ဖေဖော်ဝါရီ ၁၈၅၉ ခုနှစ်တွင် နေပြည်တော်သို့ ပြန်လည် ရောက်ရှိခဲ့သည်။ ပညာတော်သင်များ အပြန်တွင် စာတမ်းအချို့ ဆက်သွင်းခဲ့ကြရာ၌ မောင်ညွှန့်အနေဖြင့် စာတမ်းဆက်သွင်းခဲ့နိုင်ဟန်မတူပေ။

၁၃ မတ် ၁၈၅၉ ခုနှစ်တွင် မောင်ညွှန့်၊ မောင်ရွှေအိုးနှင့် မောင်ထွန်းအောင်တို့ ပြင်သစ်နိုင်ငံသို့ သွားရောက်ကြရသည်။ မန္တလေးမှ ထွက်ခွာလာကြပြီးနောက် မောင်ညွှန့်တို့ ၅ မေ ၁၈၅၉ ခုနှစ်တွင် ရန်ကုန်သို့ ရောက်ရှိကြ၏။ ထို့နောက် ဘားမားအမည်ရှိ ပင်လယ်ကူးသင်္ဘောဖြင့် စစ်တွေကိုဖြတ်ကာ ကာလကတ္တားသို့ သွားရောက်ကြသည်။ ထို့နောက် ဇွန်လ (၂၃)ရက်နေ့တွင် ကာလကတ္တားမှ စူးအက်သို့ ထွက်ခွာကြ၏။ စူးအက်တွင် မီးရထားပြောင်းစီးကာ ကိုင်ရိုသို့ သွားကြသည်။ ၎င်းနောက် ပြင်သစ်သို့ ခရီးဆက်ကြရာ ပဲရစ်မြို့သို့ ရောက်ရှိခဲ့ကြ၏။

## ပညာတော်သင်ဘဝ

ပြင်သစ်တွင် မောင်ညွှန့်နှင့် မောင်ထွန်းအောင်တို့ ဆာဆေးဒ်တွင် ပြင်သစ်ဘာသာစကားကို လေ့လာကာ စက်ရုံတည်ဆောက်ခြင်း၊ ဘက်နက်ခဲယမ်းမီးကျောက် ပြုလုပ်ခြင်း စသည့် ပညာရပ်များကိုသင်ယူကြရသည်။ မောင်ညွှန့်ကို ပြင်သစ်တို့က မောင်ကလေးဟုသည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းအောင်ကို မောင်ကြီးဟုလည်းကောင်း ခေါ်ဆိုကြလေသည်။ မြန်မာဘုရင်က မောင်ညွှန့်တို့အား လစဉ် ဒင်္ဂါး (၂၀၀) ကျပ် ထောက်ပံ့ပေးပါသည်။ ထို့ပြင် ပညာသင်စရိတ်ကိုလည်း သီးခြားပေးအပ်သေး၏။

မောင်ညွှန့်တို့ အပတ်တကုတ် ကြိုးစားသင်ယူလေ့လာနေကြစဉ်တွင် ၁၈၆၃ ခုနှစ်နှောင်းပိုင်း၌ နေပြည်တော်မှ မောင်ညွှန့်နှင့် မောင်ထွန်းအောင်တို့အား နေပြည်တော်သို့ ပြန်လည်ခေါ်ယူပါသည်။ ထိုနှစ် ဩဂုတ်လကုန်ပိုင်းတွင် မောင်ညွှန့်တို့နှစ်ဦး ပြင်သစ်နိုင်ငံမှ ပြန်လည်ထွက်ခွာလာခဲ့ကြ၏။ ယင်းသို့ ပြန်လည်ခေါ်ယူခြင်းမှာ ပြင်သစ်သို့ အောင်သူနှင့် မောင်မြူတို့အား ပညာတော်သင်အဖြစ် ထပ်မံစေလွှတ်လိုက်သောကြောင့် ဖြစ်လေသည်။

## သံချက်ဝန်ရာထူး

မောင်ညွှန့်သည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာပြီးနောက် ဝယ်ယူလာခဲ့သည့် စက်ကိရိယာများကို စနစ်တကျ တပ်ဆင်ပါသည်။ အိမ်ရှေ့စံကနောင်မင်းသားကြီးကလည်း စက်တပ်ဆင်ရေးလုပ်ငန်းများကို မျက်ခြေမပြတ် လာရောက်ကြည့်ရှုပါသည်။ ထိုအတောအတွင်း ၂ ဩဂုတ် ၁၈၆၆ ခုနှစ်တွင် အိမ်ရှေ့စံကနောင်မင်းသားကြီးကျဆုံးသွား၏။ မောင်ညွှန့်အနေဖြင့် မိမိအား ပညာတော်သင်စေလွှတ်ခဲ့သူ အရှင်သခင် ကနောင်မင်းသားကြီး ရုတ်တရက် ကွယ်လွန်သွားသောအခါ ယူကျုံးမရ ဖြစ်ခဲ့ရ၏။ သို့သော် ဇွဲလုံ့လဝီရိယကိုတော့ မလျှော့။

၁၈၆၇ ခုနှစ် မတ်လတွင် မောင်ညွှန့်၊ မောင်ရွှေပင်နှင့် မောင်ထွန်းအောင်တို့ ပြင်သစ်သို့ စက်ပစ္စည်းသစ်များ ဝယ်ယူရန် အမိန့်တော်ဖြင့် ထွက်ခွာရပြန်၏။ သို့သော် မောင်ညွှန့်တို့အဖွဲ့ကို ဗြိတိသျှတို့က ပြင်သစ်သို့ စစ်လက်နက်ပစ္စည်းများ သွားဝယ်ယူခြင်းဖြစ်မည်ဟု သင်္ကာမကင်းဖြစ်ကာ ရန်ကုန်မှ ဟန့်တားခဲ့သဖြင့် မသွားဖြစ်တော့ပေ။ ၁၈၆၉ ခုနှစ်တွင် မောင်ညွှန့်ကို ပညာသိဒ္ဓိကျော်သူဘွဲ့ဖြင့် သံချက်ဝန်



www.burmeseclassic.com

www.burmeseclassic.com



ရာထူး ခန့်အပ်လိုက်ပါသည်။ သံချက်ဝန်၏တာဝန်မှာ နေပြည်တော်ရှိ သံချက်စက်ရုံကို ကြီးကြပ်ရန်ဖြစ်၏။ ထိုစဉ်က သံချက်စက်ရုံတွင် စက်ရုံခွဲ (၅)ခုရှိပြီး တန်ချိန် (၆၀)ရှိ အကြီးဆုံးတူစက်ကြီး တစ်လုံးအပါအဝင် စက်ကိရိယာအစုံအလင် တပ်ဆင်ထားရှိပေသည်။

## ရွှေတိဂုံစေတီ ထီးတော်တင်အဖွဲ့

ရွှေတိဂုံစေတီတော်ရှိ ထီးတော်မှာ ကုန်းဘောင်ခေတ်ဦးကာလ မြေဒူးမင်း (ဆင်ဖြူရှင်) လက်ထက်က ထီးတော်ဖြစ်၍ ဟောင်းနွမ်းနေပြီ ဖြစ်သဖြင့် အသစ်တင်လှူရန် ၁၁ နိုဝင်ဘာ ၁၈၆၉ ခုနှစ်၌ ဘုန်းတော်ကြီး ဦးပြားနှင့် ရဟန်းရှင်လူတို့ ဆုံးဖြတ်ခဲ့ကြ၏။ အထက်မြန်မာနိုင်ငံရှိ မင်းတုန်းမင်းတရားထံသို့လည်း ကိုယ်စားလှယ် ဦးထွန်းအောင်ဆိုသူကို စေလွှတ်အကြောင်းကြားခဲ့သည်။ ထိုအခါ မင်းတုန်းမင်းက ထီးတော် လှူဒါန်းရန် ဆန္ဒရှိသည့်အလျောက် သံချက်ဝန် ဦးညွန့်အား ၂၆ ဒီဇင်ဘာ ၁၈၆၉ ခုနှစ်တွင် ထီးတော်သစ် ပြုလုပ်ရန် မိန့်ကြားခဲ့၏။

သံချက်ဝန်ဦးညွန့်သည် ထီးတော်ကို ရတနာပုံသံချက်စက်ရုံ၌ စီစဉ်ပြုလုပ်ခဲ့ရာ ၂ အောက်တိုဘာ ၁၈၇၁ ခုနှစ်တွင် ပြီးစီးပါသည်။ ထို့နောက် ပုပ္ပားဝန်ထောက် ဦးမှုံ ဦးဆောင်လျက် ထီးတော်ကို ရန်ကုန်သို့ ပင့်ဆောင်ပါသည်။ သံချက်ဝန်ပညာသိဒ္ဓိကျော်သူဘွဲ့ခံ ဦးညွန့်သည်လည်း ရန်ကုန်သို့ လိုက်ပါခဲ့ရ၏။ စုစုပေါင်း အရာရှိ (၉)ဦး လိုက်ပါကြပြီး ရေနန်း ကြောသင်္ဘောဖြင့် သယ်ဆောင်ကြခြင်းဖြစ်သည်။ အောက်တိုဘာလ (၁)ရက်နေ့တွင် သံချက်ဝန် ဦးညွန့်တို့အဖွဲ့ စတင်ထွက်ခဲ့ကြရာ အောက်တိုဘာလ (၂၂)ရက်နေ့၌ ရန်ကုန်သို့ ရောက်ကြသည်။ နိုဝင်ဘာ (၂၁)ရက်နေ့တွင် ထီးတော်ကို အောင်မြင်စွာ တင်လှူနိုင်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



## သင်္ဘောစမ်းသပ်ခုတ်မောင်းခြင်း

သံချက်ဝန်ဦးညွန့်သည် ပြင်သစ်နိုင်ငံတွင် စက်မှုလက်မှုပညာရပ်များကို စနစ်တကျ သင်ယူခဲ့ရသည့်နည်းတူ ရန်ကုန်ထီးတော်တင် ခရီးမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာပြီးနောက် သင်္ဘောတစ်စင်း စမ်းသပ်ခုတ်မောင်းရေးတာဝန်ကို ယူခဲ့ရ၏။ ၁၈၇၂ ခုနှစ် ဇွန်လတွင် အင်္ဂလိပ်ကုန်သည် မနေသီရိနေ့်ရထာဘွဲ့ခံ ဒေါ်ဆင် ဆက်သသည့် မြနန်းယဉ်သာသင်္ဘောကို မန္တလေးမှ မြင်းမူအထိ စမ်းသပ်ခုတ်မောင်းပေးခဲ့ရသည်။ ထိုစဉ်က ဦးညွန့်သည် ပန်းဘဲဝန်ဦးထွန်းအောင်နှင့်အတူ ပူးတွဲတာဝန်ယူခဲ့ရခြင်းဖြစ်၏။

## ဘာဝနိဂုံး

ဦးညွန့်သည် မင်းတုန်းမင်းလက်ထက် နှောင်းပိုင်းကာလတွင် သံချက်ဝန်ရာထူးမှ စွန့်လွှတ်ခဲ့ရ၏။ သူ၏ရာထူးကို ဦးမြူက ဆက်ခံခဲ့ပါသည်။ ဦးညွန့်အနေဖြင့် ၁၈၇၈ ခုနှစ်ခန့်တွင် သံချက်ဝန်ရာထူးကို စွန့်လွှတ်ခဲ့ရသည်ဟု မှတ်ယူရပါသည်။ သံချက်ဝန်ဦးညွန့် မည်သည့်အချိန်၌ ကွယ်လွန်ခဲ့သည်ကိုမူ အမှတ်အသား မတွေ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



# (ဂ) ပြင်သစ်နိုင်ငံရောက် မောင်အောင်သူ

မောင်အောင်သူသည် ပြင်သစ်နိုင်ငံသို့ ဒုတိယအသုတ် စေလွှတ်ခံရသူ ပညာတော်သင်တစ်ဦးဖြစ်ပါသည်။ သူသည် မောင်မြူနှင့်အတူ ပြင်သစ်နိုင်ငံသို့ ရောက်ရှိခဲ့ခြင်းဖြစ်၏။

## ဘဝထုပ္ပတ်

မောင်အောင်သူကို ၁၈၄၃ ခုနှစ်ခန့်တွင် မှူးမတ်မျိုးရိုးမှ ဖွားမြင်သည်ဟု မှန်းဆရပါသည်။ သူသည် ငယ်ရွယ်စဉ်ကပင် နန်းတွင်း၌ လက်ဖက်ရည်တော်အဖြစ်၊ အမှုထမ်းခဲ့ရ၏။ မောင်အောင်သူ၏ ငယ်ရွယ်စဉ်ဘဝအကြောင်းကို မသိရသေးပါ။ သူသည် ဉာဏ်ရည် ထက်မြက်သူဖြစ်ပြီး ရတနာပုံနန်းတွင်း၌ရှိစဉ်က နိုင်ငံခြားဘာသာစကား များကို တီးမိခေါက်မိ ရှိဟန်တူပါသည်။

## ပညာတော်သင်ဘဝ

မောင်အောင်သူသည် လက်ဖက်ရည်တော်ရာထူးဖြင့် အမှုထမ်း နေရာမှ ၁၈၆၂ ခုနှစ် ဒီဇင်ဘာလတွင် သူကဲ့သို့သော လက်ဖက် ရည်တော်တစ်ဦးဖြစ်သူ မောင်မြူ (နောင်သံချက်ဝန်) နှင့်အတူ ပြင်သစ် နိုင်ငံသို့ သွားရောက်ကြရ၏။ မကွေးမင်းကြီး၏ ဒီဇင်ဘာလ (၁၃)ရက်နေ့ ရေးသွင်းပါစာနှင့် ပြင်သစ်တွင် ကြိုတင်ရောက်ရှိနေကြသော ပညာတော်သင် သုံးဦးတို့ သုံးစွဲရန် ငွေလွှဲစာများကို မောင်အောင်သူနှင့် မောင်မြူတို့ ယူဆောင်သွားရ၏။

မောင်အောင်သူသည် ၁၈၆၃ ခုနှစ် မေလနောက်ပိုင်းတွင် ဗဟို အနုပညာနှင့် ထုတ်လုပ်မှုကျောင်း (L' Ecoledes Arts et Manufacture)၌ ပညာသင်ကြားခွင့် ရရှိခဲ့သည်။ ထို့နောက် ၁၈၆၅ ခုနှစ် အောက်တိုဘာလ တွင် စိန့်စီ (Saint Cyr) တက္ကသိုလ်ဝင်ခွင့်ရရှိကာ စစ်ပညာသင်ကြား ခဲ့သည်။ ၎င်းအတောအတွင်းတွင် ၂ ဩဂုတ် ၁၈၆၆ ခုနှစ်တွင် အိမ်ရှေ့စံ



www.burmeseclassic.com

www.burmeseclassic.com



တနောင်မင်းသားကြီး ကျဆုံးသွားပါသည်။ သို့ဖြင့် ၁၈၆၆ ခုနှစ် အောက်တိုဘာလအတွင်း၌ မောင်အောင်သူ မြန်မာနိုင်ငံသို့ပြန်လာခဲ့ရာ ၁၈၆၇ ခုနှစ် ဇန်နဝါရီလအတွင်း နေပြည်တော်သို့ ပြန်လည်ရောက်ရှိ ခဲ့သည်။

၁၈၇၀ ပြည့်နှစ် ဇွန်လတွင် ပန်းတည်းဝန် ဦးရွှေပင်၊ ရွှေတိုက် အတွင်းဝန်နှင့် မောင်အောင်သူတို့ ဥရောပသို့ ထွက်ခွာခဲ့ကြ၏။ ယင်း အဖွဲ့သည် သံတမန်လုပ်နည်းလုပ်ထုံးများ လေ့လာရန် သွားရောက်ခဲ့ ကြခြင်းဖြစ်ရာ ပြင်သစ်နှင့် အင်္ဂလန်နိုင်ငံများသို့ ရောက်ရှိခဲ့ကြလေသည်။ မောင်အောင်သူသည် ပြင်သစ်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာသောအခါ ပညာဆက်လက်သင်ကြားခဲ့ပြန်၏။ ပန်းတည်းဝန်ဦးရွှေပင်နှင့် ရွှေတိုက် အတွင်းဝန်တို့ နေပြည်တော်သို့ ပြန်ခဲ့ကြသည့်တိုင် မောင်အောင်သူမှာ ပြင်သစ်နိုင်ငံ၌ နေကျန်ရစ်ခဲ့လေသည်။ သို့ဖြင့် မောင်အောင်သူသည် အင်္ဂလန်နိုင်ငံတွင် ရောက်ရှိနေသော ပညာတော်သင် မောင်တရုတ်ဖြူနှင့် အတူ ၁၈၇၂ ခုနှစ် မေလတွင်မှ မန္တလေးသို့ ပြန်လည်ရောက်ရှိခဲ့၏။

## ကသည်းမြင်းဝန်

မောင်အောင်သူ ပြင်သစ်နိုင်ငံ၌ တက်ရောက်သင်ကြားခဲ့ရသည့် စိန့်စီ (Saint Cyr) အမည်ရှိ စစ်တက္ကသိုလ်မှာ အထင်ကရတက္ကသိုလ်ကြီး တစ်ခုဖြစ်ပါသည်။ ပြင်သစ်သမ္မတ၊ ဝန်ကြီးချုပ်၊ စစ်ဦးစီးချုပ် စသည့် ထိပ်တန်းပုဂ္ဂိုလ်ကြီးများမှာ စိန့်စီတက္ကသိုလ်ဆင်းများ ဖြစ်ကြ၏။ မောင်အောင်သူ စစ်တက္ကသိုလ်မှ ဆင်းလာခဲ့ပြီးနောက် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသောအခါ နေမျိုးမင်းထင်သူရိန်ဘွဲ့ခံ မြင်းတပ်ဗိုလ် ရာထူး ရရှိခဲ့သည်။

မောင်အောင်သူသည် ၁၄ မတ် ၁၈၇၄ ခုနှစ်တွင် ကင်း မင်းကြီးဦးကောင်း၏သံအဖွဲ့၌ သံငယ်တစ်ဦးအဖြစ် လိုက်ပါခဲ့ရသည်။ သူသည် အီတလီ၊ ပြင်သစ်နိုင်ငံများသို့ ရောက်ရှိခဲ့ပြီး ပြင်သစ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိစဉ် မြန်မာသံအဖွဲ့နှင့် ပြင်သစ်ထိပ်တန်းအရာရှိများအကြား စကားပြန်အဖြစ် ဆောင်ရွက်ခဲ့ရလေသည်။ ၈ အောက်တိုဘာ ၁၈၇၄ ခုနှစ်တွင် မောင်အောင်သူ ဥရောပခရီးမှ ပြန်လည်ရောက်ရှိလာရာ ဇနီး ဖြစ်သူက မောင်အောင်သူအား သင်္ဘောဆိပ်မှ လာရောက်ကြိုဆိုခဲ့၏။

မောင်အောင်သူသည် ၁၈၇၄ ခုနှစ်ကုန်ပိုင်းတွင် ပြင်သစ်နိုင်ငံသို့ စက်လက်နက်ပစ္စည်းများ ပြုလုပ်ရာ၌ ကျွမ်းကျင်သူတို့ကို ခေါ်ယူရန် သွားရောက်ခဲ့ရပြန်သည်။ သူသည် အပြန်ခရီးတွင် အီတလီနိုင်ငံသို့ပါ ဝင်ရောက်ခဲ့ပြီး ၁၄ မတ်.၁၈၇၅ ခုနှစ်၌ နေပြည်တော်သို့ ပြန်လည်ရောက် ရှိ၏။ ၁၈၇၆ ခုနှစ်ခန့်တွင် မောင်အောင်သူကို မင်းတုန်းမင်းက ကသည်း မြင်းဝန်ရာထူး ခန့်အပ်လိုက်ပါသည်။ သို့ဖြင့် မောင်အောင်သူသည် သတ်ဖက်ရည်တော် နေမျိုးမင်းထင်သူရိန်ဘွဲ့ဝမှသည် ကသည်းမြင်းဝန် ရာထူးသို့တိုင် တက်လှမ်းနိုင်ခဲ့လေ၏။

## နိဂုံး

မောင်အောင်သူသည် ကသည်းမြင်းဝန်ရာထူးဖြင့် အမှုထမ်း နေစဉ်အတွင်း အရှင်နန်းမတော်မိဖုရားခေါင်ကြီး၏ စာရေးကြီး ရာထူးကိုလည်း ပူးတွဲထမ်းဆောင်ရပါသည်။ ၁၈၇၉ ခုနှစ် သီပေါမင်း လက်ထက်စတွင် ကသည်းမြင်းဝန်အဖြစ် ဆက်လက်အမှုထမ်းရွက်ခဲ့ရ သော်လည်း ၁၈၈၀ ပြည့်နှစ်ခန့်၌ မောင်အောင်သူ ကွယ်လွန်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# (၉) သံချက်ဝန်ထောက်ဖြစ်လာသူ မောင်မြူ

မောင်မြူသည် ပြင်သစ်နိုင်ငံသို့ ဒုတိယအသုတ် စေလွှတ်ခြင်းခံရသူ ပညာတော်သင်တစ်ဦးဖြစ်၏။ သူသည် လက်ဖက်ရည်တော်ရာထူးမှသည် ကြိုးပမ်းဆောင်ရွက်မှုကြောင့် ရာထူးအဆင့်ဆင့်ရရှိကာ နောက်ဆုံးတွင် သံချက်ဝန်ထောက် ဖြစ်လာခဲ့သည်။

## ငယ်စဉ်ဘဝ

မောင်မြူကို ၁၈၄၃ ခုနှစ်ခန့်တွင် ဖွားမြင်ပါသည်။ သူသည် အင်းဝရှိ မှူးရိုးမတ်ရိုးမှ ဆင်းသက်သူတစ်ဦးဟု မှတ်ယူရပါသည်။ မောင်မြူသည် ငယ်စဉ်ကပင် နိုင်ငံရပ်ခြားဘာသာစကားကို စိတ်ပါဝင်စားမှုရှိခဲ့၏။ မောင်မြူသည် ခရစ်ယာန်သာသနာပြုတစ်ဦးဖြစ်သော ပြင်သစ်လူမျိုး မွန်စီယာဘူရ်ဒွန်ထံ၌ အင်္ဂလိပ်စာ သင်ကြားလေ့လာခဲ့ဖူးပါသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သော်လည်း ခရစ်ယာန်ဘာသာသို့ ဝင်ဖူးသည်ဟုလည်း ဆိုကြ၏။ မောင်မြူသည် အသက် (၁၇)နှစ်အရွယ် မင်းတုန်းမင်းလက်ထက်တွင် နေမျိုးသိဒ္ဓိကျော်ထင်ဘွဲ့ခံ လက်ဖက်ရည်တော်ရာထူးဖြင့် စတင်အမှုထမ်းရွက်ခဲ့ရလေသည်။

## ပြင်သစ်ပညာတော်သင်

မောင်မြူသည် လက်ဖက်ရည်တော်ရာထူးဖြင့် အမှုထမ်းရွက်စဉ် အတွင်း ၁၈၆၂ ခုနှစ် ဒီဇင်ဘာလအတွင်း၌ မောင်အောင်သူနှင့်အတူ ပြင်သစ်နိုင်ငံသို့ ပညာတော်သင် စေလွှတ်ခံခဲ့ရ၏။ မောင်မြူက ငယ်စဉ်ကပင် အင်္ဂလိပ်စာသင်ဖူးသဖြင့် ပညာတော်သင်အဖြစ် လွယ်လင့်တကူ ရွေးချယ်ခံရခြင်း ဖြစ်ဟန်တူပါသည်။ ပြင်သစ်နိုင်ငံ ပဲရစ်မြို့သို့ ရောက်သောအခါ ဗဟိုစက်မှုသိပ္ပံကျောင်း၌ လေးနှစ်ပညာသင်ကြားခဲ့ရသည်။ ထို့နောက် သိပ္ပံဘွဲ့ကို ရရှိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့စံကနောင်မင်းသားကြီး လုပ်ကြံခံရချိန်က မောင်မြူမှာ ဓာပေလေ့လာ သင်ကြားနေဆဲဖြစ်သည်။ သို့သော် မောင်မြူက အားတင်းကာ ပညာဆက်လက်လေ့လာဆည်းပူးသည်။ ၁၈၆၆ ခုနှစ်၌ပင် မောင်မြူ သတ္တုဗေဒစက်မှုသိပ္ပံပညာရပ်များ၊ ဓာတုဗေဒဘာသာရပ်များကို ဆက်လက်သင်ယူခဲ့၏။ သို့သော် ၁၈၆၈ ခုနှစ် ဇူလိုင်လတွင် မောင်မြူ နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာပါသည်။ ထိုစဉ်က မဲနယ်ချက် လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခဲ့ရသည်။

မောင်မြူသည် ၁၈၇၀ ခုနှစ် ဝန်းကျင်တွင် နိုင်ငံခြားသို့ ပညာတော်သင် ထပ်မံသွားရောက်ခဲ့ပြန်၏။ သူသည် ဤတစ်ကြိမ်တွင် ပြင်သစ်နိုင်ငံမှ အင်္ဂလန်နိုင်ငံသို့ပါ ရောက်ရှိကာ သေနတ် လက်နက် ခဲယမ်း မီးကျောက်ပြုလုပ်သော အတတ်ပညာများကို သင်ယူခဲ့သည်။ မောင်မြူသည် ကင်းဝန်မင်းကြီးဦးကောင်း၏ သံအဖွဲ့ အင်္ဂလန်နိုင်ငံသို့ ရောက်ရှိလာစဉ် အကူအညီများစွာ ပေးခဲ့ရလေသည်။ ထို့နောက် ၂၇ နှစ် ၁၈၇၂ ခုနှစ်တွင် မောင်မြူ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ သူသည် သတ္တုဗေဒပညာကို ကောင်းစွာ သင်ယူတတ်မြောက်လာခဲ့သည့်အလျောက် နေပြည်တော်၌ သူ၏ပညာရပ်ကို များစွာ အသုံးချနိုင်ခဲ့လေသည်။

## သံချက်ဝန်ထောက်ရာထူး

မောင်မြူ နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာပြီးနောက် ၁၆ အောက်တိုဘာ ၁၈၇၄ ခုနှစ်တွင် ရေနံချက်လုပ်ငန်းကို စတင်ကြီးကြပ်ဆောင်ရွက်ရ၏။ ရေနံစိမ်းပိဿာ (၁၅၀) ဆံ့ ရေနံချက်အိုးခုနစ်လုံးဖြင့် တစ်ကြိမ်လျှင် ရေနံစိမ်းပိဿာ (၁၀၀၀) ဆံ့ ကျိုချက်ပေါင်းခံကာ ဆီမွှေးစုံ ဖယောင်းနှင့် ကတ္တရာစေးတို့ကို ထုတ်လုပ်ရလေသည်။ ထိုစဉ်က မောင်မြူက လစာ (၁၀၀)ကျပ်ရပြီး သူ၏ရေနံချက်အမှုထမ်း ၇၉ ဦးနှင့် ဖယောင်းချက်အမှုထမ်း ၆၃ ဦးတို့က တစ်လ (၆)ကျပ်စီ ရကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်မြူသည် ရေနံချက်စက်ရုံဝင်းအတွင်း၌ပင် နေထိုင်ကာ လုပ်ငန်းတိုးတက်မှုကို တောင်ထားဝယ်ဗိုလ်ထံ သတင်းပို့ရသည်။

မောင်မြူသည် မင်းတုန်းမင်းသက်ထက် နှောင်းပိုင်းကာလတွင် သံချက်စက်ရုံကို ကွပ်ကဲခဲ့ရ၏။ သံချက်စက်ရုံတွင် ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားပြီး စက်ရုံခွဲ (၅)ရုံကိုလည်း တည်ဆောက်ထားပါသည်။ သံချက်စက်ရုံ၌ သံရည်ကျိုခြင်း၊ ပုံသွင်းခြင်း၊ ပုံဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရ၍ မောင်မြူသည် ပြင်သစ်နိုင်ငံမှ သတ္တုဗေဒပညာရပ်ကို ကျွမ်းကျင်တတ်မြောက်လာသူ ဖြစ်သည့်အလျောက် ထိုအတောအတွင်း သံချက်ဝန်ရာထူး ခန့်အပ်ခံခဲ့ရလေသည်။ ၁၈၇၈ ခုနှစ်ခန့်တွင် မောင်မြူသည် မင်းကြီးမင်းလှမဟာစည်သူဘွဲ့ခံ သံချက်ဝန်ထောက်ဖြစ်လာ၏။

## မိသားစုရေးရာ

ဦးမြူ၏ မိသားစုရေးရာများနှင့် ပတ်သက်၍ အထူးအထွေ မသိရသေးပေ။ ဦးမြူတွင် ဦးကူးဆိုသူ အစ်ကိုတစ်ဦးရှိပြီး စစ်ကိုင်းမြို့ဝန်အဖြစ် အမှုထမ်းရွက်ခဲ့သည်ဟုဆို၏။ ထို့ပြင် မောင်စိန်မောင်နှင့် မောင်တုတ်ဆိုသူ တူနှစ်ဦးရှိကြောင်းလည်း သိရှိရ၏။ ဦးမြူ၏ ဇနီးအမည်မှာမူ ဒေါ်ရွှေရည်ဖြစ်သည်။ ဇနီး ဒေါ်ရွှေရည်နှင့် ပတ်သက်၍ တစ်ကြိမ်တွင် စုဖုရားလတ်ထံ အခစားဝင်စဉ် ခင်ပွန်းသည် ဦးမြူ ပြင်သစ်နိုင်ငံမှပါလာသော ခြုံထည်ပဝါကို ခြုံ၍ ဝင်ခဲ့ရာ စုဖုရားလတ်က သူ့တွင်မရှိသဖြင့် အလွန်လှပကြောင်း ချီးမွမ်းစကားဆိုခဲ့သည်ဟု ဆို၏။ ထိုအခါ ဦးမြူ၏ဇနီး ဒေါ်ရွှေရည်မှာ အလွန်ပင် တုန်လှုပ်ချောက်ချားသွားသည် ဆိုပါသည်။ နန်းဓလေ့ထုံးစံအရ မင်းမိဖုရားတို့ထက် သာလွန်သော ပစ္စည်းမျိုးကို အသုံးမပြုရပေ။

ဝန်ကတော် ဒေါ်ရွှေရည်သည် နောက်ပိုင်း ပြင်သစ်နိုင်ငံသို့ အလည်အပတ် လိုက်သွားခဲ့ဖူးပါသည်။ သို့သော် ဦးမြူ၏သားသမီးများနှင့်ပတ်သက်၍မူ မသိရပေ။



www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံရပ်ခြားခရီး

၁၈၇၉ ခုနှစ် သီပေါမင်း နန်းတက်လာပြီးနောက် ဦးမြူကို သံချက်ဝန်ထောက်ရာထူးဖြင့်ပင် ဆက်လက်ချီးမြှင့်ခဲ့သည်။ ၁၈၈၂ ခုနှစ် ဧပြီလတွင် အိန္ဒိယနိုင်ငံ ဆင်းမလားမြို့သို့ ဗြိတိသျှအစိုးရနှင့် ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးရန် ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုး ဦးဆောင်သော သံအဖွဲ့ကို စေလွှတ်ရာ ဦးမြူသည်လည်း အဖွဲ့ဝင်တစ်ဦး အဖြစ် လိုက်ပါခဲ့ရ၏။ ဦးမြူတို့သံအဖွဲ့သည် ကုန်တော်တိုးချဲ့ရေးကိစ္စ၊ အကောက်တော် ၅% မှ ၁၀% အထိ တိုးမြှင့်ရေးကိစ္စ၊ အထက်မြန်မာနိုင်ငံနေ ဗြိတိသျှလူမျိုးများအားလုံးကို မှတ်ပုံတင်ရေးကိစ္စ၊ လက်နက်အကန့်အသတ်မရှိ တင်သွင်းရေးကိစ္စ စသည်တို့ကို ဆွေးနွေးညှိနှိုင်းကြရာ အောင်မြင်ခဲ့ပေ။

သို့ဖြင့် ၃၁ ဩဂုတ် ၁၈၈၂ ခုနှစ်တွင် မန္တလေးသို့ ပြန်လာခဲ့ကြရ၏။ ဦးမြူ မန္တလေးပြန်ရောက်ပြီး မျှားမကြာမီ ၁၈၈၃ ခုနှစ်၌ ပြင်သစ်နိုင်ငံသို့ စက်မှုလုပ်ငန်းများ လေ့လာရန် သွားရောက်ခဲ့ရပြန်ပါသည်။ ဦးမြူသည် ပြင်သစ်နိုင်ငံ၌ နှစ်နှစ်ကြာမျှ နေထိုင်ကာ သိပ္ပံပညာနှင့် စက်မှုနည်းပညာရပ်များကို လေ့လာခဲ့သည်။

## ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး

ဦးမြူသည် ၃၀ ဇွန် ၁၈၈၅ ခုနှစ်တွင် ပထမဆုံးသော ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခံခဲ့ရ၏။ သို့ဖြင့် ဇူလိုင်လ (၁၂)ရက်နေ့တွင် ဇနီး ဒေါ်ရွှေရည်နှင့်အတူ ရတနာပုံနေပြည်တော်မှ ထွက်ခွာသွားပါသည်။ ဦးမြူ ပြင်သစ်သို့ရောက်ပြီး သုံးလအကြာ၌ပင် သီပေါမင်း ပါတော်မူသွားခဲ့၏။ သို့ဖြင့် ဦးမြူသည် ပညာတော်သင် (၂၂)ဦးနှင့်အတူ ပြင်သစ်နိုင်ငံ၌ သောင်တင်နေတော့လေသည်။

၈ ဒီဇင်ဘာ ၁၈၈၅ ခုနှစ်ထုတ် လန်ဒန်တိုင်းသတင်းစာတွင် သံချက်ဝန်ထောက် ဦးမြူက သတင်းထောက်အား ပြောပြပုံကို ရေးသား



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြထား၏။ ဦးမြူသည် ပညာတော်သင်တို့နှင့်အတူ ပြင်သစ်နိုင်ငံ၌ ရှိနေရာ မည်သို့မည်ပုံ ပြန်ကြရမည်ကို မသိဖြစ်နေပေသည်။ ထို့နောက် ဗြိတိသျှအစိုးရက စရိတ်ထုတ်ပေးသဖြင့် ၁၈၈၆ ခုနှစ် ဇန်နဝါရီလတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာလေသည်။

ဦးမြူသည် ပြင်သစ်နိုင်ငံသို့ ထွက်ခွာခဲ့စဉ်က စရိတ်ငွေ အလုံအလောက်မပါရှိခဲ့ပေ။ နေပြည်တော်မှ ထပ်မံပို့ပေးမည်ဆိုကာ သွားရောက်ခဲ့ရခြင်းဖြစ်၏။ သို့သော် သီပေါမင်းပါတော်မူသွားသဖြင့် ဦးမြူအား ထောက်ပံ့နိုင်ခြင်း မရှိတော့ပေ။

## ဘဝနိဂုံး

ဦးမြူ မန္တလေးသို့ ပြန်လည်ရောက်ရှိလာပြီးနောက် ဗြိတိသျှ အစိုးရလက်ထက်တွင် သမာဓိမြို့ဝန်အဖြစ် အမှုထမ်းရွက်ခဲ့သေးသည်။ သူသည် A.T.M ခေါ် အမှုထမ်းကောင်းတံဆိပ်ကိုလည်း ရရှိခဲ့ပါသည်။ ဗြိတိသျှအစိုးရက ဦးမြူအား ၁၈၈၆ ခု ဧပြီလမှစ၍ လစဉ် ပင်စင်လစာ (၂၀၀) ကျပ် ပေးအပ်ထောက်ပံ့ခဲ့သည်။ ဦးမြူ သမာဓိမြို့ဝန်အဖြစ် အမှုထမ်းစဉ်အတွင်း အသက် (၆၂)နှစ်ခန့်အရွယ် ၁၉၀၅ ခုနှစ်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါသည်။

သံချက်ဝန်ထောက် ဦးမြူမှ ဆင်းသက်ပေါက်ဖွားလာသော ဆွေမျိုးသားချင်းများနှင့် ပတ်သက်၍ မေးမြန်းစုံစမ်း၍ မရတော့ပေ။ အကယ်၍ ဦးမြူမှ ဆင်းသက်ပေါက်ဖွားလာသော ဆွေမျိုးသားချင်းများ အနေဖြင့် မိမိတို့ သိရှိမှတ်သားထားသရွေ့ ပြောဆိုတင်ပြနိုင်ကြမည် ဆိုလျှင် နိုင်ငံခြားပြန် ပညာတော်သင်တစ်ဦးဖြစ်သူ သံချက်ဝန်ထောက် ဦးမြူအကြောင်းက ယခုထက် ပိုမိုပြည့်စုံလာပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



# (၁၀) စာရေးတော်ကြီး မောင်မြဲ

မောင်မြဲသည် အင်္ဂလန်နိုင်ငံသို့ ပထမဆုံး စေလွှတ်ခဲ့ရသူ ပညာတော်သင်တစ်ဦးဖြစ်ပြီး မောင်တရုတ်ဖြူဆိုသူနှင့်အတူ သွားရောက်ခဲ့ရခြင်းဖြစ်၏။ မောင်မြဲသည် မြန်မာဘုရင်လက်ထက်တွင် စာရေးတော်ကြီးရာထူး ရရှိခဲ့ပြီး ကိုလိုနီခေတ်ဦးကာလ အင်္ဂလိပ်အစိုးရလက်ထက်၌ ဒီပဲယင်းဝန်ထောက်အရာ ရရှိခဲ့သည်။ ထို့ကြောင့်လည်း မောင်မြဲကို ဒီပဲယင်းဝန်တော် ဦးမြဲဟု ခေါ်ဝေါ်ခဲ့ကြ၏။ ဗြိတိသျှမှတ်တမ်းများ၌ The Honorable U Mye ဟူ၍ တွေ့ရှိရတတ်ပါသည်။

## ဘဝထုပ္ပတ်

မောင်မြဲကို ရွှေဘိုမြို့တောင်ဘက် (၁၀)မိုင်အကွာ သမန်းတောရွာ၌ ၂၄ ဇန်နဝါရီ ၁၈၄၂ ခုနှစ်၌ ဖွားမြင်ပါသည်။ မွေးချင်းများအဖြစ် မောင်ရဲဆိုသူ ညီတစ်ယောက်ရှိကြောင်း သိရှိရ၏။ မောင်မြဲ၏ မိဘများမှာ ဒီပဲယင်းပယ်ကိုးသန်း စစ်ကဲကြီး ဦးရွှေမင်းနှင့် ဒေါ်ခိုင်တို့ဖြစ်ကြသည်။ ၁၈၅၂ ခုနှစ် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ နောင်တော်ပုဂံမင်းကို နန်းချရန် ရွှေဘိုသို့ ထွက်ခွာစဉ် စစ်ကဲကြီးဦးရွှေမင်းက များစွာ ကူညီခဲ့သည်။ သို့ကြောင့်လည်း ၁၈၅၃ ခုနှစ်တွင် မင်းတုန်းမင်းသားတို့နှင့် အတူ မောင်မြဲတို့မိသားစု အမရပူရသို့ လိုက်ပါသွားခဲ့ကြရလေသည်။

မောင်မြဲတို့ညီအစ်ကိုသည် အရွယ်ရောက်လာသောအခါ အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ အိမ်တော်၌ လူပျိုတော်သားများအဖြစ် အမှုထမ်းရွက်ရ၏။ မကြာမီ မောင်မြဲကို လက်ဖက်ရည်တော်ရာထူး ခန့်အပ်ခဲ့သည်။ မောင်မြဲသည် လက်ဖက်ရည်တော်အဖြစ် အမှုထမ်းရွက်နေစဉ်အတွင်း ၁၈၅၉ ခုနှစ်တွင် ကာလကတ္တားပြန် ပညာတော်သင် မောင်ရွှေပင်တို့၏ အတွေ့အကြုံများကို မျက်ဝါးထင်ထင် တွေ့မြင်ရသောအခါ များစွာ အားကျခဲ့လေသည်။ ကနောင်မင်းသားကြီးကလည်း [illegible]များကို နိုင်ငံရပ်ခြားသို့ အလှည့်ကျ စေလွှတ်နေပရာ မောင်မြဲ

www.burmeseclassic.com



အဖို့ ပညာတော်သင်သွားရောက်ရန် စိတ်အားထက်သန်လျက် ရှိနေပေသည်။

## ကာလကတ္တားပညာတော်သင်

၁၈၆၃ ခုနှစ်တွင် ပညာတော်သင် တတိယသုတ်အဖြစ် မောင်မြဲ အလှည့် ကျလာသည်။ မောင်မြဲသည် အခြားလူငယ် (၅)ဦးနှင့်အတူ ကာလကတ္တားသို့ ထွက်ခွာလာကာ ဒိုရေတန်ကောလိပ်၌ အင်္ဂလိပ်စာနှင့် အခြေခံသိပ္ပံပညာရပ်များကို သင်ယူရ၏။ မောင်မြဲသည် ကောလိပ်ကျောင်း၌ (၃)နှစ်ခန့် ပညာလေ့လာဆည်းပူးခဲ့ရလေသည်။ ထိုစဉ်က ကျောင်းအုပ်ဆရာကြီးမှာ ဒေါက်တာဂျေမစ် ဖြစ်ဟန်တူပါသည်။ ပညာသင်နေဆဲကာလ၌ပင် ၂ ဩဂုတ် ၁၈၆၆ ခုနှစ်တွင် မောင်မြဲတို့အား စေလွှတ်လိုက်သည့် အိမ်ရှေ့စံ ကနောင်မင်းသားကြီး လုပ်ကြံခံခဲ့ရ၏။ သို့ဖြင့် မောင်မြဲတို့အုပ်စုမှာ စိတ်ပျက်အားလျှော့သွားကာ နေပြည်တော်သို့ ပြန်လည်ထွက်ခွာရန် ပြင်ဆင်ကြရလေသည်။

ထိုစဉ်အတွင်း အင်္ဂလိပ်မဟာဝန်ရှင်တော်မင်းကြီးဟောင်း အာသာဖယ်ရာသည် မင်းတုန်းမင်းကို သွားရောက် နှုတ်ဆက်ကာ အင်္ဂလန်သို့ ပြန်မည်ဖြစ်ရာ မောင်မြဲတို့ကို ခေါ်ဆောင်လျက် နေပြည်တော်သို့ သွားရောက်ခဲ့၏။ မောင်မြဲအနေဖြင့် ကာလကတ္တား၌ သုံးနှစ်ဝန်းကျင်ခန့် ပညာသင်ယူဆည်းပူးခွင့် ရရှိခဲ့ပေရာ အကျိုးများစွာ ဖြစ်ထွန်းခဲ့သည်ဟု ဆိုနိုင်ပါသည်။

## အင်္ဂလန်နိုင်ငံသို့

မောင်မြဲသည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာပြီးနောက် အလဟဿမနေဘဲ ကာလကတ္တားတွင် သင်ယူလာခဲ့သည့်စာများ အဆက်မပြတ်စေရန် အပတ်တကုတ် ပြန်လည်လေ့လာ၏။ ထိုစဉ် ကာလတွင် မောင်မြဲအဖို့ နိုင်ငံခြားသို့ ပညာတော်သင် သွားရောက်ရန် အခွင့်ကြုံလာပြန်ပါသည်။ အင်္ဂလိပ်ဝန်ရှင်တော်မင်းကြီးအသစ် ဖိုက်ချ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိခိုက် ပခန်းမင်းကြီး ဦးရန်ဝေးနှင့် ဖိုက်ချ်တို့ ၁၈၆၈ ခုနှစ်တွင် ပညာတော်သင်ကိစ္စ ဆွေးနွေးညှိနှိုင်းဖြစ်ကြပြန်သည်။ သို့ဖြင့် ပညာတော်သင် လူ (၂၀)ကို အခြေခံစစ်လက်နက်ပညာများ သင်ယူနိုင်ရန် စေလွှတ်လိုက်လေသည်။ အိန္ဒိယနိုင်ငံသွား ပညာတော်သင်အဖွဲ့သည် ၁၈၆၉ ခုနှစ်တွင် ထွက်ခွာသွားကြ၏။

မောင်မြမှာမူ မောင်တရုတ်ဖြူနှင့်အတူ ခဲယမ်းမီးကျောက် ပြုလုပ်နည်းပညာသင်ယူရန် ၁၈၆၉ ခုနှစ် ဇန်နဝါရီလကုန်ခန့်တွင် ထွက်ခွာသွားရလေသည်။ အင်္ဂလန်နိုင်ငံသို့ ရောက်ရှိသောအခါ မောင်မြသည် လန်ဒန်မြို့ ဝူးဝစ် (Wool wich) စစ်ပညာသင်ကျောင်း၌ ပညာသင်ကြားခွင့် ရရှိခဲ့၏။ မောင်မြ၏ ပညာသင်စရိတ်ကို အမိန့်တော်အရ မောင်ရွှေပင်က စီစဉ်ပေးရပါသည်။

မောင်မြနှင့် မောင်တရုတ်ဖြူတို့ အင်္ဂလန်၌ ပညာသင်နေကြစဉ်အတွင်း ၁၈၇၀ ပြည့်နှစ်တွင် ပြင်သစ်၌ ပညာတော်သင်အဖြစ် ရောက်ရှိနေသော မောင်မြူ လန်ဒန်သို့ ရောက်ရှိလာကာ လက်နက်ခဲယမ်းပညာကို ပူးပေါင်းသင်ကြားခဲ့သည်။ တစ်ဖန် ၁၈၇၁ ခုနှစ် နှစ်ဦးပိုင်းတွင် မောင်ရွှေပင်နှင့် မောင်အောင်သူတို့ ပြင်သစ်မှတစ်ဆင့် သံတမန်နည်းပညာရပ်များ လေ့လာရန် လန်ဒန်သို့ ထပ်မံရောက်ရှိလာကြပြန်ရာ လန်ဒန်တွင် ပညာတော်သင်အုပ်စု အင်အားတောင့်တင်းသွား၏။ မောင်ရွှေပင်သည် လုပ်ဆောင်ရန်ကိစ္စများကို အဆောတလျင် လုပ်ဆောင်ကာ နေပြည်တော်သို့ပြန်သွားသော်လည်း မောင်အောင်သူက အင်္ဂလန်တွင် ကျန်ရစ်ခဲ့သေး၏။ ၁၈၇၂ ခုနှစ် ဇွန်လတွင်မှ မောင်အောင်သူ မောင်တရုတ်ဖြူနှင့်အတူ ပြန်သွားသည်။

မောင်မြသည် မောင်မြူနှင့်အတူ အင်္ဂလန်၌ ဆက်လက်ကျန်ရစ်ကာ ၅ ဇွန် ၁၈၇၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံရောက် ကင်းဝန်မင်းကြီးတို့ သံအဖွဲ့ကို ဒိုဗာမြို့ဆိပ်ကမ်းမှ ဆီးကြိုခဲ့ရ၏။ ထိုအခါမှစ၍ မောင်မြ ကျောင်းဆက်မတက်ဖြစ်တော့ဘဲ ဦးကောင်းတို့သံအဖွဲ့နှင့်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လိုက်နေရ၏။ မောင်မြသည် အင်္ဂလန်မှ ပြင်သစ်၊ အီတလီတို့သို့ ဝင်ရောက်ကာ ၂ မေ ၁၈၇၃ ခုနှစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာခဲ့လေသည်။ ထိုစဉ်ကာလမှစ၍ မောင်မြသည် ကင်းဝန်မင်းကြီး၏ စာရေးရာထူး ရရှိခဲ့ဟန်တူပါသည်။

## အိမ်ထောင်သည်ဘဝ

မောင်မြသည် လူပျိုလူရွယ်ဘဝတွင် စမ္ပါယ်နဂိုရ် မင်းသမီး၏ အပျိုတော်တစ်ဦးဖြစ်သော ခင်ပုံနှင့် ချစ်ကြိုက်ရည်ငံခဲ့၏။ ခင်ပုံ၏မိခင်က သူ၏ သမီးကို မောင်မြနှင့် သဘောမတူပေ။ သို့ဖြင့် မောင်မြအဖို့ ဗျာပါဒများခဲ့ရပါသေးသည်။ နောက်ပိုင်း မင်းတရားကြီးသိသွားသဖြင့် နန်းတွင်း၌ပင် ခင်ပုံနှင့် လက်ဆက်စေခဲ့ရာ မောင်မြမှာ များစွာ ဝမ်းမြောက် ဝမ်းသာဖြစ်ခဲ့ရလေသည်။

မောင်မြသည် မကြာမီ နေမျိုးသိဒ္ဓိကျော်ထင်ဘွဲ့ခံ စာရေးတော်ကြီးအရာရရှိကာ အင်္ဂလန်နိုင်ငံသို့ မြန်မာဘုရင်၏ကိုယ်စားလှယ်တော်အဖြစ် သွားရောက်ရန် အရေးကြုံလာခဲ့၏။ သို့ဖြင့် ၁၄ မတ် ၁၈၇၄ ခုနှစ်တွင် နေပြည်တော်မှ ထွက်ခွာရလေတော့သည်။ မောင်မြ မထွက်ခွာမီကာလ၌ပင် ဇနီးသည်ခင်ပုံမှ သမီး ခင်သော့ကြီးကို ဖွားမြင်ခဲ့၏။ ခင်သော့ကြီးကို ၁၃ မတ် ၁၈၇၄ ခုနှစ်တွင် ဖွားမြင်ပါသည်။ မောင်မြအနေဖြင့် နေပြည်တော်မှ ထွက်ခွာလုဆဲဆဲဖြစ်၍ ဇနီးသည်နှင့် သမီးတို့ထံသို့ သွားခွင့်မကြုံခဲ့ပေ။ ဒုတိယသား မောင်မောင်ဘကိုမူ ၅ ဇူလိုင် ၁၈၇၉ ခုနှစ်တွင် ဖွားမြင်ပါသည်။ မောင်မောင်ဘမှာ အသက် (၉)နှစ်သားအရွယ်တွင်ပင် ကွယ်လွန်ခဲ့၏။

မောင်မြသည် ကင်းဝန်မင်းကြီးတို့အဖွဲ့နှင့်အတူ ရန်ကုန်မှတစ်ဆင့် မော်လမြိုင်၊ ထိုမှ စင်္ကာပူ၊ သီဟိုဠ် (သီရိလင်္ကာ)၊ အီတလီ၊ ပြင်သစ်နိုင်ငံများသို့ သွားရောက်ခဲ့ရ၏။ မောင်မြသည် ၃ ဇူလိုင် ၁၈၇၄ ခုနှစ်တွင် ဦးကောင်းတို့သံအဖွဲ့ကို ထားရစ်ကာ အင်္ဂလန်သို့ ကိုယ်စားလှယ်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် နေထိုင်ရန် ထွက်ခွာသွားရသည်။ မောင်မြသည် အင်္ဂလန်၌ တစ်နှစ်ကျော် နေထိုင်စဉ်အတွင်း အင်္ဂလန်သူ အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျကာ သားတစ်ယောက်ပင် ထွန်းကားခဲ့ပါသေးသည်။ မောင်မြ ပြန်လည်ရောက်ရှိလာပြီးနောက် အင်္ဂလန်သူ ဇနီးက စာ ရေး ဆက်သွယ်ခဲ့သော်လည်း မောင်မြထံ မရောက်ရှိခဲ့ပေ။ ဇနီးသည် ခင်ပုံက ပျောက်ဖျက်ပစ်၏။ မကြာမီ အင်္ဂလန်သူဇနီး ကွယ်လွန်သွားမှသာ ခင်ပုံက စာများ ထုတ်ပေးသည်ဆို၏။ သားဖြစ်သူကို နေပြည်တော်သို့ ခေါ်ယူရန် ကြံရွယ်စဉ် သားမှာလည်း ကွယ်လွန်သွားခဲ့သည်။

## ဥရောပသို့

မောင်မြသည် စာရေးတော်ကြီးရာထူး ရရှိပြီးနောက် ၁၁ နှင်ဘာ ၁၈၇၅ ခုနှစ်တွင် မြောင်လှမြို့စား ဦးမြိမ့် ခေါင်းဆောင်သော သံအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် လိုက်ပါရပြန်ပါသည်။ မောင်မြတို့ အဖွဲ့တွင် ကင်းဝန်မင်းကြီးဦးကောင်းလည်း လိုက်ပါသွား၏။ ဦးကောင်းမှာ ကာလကတ္တားတွင် ရောက်ရှိနေသော အင်္ဂလိပ်အိမ်ရှေ့မင်းသား ဆက်ဒွပ်ကို တွေ့ဆုံရန်နှင့် ဗုဒ္ဓဂါယာရှိ အဆောက်အဦများ ပြင်ဆင်ရန် ကိစ္စအတွက် လိုက်ပါခဲ့ခြင်းဖြစ်လေသည်။ မောင်မြ အိန္ဒိယ၌ရှိစဉ်အတွင်း ဗုဒ္ဓဂါယာသို့ပါ ရောက်ရှိခဲ့သေးသည်။ ထို့နောက် ကင်းဝန်မင်းကြီး ဦးကောင်းတို့ နေပြည်တော်သို့ ထွက်ခွာသွားသောအခါ မောင်မြတို့အဖွဲ့ ဥရောပသို့ ခရီးဆက်ကြရ၏။

မောင်မြတို့သည် ဘုံဘေမြို့မှတစ်ဆင့် အီတလီ၊ စပိန်၊ ပြင်သစ်၊ ဆော်တူဂီနိုင်ငံများသို့ ရောက်ရှိခဲ့ကာ နေပြည်တော်မှ ပြန်လည်ခေါ်ယူ သဖြင့် ၂၄ ဧပြီ ၁၈၇၇ ခုနှစ်တွင် အီတလီနိုင်ငံ ဂျီနိုအာမြို့မှ ပြန်လည် ထွက်ခွာခဲ့ရသည်။ သို့သော် ပြန်လည် ရောက်ရှိလာပြီး များမကြာမီကာလ အတွင်း အီတလီနိုင်ငံ ရောမမြို့သို့ သွားရောက်ရပြန်သည်။ ဤတစ်ကြိမ်တွင် ကုန်သွယ်ရောင်းဝယ်ရေးဆိုင်ရာ စာချုပ်ကိစ္စအတွက် သွားရောက်ရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး အီတလီနိုင်ငံ၌ တစ်နှစ်ကျော်ကြာ နေထိုင်ခဲ့ရလေသည်။ ၁၈၇ ခုနှစ်၊ နှစ်လယ်ခန့်တွင် မောင်မြို့ နေပြည်တော်သို့ ပြန်လည် ရောက်ရှိခဲ့

## သီပေါမင်းလက်ထက်

၁၈၇၉ ခုနှစ်တွင် သီပေါမင်း နန်းတက်လာသောအခါ ဦးမြိုသည် နိုင်ငံခြားရေးဆိုင်ရာဌာနတွင် စာရေးတော်ကြီးအဖြစ် အမှုထမ်း လေသည်။ ၁၈၈၂ ခုနှစ်တွင် အီတလီလူမျိုး စစ်ဗိုလ် ဘာဘေရစ်အ ၄ားရမ်းကာ မြန်မာစစ်သည် သွေးသောက်ကြီးတို့ကို ခေတ်မီစစ်ပညာ သင်ကြားပေးရာ၌ ဦးမြိုသည် လေ့သင်းအတွင်းဝန်နှင့်အတူ ကူညီ လုပ်ဆောင်ပေးရ၏။ ဦးမြိုအနေဖြင့် သီပေါမင်းလက်ထက်တွင် ကင်း မင်းကြီး၏ စာရေးတော်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရပြီး နိုင်ငံခြား အတွေ့အကြုံရှိသူတစ်ဦးဖြစ်သည့်အလျောက် နိုင်ငံရပ်ခြားရေး ကိစ္စများ ပေါ်ပေါက်လာသည့်အခါတိုင်း ကူညီဆောင်ရွက်ပေး လေသည်။

## ဒီပဲယင်းဝန်ထောက်

သီပေါမင်း ပါတော်မူသွားပြီးနောက် ဦးမြိုကို အင်္ဂလိပ်အစိုး ဒီပဲယင်းဝန်ထောက်ရာထူး ခန့်အပ်ခဲ့သည်။ ဦးမြိုသည် အနေအထိုင် ခေတ်ဆန်သူဖြစ်၏။ အများအားဖြင့် နံနက်စာ ထမင်းမစားဘဲ နွား ကြက်ဥ စသည်တို့ကိုသာ စားသုံးတတ်သည်။ သီပေါမင်း ပါတော်မူ ခြင်းမှာ ဦးမြို၏ ပယောဂတစ်စိတ်တစ်ဒေသကြောင့်ဖြစ်ကြောင်း ပြောဆိုမှုများ ပေါ်ပေါက်ခဲ့ပါသေးသည်။ သို့သော် ယင်းစွပ်စွဲချက်မျာ သံသယဖြစ်ဖွယ်ရှိလေသည်။

၁၂ ဧပြီ ၁၉၀၂ ခုနှစ်တွင် အသက် (၅၈)နှစ်အရွယ်၌ ဦးမြို ဒေါ်ခင်ပုံ ကွယ်လွန်သွားပါသည်။ သမီးဖြစ်သူ ခင်သော်ကြီး အသက် (၂၂)နှစ်အရွယ် ၁၈၉၅ ခုနှစ်ကပင် ကွယ်လွန်သွားခဲ့ပြီးဖြစ် ဦးမြိုအဖို့ များစွာ အထီးကျန်ခဲ့ရ၏။ သို့ဖြင့် ဦးမြို၏ ညီဖြစ်သူ ဦး



www.burmeseclassic.com

www.burmeseclassic.com



မြောက်ပြင် ထားဝယ်ရပ်မှ လွှထောင် သမီး ဒေါ်စုနှင့် လက်ဆက်ခဲ့သည် ဆိုပါသည်။ ဒုတိယဇနီးဒေါ်စုနှင့်ဦးမြတို့မှ သား ဦးခင်မောင်မြင့် ဖွားမြင်ခဲ့သည်။ ဦးမြသည် ၁၉၁၀ ပြည့်နှစ်တွင် မြန်မာပြည် ဥပဒေပြုမင်းတိုင်ပင်အမတ် ဖြစ်လာခဲ့ပြီး ၁၉၁၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံ အထက်လွှတ်တော် ဥပဒေပြု မင်းတိုင်ပင်အမတ် ဖြစ်လာပါသည်။

ဦးမြသည် ၁၉၂၁ ခုနှစ် မန္တလေးမြို့တွင် ကျောင်းပပြုလုပ်သော ဂျီစီဘီအေ နဝမမြောက် ကွန်ဖရင့်၌ သဘာပတိအဖြစ်ဆောင်ရွက်ခဲ့သည်။

## နောက်ဆုံးနေ့များ

ဒီပဲယင်းဝန်ထောက် ဦးမြသည် နဝမအကြိမ်မြောက် ဂျီစီဘီအေ ကွန်ဖရင့်၌ သဘာပတိအဖြစ် ဆောင်ရွက်ချိန်တွင် အသက် (၇၉)နှစ် ရှိဖြစ်ပါသည်။ ဂျီစီဘီအေ ကွန်ဖရင့်ကို ၂၁ အောက်တိုဘာ ၁၉၂၁ ခုနှစ်၌ မန္တလေးမြို့တွင် ကျင်းပရာ သဘာပတိ ဦးမြ၏ မိန့်ခွန်းကို ဦးသန့်ဇင်ဆိုသူက ဖတ်ကြားပေးသည်။ ယင်းမိန့်ခွန်းကာ သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် လှုံ့ဆော်ပေးသည့် ရဲရဲတောက် မိန့်ခွန်းတစ်ရပ် ဖြစ်သည်ဟု ဆိုပါသည်။ ကွန်ဖရင့်သို့ အင်္ဂလန်နိုင်ငံ လေဘာပါတီမှ အမတ် ကာနယ်ဝက်ဝုလည်း လေ့လာသည့်အနေဖြင့် တက်ရောက်ခဲ့သည်။

ဦးမြသည် အမတ် ကာနယ်ဝက်ဝုနှင့် အင်္ဂလိပ်ဘာသာစကားဖြင့် ပြောဆိုကာ အမတ်၏ဇနီး ပြင်သစ်သူနှင့်မူ ပြင်သစ်ဘာသာဖြင့် ပြောဆိုသရာ ယင်းတို့ ဇနီးမောင်နှံက အလွန်ပင် အံ့အားသင့်သွားကြ၏။ ထိုကွန်ဖရင့် မိန့်ခွန်းကြောင့် အင်္ဂလိပ်အစိုးရ အသိုင်းအဝိုင်းက များစွာ ဒေါသမနပ်ဖြစ်သွားကြကာ ဦးမြအား ဝန်ချတောင်းပန်ရန်နှင့် ယင်းသို့ တောင်းပန်ပါက ပင်စင်ရပ်ဆိုင်းပစ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ နောက်ဆုံးတွင် ဦးမြအားအလျှော့ပေးလျက် ပင်စင်ပေးမြဲ ဆက်ပေးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြသည် မန္တလေးမြို့၊ ၈၄-လမ်း၊ ကျောင်းသွေးကန်ရပ်ရှိ နေအိမ်တွင် အသက် (၈၃) နှစ်အရွယ် ၈ ဒီဇင်ဘာ ၁၉၂၄ ခုနှစ်၌ ကွယ်လွန်သွားပါသည်။ ဦးမြ၏ ရုပ်ကလပ်ကို မန္တလေးမြို့၊ မင်းကွန်းကျောင်းတိုက်အတွင်း၌ပင် ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



# (၁၁) စကားပြန်နှစ်ဦးနှင့် ဘင်္ဂလားသွားအဖွဲ့

၁၈၆၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဘင်္ဂလားပြည်နယ်သို့ ပညာတော်သင် လူငယ် (၁၈)ဦးကို စကားပြန်နှစ်ဦး အုပ်ချုပ်စေလျက် လက်နက်သေနတ်ပြုလုပ်နည်းအတတ်ပညာသင်ယူလေ့လာရန် စေလွှတ်လိုက်သေသည်။ ဤပညာတော်သင်အဖွဲ့ကား အင်္ဂလိပ် မဟာဝန်ရှင်တော်မင်းကြီးသစ် ဖိုက်ချ်နှင့် ပခန်းမင်းကြီး ဦးရန်ဝေးတို့တွေ့ဆုံဆွေးနွေးချက်အရ ညှိနှိုင်းကာ စေလွှတ်ခဲ့သည့်အဖွဲ့ဖြစ်ပါသည်။ သို့ဖြစ်၍ အရေးပေါ်စေလွှတ်ခဲ့ရသည့်အလျောက် ပညာတော်သင် သွားရောက်မည့် လူငယ်များအား ကြိုတင်လေ့ကျင့်သင်ကြားမှုမျိုး မပြုလုပ်နိုင်ခဲ့ကြပေ။

## စကားပြန်နှစ်ဦး

စကားပြန်နှစ်ဦးကို ပညာတော်သင်အဖွဲ့နှင့်အတူ လိုက်ပါအုပ်ချုပ်စေရာ၌ အင်္ဂလိပ်ဘာသာ စကားပြန် ကြံသီးနှင့် ဟင်ဒီဘာသာစကားပြန် မောင်သန်းတို့ လိုက်ပါခဲ့ရ၏။ ဤတွင် စကားပြန် ကြံသီးနှင့်ပတ်သက်၍ အလုပ်ရုံ အုပ်ချုပ်သူများ၏ အစီရင်ခံစာ၌ ကြံသီးသည် အင်္ဂလိပ်စာကို ဟုတ်တိပတ်တိ တတ်မြောက်သူမဟုတ်ဘဲ ထမင်းစားရေသောက်မျှသာတတ်သဖြင့် ပညာတော်သင်များ စာသင်ကြားရာတွင် အခက်အခဲဖြစ်ရပါကြောင်း ဖော်ပြပါရှိ၏။ ဟင်ဒီစကားပြန် မောင်သန်းနှင့် ပတ်သက်၍လည်း ထိုနည်းတူပင်ဖြစ်ပါသည်။

မောင်သန်းသည် ဟင်ဒီဘာသာကို ကောင်းစွာ ကျွမ်းကျင်တတ်မြောက်သူမဟုတ်သဖြင့် အချို့စကားများကို အလုပ်ခွင်၌ ဘာသာပြန်ဆိုစေရာ၌ ရေလည်စွာ မပြန်နိုင်သောကြောင့် ကြန့်ကြာနေရသည်များပါသည်။ သို့သော် ပညာကို ကုန်စင်တတ်မြောက်အောင် မပေးလိုသော ဗြိတိသျှ အစိုးရလက်အောက်ခံ အရာရှိများအနေဖြင့် အကြောင်းမဲ့ အချိန်ဆွဲနေခြင်းမျိုးက များပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ပညာတော်သင်များ

ဘင်္ဂလား ပညာတော်သင် (၁၈)ဦးမှာ ကံရေး၊ မောင်ကြာ၊ မောင်ခွေး၊ မောင်ဆောင်း၊ ညိုရောင်၊ ပန်းဖုံ၊ ဘိုးကောင်း၊ မောင်မှို၊ ရာနွန်း၊ မောင်ရှင်၊ ရွှေကြွင်း၊ ရွှေရိုး၊ လူလှ၊ လူသာ၊ သာဘူး၊ သာဟန်၊ မောင်သောင်း၊ မောင်ညိုတို့ဖြစ်ကြသည်။ ပညာတော်သင်များသည် ၁၈၆၉ ခုနှစ်တွင် နေပြည်တော်မှ ဘင်္ဂလားသို့ ထွက်ခွာခဲ့ကြရ၏။ ဘင်္ဂလားပြည်နယ်သို့ ရောက်သောအခါ၌မူ အုပ်စု သုံးစုခွဲ၍ မြို့သုံးမြို့၌ ပညာသင်ကြားခဲ့ကြရ၏။

ကြံသီးခေါင်းဆောင်သော ပညာတော်သင် (၆)ဦးမှာ ကော့စီပူရ် (Cossipoor)မြို့ လက်နက်စက်ရုံ၌လည်းကောင်း၊ ဟင်ဒီစကားပြန် မောင်သန်းခေါင်းဆောင်သော ပညာတော်သင် (၅)ဦးမှာ ဖို့ဒ်ဝီလျံ (Fort William) မြို့ အလုပ်ရုံ၌လည်းကောင်း၊ ကျန်ပညာတော်သင် (၉)ဦးမှာ ဒန်ဒန်မြို့ (Dum Dum) လက်နက်အသေးစားစက်ရုံ၌လည်းကောင်း ပညာသင်ယူခဲ့ကြရ၏။ ယင်းပညာတော်သင်များမှာ ၂၅ စက်တင်ဘာ ၁၈၆၈ ခုနှစ် ရက်စွဲပါ ပုခန်းမင်းကြီးဦးရန်ဝေးက ဗြိတိသျှ ဝန်ကြီးထံ ပေးစာအရ သွားရောက်ခဲ့ကြရခြင်းဖြစ်သည်။ ပညာတော်သင်တို့သည် ရန်ကုန်မြို့မှ ၁၈၆၉ ခု မတ်လအတွင်း ထွက်ခွာသွားကြသည်။

၎င်းတွင် ပညာတော်သင်များအား ကူညီရန် စကားပြန်အဖြစ် လိုက်ပါခဲ့ကြသူနှစ်ဦးမှာလည်း စင်စစ်အားဖြင့် ပညာတော်သင်များသာ ဖြစ်ကြလေသည်။ သူတို့သည်လည်း စကားပြန်အလုပ်ကို လုပ်ကိုင်ရင်း အခြားပညာတော်သင်များနည်းတူ ပညာဆည်းပူးလေ့လာကြရ၏။

## ကြံသီးနှင့်အဖွဲ့

ကြံသီးနှင့် အဖွဲ့တွင် ကြံသီး၊ မောင်ရှင်၊ သာဟန်၊ ညိုရောင်၊ မောင်သောင်းနှင့် ဘိုးကောင်းတို့ ပါဝင်ပါသည်။ ကြံသီးခေါင်းဆောင်သော ပညာတော်သင် (၆)ဦးသည် ကောက်စီပူ (Cossipore) မြို့ သေနတ်



www.burmeseclassic.com

www.burmeseclassic.com



စက်ရုံသို့ ၁၈၆၉ ခုနှစ် ဧပြီလမှ စတင်ရောက်ရှိကာ ပညာဆည်းပူးလေ့လာကြသည်။ သူတို့သည် ၁၈၇၁ ခု၊ ဇွန်လ အထိ ပညာသင်ယူခဲ့ကြရာ၌ ခေါင်းဆောင်ဖြစ်သူ အင်္ဂလိပ်စာတတ် ကြံသီးမှာ ပုံဆွဲပညာ၊ လက်သမားပညာ၊ ပုံစံပြု၊ သံနှင့်ကြေးအရည်ကြို၊ ပုံသွင်း၊ သွန်းလုပ်အတတ်ပညာများ သင်ယူအောင်မြင်ပြီးဖြစ်သည်ကို တွေ့ရှိရ၏။ မောင်ရှင်း၊ သာဟံနှင့် ညိုရောင်တို့မှာမူ ပုံဆွဲပညာမပါဘဲ ကျန်ပညာရပ်များကို ဆည်းပူးခဲ့ကြရသည်။

ပညာတော်သင် မောင်သောင်းနှင့် ဘိုးကောင်းတို့ကား ပန်းဘဲအတတ်ပညာနှင့် Fitting တို့ကို တတ်မြောက်ခဲ့ကြ၏။ သူတို့၏အကြီးအကဲ လက်နက်စက်ရုံဝန်ထောက် ကာနယ် မက္ကဆွဲ (Col. Maxwell) တမူ ၂၀ ဇွန် ၁၈၇၁ ရက်စွဲပါ အစီရင်ခံစာ၌ ပညာတော်သင် လူငယ်များ နှစ်နှစ်အတွင်း တစ်နှစ်ကျော် ပျက်ရက်ရှိကြောင်း၊ ကြံသီးမှာ အင်္ဂလိပ်စကားကောင်းစွာတတ်သူမဟုတ်၍ အခက်အခဲရှိကြောင်း၊ ညိုရောင်ဆိုသူမှာ အလုပ်ဆင်းသည့်ဟန်ဖြင့် လက်မှတ်ထိုးကာ အလုပ်ခွင်မှ လစ်သွားတတ်ကြောင်း စသည်ဖြင့် ဖော်ပြထား၏။ သို့သော် မက္ကဆွဲက မြန်မာလူငယ်များ ယဉ်ကျေးသိမ်မွေ့ကြပြီး အလုပ်ရုံမှ တိုင်းရင်းသား အိန္ဒိယတိုင်းသားတို့နှင့်လည်း သင့်တင့်အောင် နေတတ်ကြောင်းကိုတော့ ဖော်ပြထား၏။

မက္ကဆွဲသည် ပညာတော်သင်များကိစ္စကို ကာလကတ္တားရှိ မင်းတုန်းမင်းတရားကြီး၏ ကိုယ်စားလှယ်တော် Mr. E.J Carrier ထံသို့လည်း အကြိမ်ကြိမ် တိုင်ကြားခဲ့သေးသည်။ ကြံသီးတို့အဖွဲ့သည် အစီရင်ခံစာအရ စားစရိတ် ထောက်ပံ့ကြေး လုံလောက်ကြဟန်မတူပေ။ ဤကိစ္စမှာ ဘုရင်မင်းမြတ်၏ ကိုယ်စားလှယ်တော်နှင့် တိုက်ရိုက်သက်ဆိုင်ဟန်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



## မောင်သန်းနှင့်အဖွဲ့

ဟင်ဒီစကားပြန် မောင်သန်းနှင့် မောင်ခွေး၊ လူသာ၊ မောင်ကြာ ပန်းဖုံတို့ (၅)ဦးမှာ ဖို့ဒ်ဝီလျံ (Fort William) လက်နက်တိုက်သို့ ရောက်ရှိ ခဲ့ကြသူများဖြစ်၏။ သူတို့သည် (၂)နှစ်တာ ကာလအတွင်း Enfield Rifle သေနတ် မောင်းခလုတ်ကို ပြုလုပ်တပ်ဆင်နိုင်ကြပြီး သတ္တုကိုလည်း မာကျောအောင် ဆေးနိုင်ကြကြောင်း၊ သို့သော် သေနတ်ပြောင်း၊ ဒင် တပ်ဆင်ရာ၌ ဝက်အူစုပ်၊ အချောကိုင်ခြင်းများကို လေ့ကျင့်ရန် လိုအပ် နေသေးကြောင်း ၁ ဇူလိုင် ၁၈၇၁ ခုနှစ် Mr. P. Jones ၏ အစီရင်ခံစာ အရ သိရှိရ၏။ ဤသည်မှာ ပညာတော်သင်တို့ ပျက်ရက်များလွန်း၍ ဖြစ်ကြောင်း ဆိုပါသည်။

သက်ဆိုင်ရာ အရာရှိများသည် ၁၈၆၉ ခု၊ ဧပြီလမှ ၁၈၇၀ ခု မတ်လအထိ ပထမနှစ်တွင် သင်တန်း တက်မတက် စာရင်း မကောက်ခဲ့ ခဲ့ချေ။ သို့သော် သင်တန်း ဒုတိယနှစ်ဖြစ်သော ၁၈၇၀ ခု မတ်လမှ ၁၈၇၁ ခု ဇူလိုင်လအတွင်း၌မူ ကျောင်းခေါ်ချိန်ကို အသေအချာ မှတ်ယူခဲ့ကြ၏။ မှတ်တမ်းအရ ခေါင်းဆောင် မောင်သန်းသည် ၈၉ ရက် သင်တန်းတက်ပြီး ၁၃၀ ရက် ပျက်ကွက်ခဲ့၏။ ၁၄၆ ရက်မှာမူ ဖျားနာ၍ ခွင့်ယူထားသည်။ အလားတူ ကျန်သူများမှာလည်း နှစ်နှစ်အတွင်း တစ်နှစ်ခန့် ပျက်ရက် ရှိကြသည်ဆို၏။ ခေါင်းဆောင် မောင်သန်းသည် ဟင်ဒီ စကားပြန် ဆိုသော်လည်း ကျွမ်းကျင် ရေလည်စွာ တတ်မြောက်မှုမရှိပါ။ သို့သော် အားလုံးမှာ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း အစီရင်ခံစာ၌ ဖော်ပြ၏။

ဘင်္ဂလားသွား ပညာတော်သင်များနှင့်ပတ်သက်၍ ကြံ့သီး ခေါင်းဆောင်သောအဖွဲ့နှင့် မောင်သန်းခေါင်းဆောင်သော အဖွဲ့တို့ အကြောင်း တစ်စိတ်တစ်ဒေသကိုသာ သိရှိရပါသည်။ ဒမ်ဒမ် (Dum Dum)မြို့သို့ ရောက်သွားသော ပညာတော်သင်(၉)ဦး အကြောင်းကိုမူ အမှတ်အသား မတွေ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



## ဆက်လက်ပညာသင်ခွင့်

ပညာတော်သင်များ၏ ပညာသင်နှစ် (၂)နှစ်ကာလအတွင်း အစီရင်ခံစာများကို အိန္ဒိယဘုရင်ခံချုပ်၏ နိုင်ငံခြားရေးဌာန အတွင်းဝန်က ၅ စက်တင်ဘာ ၁၈၇၁ ခုနှစ်တွင် အောက်မြန်မာနိုင်ငံ မဟာဝန်ရှင်တော် မင်းကြီးထံသို့ သိသာရန် ပေးပို့လိုက်၏။ ယင်းကိစ္စနှင့် ပတ်သက်၍ အထက်မြန်မာနိုင်ငံရှိ မြန်မာဘုရင် မင်းတုန်းမင်းထံ အကြောင်းကြားရန် မလိုသော်လည်း ပညာသင်နှစ် (၂)နှစ် ပြည့်ပြီဖြစ်သဖြင့် ဆက်လက်ပညာ သင်ကြားရေးနှင့်ပတ်သက်၍ ဘုရင်မင်းမြတ်၏ သဘောထားကို စုံစမ်း အစီရင်ခံရန် ညွှန်ကြားခဲ့သည်။ သို့ဖြင့် ရန်ကုန်ရှိ မဟာဝန်ရှင်တော် မင်းကြီးမှတစ်ဆင့် မန္တလေးရှိ အင်္ဂလိပ်သံ ကိုယ်စားလှယ် Capt. G.A. Strover က ၁ နိုဝင်ဘာ ၁၈၇၁ ခုနှစ် ရက်စွဲပါ စာဖြင့် ပခန်းမင်းကြီး ဦးရန်ဝေးထံ မေးမြန်းခဲ့သည်။

စာဝင်စာထွက် မှတ်တမ်း (လွှတ်တော် ပုရပိုက် အမှတ်အသား အတိုကောက်မှတ်ပုံ)တွင်

> ၁၂၃၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့ [၁၈၇၁ ခု နိုဝင်ဘာလ (၁) ရက်နေ့] အင်္ဂလိပ်အရေးပိုင်က ပခန်းမင်းကြီးထံ ပေးစာ။
>
> ၁။ ဘင်္ဂလားမြို့ရှိ ပညာတော်သင်များမှာ ၂ နှစ်ရှိပြီဖြစ်၍ ၎င်းတို့ကို ထပ်မံ သင်ကြားထားလိုသည်၊ မထားလိုသည်များကို စာပြန် ပါမည့်အကြောင်း။
>
> ၁၂၃၃ ခု၊ နတ်တော်လဆန်း (၅)ရက်နေ့ (၁၆ နိုဝင်ဘာ ၁၈၇၁) အင်္ဂလိပ် အရေးပိုင်သို့ ပေးစာ
>
> ၂။ ဘင်္ဂလားမြို့ရှိ ပညာတော်သင်များ နေရာတကျ မတတ်မြောက် သေးဖြစ်၍ သင်ကြားမြဲ သင်ကြားစေလိုကြောင်း

ဟူ၍ တွေ့ရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းစာများအရ အောက်မြန်မာနိုင်ငံ မဟာဝန်ရှင်တော်မင်းကြီးက ၁ ဒီဇင်ဘာ ၁၈၇၁ ခုနှစ်တွင် မြန်မာပညာတော်သင်များ ဆက်လက်ပညာ သင်ကြားလိုပါကြောင်းဖြင့် အိန္ဒိယဘုရင်ခံချုပ်ထံ အကြောင်းကြားလိုက်၏။ သို့ဖြင့် မြန်မာ ပညာတော်သင်များ နောက်ထပ် (၁)နှစ် ဆက်လက်ပညာသင်ခွင့်ရရှိကြ၏။

## ပြည်တော်ပြန်ချိန်

မြန်မာ ပညာတော်သင်များသည် ဘင်္ဂလား၌ (၁)နှစ် ဆက်လက်ပညာသင်ယူကြစဉ်အတွင်း ထုံးတမ်းစဉ်လာအတိုင်း တိုင်ချက်များဖြင့် ပြည့်နှက်နေပါသည်။ ၁၈၇၂ ခုနှစ် ဇန်နဝါရီလ (၂)ရက်နေ့ ရက်စွဲပါ ကော့စီပူ လက်နက်စက်ရုံဝန်ထောက် မက္ကဆွဲ၏အစီရင်ခံစာတွင် စကားပြန် ကြံသီးကို အမှန်တကယ် တတ်ကျွမ်းသူနှင့် လဲလှယ်ပေးရန် ပါသကဲ့သို့ ယင်းနှစ် ဖေဖော်ဝါရီလ (၅)ရက်နေ့ ရက်စွဲပါ ဖို့ဒ်ဝီလျံ လက်နက်တိုက်မှ ဗိုလ်မှူး နီကို (Maj. T. Nicholl)၏ စာတွင်းလည်း မောင်သန်းအား လဲလှယ်ပေးရန် အလားတူဖော်ပြထား၏။ ၁၈၇၂ ခုနှစ် ဇွန်လတွင် အိန္ဒိယ ဘုရင်ခံချုပ်၏ နိုင်ငံခြားရေးဌာန အတွင်းဝန်ထံ မြန်မာပညာတော်သင်များနှင့် ပတ်သက်၍ တိုင်စာရောက်ရှိလာရာ၌ ပညာတော်သင်များသည် သေနတ်စက်ရုံမှ အကောင်းဆုံး အိန္ဒိယတိုင်းသား အလုပ်သမားများအား မြန်မာပြည်တွင် အမှုထမ်းရန် သွေးဆောင်ခေါ်ငင်နေကြောင်း ဖော်ပြပါရှိ၏။

အလုပ်သမား အများစုမှာ လိုက်ပါရန် ဆန္ဒရှိကြပြီး အချို့က စရန်ပင် ရရှိပြီးဖြစ်သည်ဟု ဆိုပါသည်။ ဤကိစ္စမှာ အလုပ်ရုံတာဝန်ခံများအတွက် ကြီးလေးသော ပြဿနာမင်ဖြစ်နေသည့်အလျောက် ဆိုင်ရာသို့ အစီရင်ခံခဲ့ကြခြင်းဖြစ်သည်။ သို့သော် ဘုရင်ခံချုပ်က မြန်မာ ပညာတော်သင်များအား ၁၈၇၃ ခုနှစ် ဇန်နဝါရီလအထိ ဆက်လက် ပညာသင်ကြားပေးရန် ညွှန်ကြားခဲ့သည်။ ထို့ပြင် စကားပြန် ကြံသီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မောင်သန်းတို့ကိုလည်း နောင် ဤကဲ့သို့ ပြုလုပ်ဆောင်ရွက်ပါက အလုပ်ရုံမှ ချက်ချင်းအထုတ်ခံရမည်ဟု သတိပေးထားရန်လည်း ညွှန်ကြားလိုက်၏။ ရန်ကုန်ရှိ ဗြိတိသျှ မဟာဝန်ရှင်တော်မင်းကြီးထံ ဆက်လက်အကြောင်းကြားရာ၌မူ ဘုရင်မင်းမြတ်အား လတ်တလောအားဖြင့် အသိပေးရန် မလိုကြောင်း ဖော်ပြပါရှိ၏။

တိုင်ကြားချက်မှာ ၁၈၇၂ ခုနှစ် ဇွန်လအတွင်း၌ ဖြစ်သော်လည်း ထိုအချိန်တွင် မြန်မာပညာတော်သင်များ အိန္ဒိယ၌ လုံးဝမရှိကြတော့ပေ။ ပညာတော်သင်တို့မှာ အလုပ်ရုံဝန်ထောက်နှင့် အာဏာပိုင်တို့၏ အုပ်ချုပ်မှုများ၊ မတော်မတရား ပြုကျင့်မှုများကြောင့် ၁၈၇၂ ခုနှစ် နှစ်ဦးကာလကပင် မြန်မာနိုင်ငံသို့ ပြန်သွားကြပြီဖြစ်ပါသည်။ သက်ဆိုင်ရာ အာဏာပိုင်တို့က ပညာတော်သင်များ ခါတိုင်းကဲ့သို့ ကာလကတ္တား၌ပင် ရှိနေသေးသည်ဟု ထင်မှတ်ထားကြ၏။ ဘုရင်မင်းမြတ်၏ ကိုယ်စားလှယ် တော် ကယ်ရီယာ (Mr. E.J Carrier)ထံ တိုင်ကြားကြသော်လည်း ထိုသူမှာမြန်မာနိုင်ငံသို့ သွားရောက်နေသဖြင့် အကြောင်းမထူးလှပေ။ သို့ဖြင့် နောက်ဆုံးတွင် မြန်မာပညာတော်သင်များ ကာလကတ္တားတွင် မရှိ စုံစမ်းစစ်ဆေး အစီရင်ခံရန် ကာလကတ္တားမြို့မ ပုလိပ်အဖွဲ့ကို ညွှန်ကြားလိုက်ရ၏။

၁၁ ဒီဇင်ဘာ ၁၈၇၂ ခုနှစ် ရက်စွဲပါ ရဲဝန်ထောက် မီလန် (Mr. J. Mylan)၏ အစီရင်ခံစာတွင် ကော့စိပူ(Cossipoor)ရှိ ပညာတော်သင် များ (၁၇-၉-၁၈၇၁) နောက်ဆုံးထား၍ သင်တန်း တက်ခဲ့ကြပြီး ဖို့ဒ်ဝီလျံ (Fort William)၌မူ (၃၁-၈-၁၈၇၁) တွင် နောက်ဆုံး သင်တန်းတက် ခဲ့ကြကြောင်း ဖော်ပြထား၏။ ထို့နောက် တစ်စုံတစ်ရာ အကြောင်း ကြားဘဲ ထွက်ခွာသွားကြကာ ကာလကတ္တားမြို့ Ruttoo Sirearလမ်း အိမ်အမှတ် (၃၇)နေ ကံဖေ ဆိုသူ မြန်မာတစ်ဦးအိမ်၌ တည်းခိုခဲ့ကြ နှင်သုတ်ခဲ့၍ ပြန်သွားကြပုံရကြောင်း၊ ကာလကတ္တားမြို့ရှိ မြန်မာတို့က



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ကောင်းစွာ သိရှိကြပြီး မြန်မာနိုင်ငံသို့ သူတို့အား ပြန်ခေါ်ရန် စာရေးဆက်သွယ်ရာ ခေါ်စာရရှိခဲ့ကြောင်း ဆိုပါသည်။

မြန်မာပညာတော်သင်တို့သည် **Messrs Mackinnon Mackenzie** သင်္ဘောဖြင့် ပြန်သွားကြသော်လည်း ရိုးရိုး ကူးတို့စီးအဖြစ် လိုက်ပါသွားကြသဖြင့် အမည်စာရင်းကို မတွေ့ရှိရဟုဆို၏။ ကာလ ကတ္တားသို့ ၁၈၇၂ အောက်တိုဘာတွင် ပြန်လည်ရောက်ရှိလာသော ကုန်သည် **Mr. Grant** ကမူ သူ မောင်ကြံသီးကို လွှန်ခဲ့သည့်လက မန္တလေးတွင် တွေ့ရှိခဲ့ကြောင်း ပြောကြားခဲ့၏။ အသေးစိတ်ထပ်မံ စစ်ဆေးမှုများအရ ဖို့ဒ်ဝီလျံမှ မောင်သန်းခေါင်းဆောင်သောအုပ်စုမှာ ၆ ဖေဖော်ဝါရီ ၁၈၇၂ ခုနှစ်တွင် ဘီအိုင် သင်္ဘောဖြင့်လည်းကောင်း၊ ကောစီပူမှ ကြံသီးတို့အုပ်စုမှာ ထိုလ (၂၀)ရက်နေ့ခန့်တွင် မက္ကင်စီ သင်္ဘောဖြင့်လည်းကောင်း ထွက်ခွာသွားကြောင်း သိရှိရတော့သည်။

သို့တိုင်အောင် ၁၈၇၃ခု၊ ဇန်နဝါရီလအထိ မန္တလေး အရေးပိုင်က ပခန်းမင်းကြီးဦးရန်ဝေးထံ ဘင်္ဂလားပညာတော်သင်များ မည်မျှကျန်၍ မည်မျှ ရောက်ရှိကြောင်းနှင့် အကုန်အစင်ရောက် မရောက်တို့ကို မေးမြန်း နေဆဲဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## (၁၂) ပထမဆုံး အီတလီနိုင်ငံသွား ပညာတော်သင်အဖွဲ့

အီတလီသည် မြန်မာနိုင်ငံနှင့် မဟာမိတ်ဖြစ်ခဲ့ရာမှ ၃ မတ် ၁၈၇၁ ခုနှစ်တွင် ကူးသန်းရောင်းဝယ်ရေး စာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ခဲ့သည်။ ယင်းစာချုပ်အရ အီတလီနိုင်ငံမှ ပညာရှင်အချို့ မြန်မာမင်းနေပြည်တော်သို့ ရောက်ရှိလာကာ စက်ရုံအလုပ်ရုံများ၌ အမှုထမ်းခဲ့ကြ၏။ ထိုစဉ်က အီတလီအစိုးရ၏ အထူးအာဏာကုန်လွှဲအပ်ခံရသူ ရေတပ်ဗိုလ်ရပ်ကယား (Carlo Alberto Racchia) သည် နေပြည်တော်၌ ကိုယ်စားလှယ်အဖြစ်နေထိုင်ကာ အီတလီမြန်မာဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်ပါသည်။

### ပညာတော်သင်မောင်တရုပ်ဖြူ

မင်းတုန်းမင်းတရားအနေဖြင့် ခေတ်မီစက်မှုနိုင်ငံတော် ထူထောင်ရာ၌ စစ်အင်အားကိုလည်း တိုးချဲ့နိုင်ရန်လိုအပ်သည့်အလျောက် အီတလီနိုင်ငံမှ စစ်ဘက်ဆိုင်ရာ အတတ်ပညာများ သင်ယူရန် ဆန္ဒရှိခဲ့၏။ သို့ဖြင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်သော ပခန်းမင်းကြီးဦးရန်ဝေးအား အီတလီကိုယ်စားလှယ်နှင့် ညှိနှိုင်းဆွေးနွေးစေကာ မြန်မာပညာတော်သင်တစ်ဦးကို ဦးစွာရွေးချယ်လိုက်လေသည်။ ယင်းသို့ရွေးချယ်ခံရသူကား မောင်တရုတ်ဖြူပင်ဖြစ်၏။

မောင်တရုတ်ဖြူသည် ၁၈၆၉ ခုနှစ်က မောင်မြဲနှင့်အတူ အင်္ဂလန်သို့ သွားရောက်ပညာသင်ယူခဲ့သူ ဖြစ်ပါသည်။ သို့သော် သူက အင်္ဂလန်တွင် အကြောင်းကြောင်းကြောင့် အဆင်မပြေခဲ့။ သို့ဖြင့် မောင်တရုတ်ဖြူ နေပြည်တော်သို့ ပြန်လည် ဆင့်ခေါ်ခံခဲ့ရသည်။ မောင်တရုတ်ဖြူသည် အင်္ဂလိပ်ဘာသာစကား ကောင်းစွာကျွမ်းကျင်တတ်မြောက်သူဖြစ်လေရာ ၁၈၇၃ ခုနှစ် ဇန်နဝါရီလအတွင်း ရပ်ကယားအပြန်တွင် အီတလီပညာတော်သင်အဖြစ် တစ်ပါတည်း ထိုက်ပါသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# လက်ဖက်ရည်တော် မောင်ဘိုးခြိုနှင့်အဖွဲ့

မောင်တရုတ်ဖြူ အီတလီနိုင်ငံသို့ ရောက်ရှိပြီး မရှေးမနှောင်း ကာလ၌ပင် လက်ဖက်ရည်တော်မောင်ဘိုးခြိုအပါအဝင် ပညာတော်သင် (၅)ဦးကို အီတလီနိုင်ငံသို့ စေလွှတ်လိုက်လေသည်။ ပညာတော်သင် များမှာ လက်ဖက်ရည်တော်မောင်ဘိုးခြို၊ ပန်းပဲခေါင်းမောင်ခက်၊ မောင်သာထား၊ မောင်လှိုင်း၊ မောင်စီတို့ပင်ဖြစ်ကြသည်။ သူတိုသည် အီတလီဘုန်းတော်ကြီး ဒေါင်ပေါက်လူ(Abbona)နှင့်အတူ အီတလီနိုင်ငံ ဂျီနိုဝါမြို့သို့ လိုက်ပါသွားခဲ့ခြင်းဖြစ်၏။ ဤတွင် ပညာတော်သင် မောင်တရုတ်ဖြူနှင့် ပညာတော်သင် (၅)ဦးတို့ ပူးပေါင်းမိသွားကြသည်။

အီတလီရောက်ပညာတော်သင်များ၏ ထောက်ပံ့ငွေနှင့် ပတ်သက်၍ ၁၃ စက်တင်ဘာ၊ ၁၈၇၃ ခုနှစ် ရက်စွဲပါစာတွင် -

> အီတလျံနိုင်ငံရှိ ဘရင်ဂျီ ခင်ကြီး ဒေါင်ပေါလူးနှင့် ပညာ တော်သင် ငတရုတ်ဖြူ ငခြို၊ ငသာထား၊ ငစီ၊ ငလှိုင်၊ ပန်းပဲ စာရေး ငခက်တို့ ဗရင်ဂျီခင်ကြီးဒေါင်ပေါလူးနှင့် အီတလျံ နိုင်ငံရှိ ပညာတော်သင်တို့၏လစာငွေကို အိန္ဒြိနေသို့အပ်၍ ပေးပို့အသနားတော်မြတ်ခံစေ ဘုရား အမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည်ဖြစ်၍ ပညာတော်သင်ငတရုတ်ဖြူ မှာ တစ်လ ၅၀၀ ကျပ်၊ ၆ လအတွက် ငွေ ၃၀၀၀၊ ငခြို၊ ငသာထား ငစီ၊ ငလှိုင်း၊ ငခက်တို့မှာ တစ်ကိုယ် တစ်လ ၂၀၀ ကျပ်။ ၁၂၃၅ခု သီတင်းကျွတ်လက နတ်တော်လကုန်တိုင် ၃ လအတွက် ငွေ ၃၀၀၀။ ဘရင်ဂျီ ခင်ကြီးဒေါင်ပေါလူး လခ။ တစ်လ ၃၀၀ ကျပ် ၃ လအတွက် ၉၀၀။ စုစုငွေ ၆၉၀၀ များကို သဘော်သူ ဘဏ်တင်တွက်နှင့်တကွ အိန္ဒြိနေသို့ အပ်၍ ပေးပို့လိုက်သည်။ ရောက်လျှင် မည်သည့်နေ့ ငွေရယူ သနားတော်မြတ်



www.burmeseclassic.com

www.burmeseclassic.com



ခံရမည့်အကြောင်းအရာများကို တင်စာ လျှောက်စာ ပေးအပ် လျှောက်ထားလိုက်ရသည်။

ဟူ၍ ဖော်ပြထားသည်။

## လစာငွေအထောက်အထား

အထက်ဖော်ပြပါစာတွင် ပညာတော်သင်တို့၏ လစာငွေကို လေ့လာကြည့်လျှင် မောင်တရုတ်ဖြူမှာ ၅၀၀ကျပ်၊ ကျန် (၅)ဦးမှာ ၂၀၀ ကျပ်၊ ခင်ကြီးဒေါင်ပေါက်လူက ၃၀၀ ကျပ်၊ ဟူ၍ တွေ့ရှိရပေမည်။ ယင်း အထောက်အထားအရ မောင်တရုတ်ဖြူမှာ လစာအများဆုံးဖြစ်နေ သည်ကိုတွေ့ရှိရ၏။ ဤတွင် လစာငွေ ပေးပို့ရာ၌ မောင်တရုတ်ဖြူအတွက် (၆)လစာ ၃၀၀၀ ကျပ်၊ ကျန် (၅)ဦးအတွက် (၃)လစာ ၃၀၀၀ ကျပ် ခင်ကြီးဒေါင်ပေါက်လူအတွက် (၃)လစာ ၉၀၀ ကျပ်၊ စုစုပေါင်း (၆၉၀၀) ကျပ်ကို ဦးစွာ လွှဲပြောင်းပေးခဲ့ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ပညာတော်သင်အဖွဲ့ တစ်ဖွဲ့လုံးကို အီတလီသို့ ဦးစွာ ရောက်ရှိနေသူ မောင်တရုတ်ဖြူက ကြီးကြပ်ကွပ်ကဲရသည်ဟု မှတ်ယူရ၏။

ပညာတော်သင် မောင်တရုတ်ဖြူအနေဖြင့် ၁၂၃၅ခု၊ သီတင်းကျွတ်လမှ စတင်၍ လစာငွေ (၆)လစာရရှိပြီးဖြစ်ချိန်၌ ကျန် (၅)ဦးမှာ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော် (၁၈၇၃ ခု၊ အောက် တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ) ၃ လအတွက်သာလျှင် ရရှိပါသေးသည်။ ၂၃ ဒီဇင်ဘာ ၁၈၇၃ ခုနှစ် ရက်စွဲပါစာတွင် ကျန် ပညာတော်သင် (၅)ဦး အတွက် ပြာသို၊ တပို့တွဲ၊ တပေါင်း (၁၈၇၄ ခု၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်) လများအတွက် (၃)လစာ လစာငွေ ပေးပို့လိုက်ကြောင်း ဖော်ပြ ထား၏။ လစာငွေ ပေးပို့ရာ၌ ကျောက်သံပတ္တမြားများ ရောင်းချ၍ လည်းကောင်း၊ ရတနာပုံ ဒင်္ဂါးစက်ရုံမှ တစ်ကျပ်သုံးဒင်္ဂါးများကို ရှပ်ီး ကျပ်နှင့်အညီအမျှ ထား၍လည်းကောင်း ပေးပို့ခဲ့ကြောင်း တွေ့ရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ၂၃ ဒီဇင်ဘာ ၁၈၇၃ ခုနှစ် ရက်စွဲပါစာ၌

"ပညာတော်သင် မောင်တရုတ်ဖြူ လခ တစ်လ ၅၀၀ ကျပ်၊ ၃ လ အတွက် ငွေ ၁၅၀၀ ကို ပြာသိုလဆန်း -- ရက်နေ့ အိန္ဒိနေ့သို့ ပေးပို့လိုက်သည်။"

ဟူ၍ ဖော်ပြထားသည်ကို လည်း တွေ့ရှိရပေရာ မောင်တရုတ်ဖြူ အား မူလ (၆)လစာ ထုတ်ပေးပြီးဖြစ်သည်ကို နေပြည်တော်မှ မေ့လျော့ သွားဟန်ရှိပေသည်။

## ပညာတော်သင်ဘဝ

အီတလီရောက် ပညာသင်များအနက် မောင်တရုတ်ဖြူသည် ကြည်းကြောင်း၊ ရေကြောင်းဆိုင်ရာ ပညာရပ်များကို လေ့လာဆည်းပူး ရ၏။ သို့သော် မောင်တရုတ်ဖြူအပါအဝင် ပညာတော်သင် (၆)ဦးစလုံးမှာ ကျွမ်းကျင်ဖြစ်မြောက်အောင် တတ်မြောက်ခဲ့ခြင်းမရှိကြပေ။ အီတလီ ဘာသာစကားအခက်အခဲကလည်း ပညာတော်သင်များအဖို့ကြီးမားသော အတားအဆီးတစ်ရပ်ဖြစ်နေပေသည်။ ထို့ကြောင့် မင်းတုန်းမင်းတရား မျှော်လင့်ထားသော စစ်ပညာရပ်များကို လက်တွေ့ တတ်မြောက်လာ ခဲ့ခြင်းမရှိဟု ဆိုနိုင်ပေသည်။

၁၃ မေ ၁၈၇၄ ခုနှစ် ကင်းဝန်မင်းကြီးဦးကောင်း အီတလီ နိုင်ငံသို့ရောက်ရှိစဉ် အီတလီ ရေတပ်ဗိုလ် ရပ်ကယားက ပညာတော်သင် များ၏ အခြေအနေကို အသေးစိတ်လေ့လာတင်ပြခဲ့သည်။ ပညာ တော်သင် တို့အနေဖြင့် အောင်မြင်မှုမရှိသည့်အလျောက် နေပြည်တော်သို့ စေလွှတ်သင့်ကြောင်း ရပ်ကယားက တင်ပြဆွေးနွေးခဲ့သည်။ သို့ဖြင့် ၁၈၇၄ ခုနှစ် ဇူလိုင်လအတွင်း၌ပင် မအောင်မြင်သော မြန်မာပညာ တော်သင်တစ်စု အီတလီနိုင်ငံ၊ ဂျိနိုအာမြို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## စာရေးကြီးဖြစ်လာသူ မောင်သာထား

အီတလီရောက် ပညာတော်သင်တို့သည် ၁၈၇၄ ခုနှစ်၊ ဇူလိုင်လအတွင်း၌ နေပြည်တော်သို့ ပြန်လည် ရောက်ရှိလာခဲ့ကြသည်။ ထို့ကြောင့် ပညာသင်ကာလမှာ တစ်နှစ်ခွဲမျှသာ ကြာမြင့်ခဲ့ကြလေသည်။ ပညာတော်သင်တို့သည် အီတလီဘာသာစကားကို သင်ယူ တတ်မြောက်ရန် ကြိုးပမ်းနေရသည့်အတွက် စစ်ဘက်ဆိုင်ရာ ပညာရပ်များကို သင်ယူဖို့ရန် အခြေအနေမကောင်းခဲ့ပေ။ အီတလီနိုင်ငံသွား ပညာတော်သင် (၆) ဦးအနက် မောင်သာထားဆိုသူကတော့ ထူးချွန်သူတစ်ဦး ဖြစ်လာဟန်ရှိပါသည်။

မောင်သာထားသည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာပြီးနောက် မကြာမီ မဟာမင်းကျော်သခ်ယာဘွဲ့ခံ စာရေးကြီးရာထူးရရှိခဲ့ဟန်တူ၏။ အိန္ဒိယနိုင်ငံသို့ သီပေါမင်းလက်ထက် ၁၈၈၂ ခုနှစ်၊ မေလတွင် သွားရောက်ခဲ့သည့် ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုးခေါင်းဆောင်သော ဆင်းမလားသွားသံအဖွဲ့တွင် စာရေးတော်ကြီးမောင်သာထား ပါဝင်ကြောင်း စာအုပ်စာတမ်းအချို့၌ ရေးသားဖော်ပြကြသည်မှာ မမှန်ပေ။ ကုန်းဘောင်မင်းဆက် မဟာရာဇဝင်တော်ကြီးစာမျက်နှာ (၃၈၁)တွင် ဆင်းမလားသံအဖွဲ့ဝင်များစာရင်းပါရှိပါသည်။ ထိုစာရင်းပါ သံငယ်အဖြစ် လိုက်ပါသွားသူ စာရေးကြီး မဟာမင်းလှသခ်ယာမှာ ဆင်ဖြူကျွန်းဇာတိ ဦးထွန်းဆိုသူသာဖြစ်ပါသည်။

မောင်သာထားသည် နေပြည်တော်၌ နေထိုင် အမှုထမ်းရွက်စဉ်အတွင်း သံတမန်ရေးရာကိစ္စရပ်များ၌ ကူညီဆောင်ရွက်ရဟန်ရှိ၏။ ကင်းဝန်မင်းကြီးအဖွဲ့ ... ပြင်သစ်အတွင်းဝန် ဦးဘိုး ဦးဆောင်သော သံအဖွဲ့ ပြင်သစ်နိုင်ငံ ပါရီမြို့တော်သို့ ရောက်ရှိစဉ်အတွင်း ယခင်မင်းတုန်းမင်းလက်ထက်က ချုပ်ဆိုခဲ့သည့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စာချုပ်တစ်ခုကို အတည်ပြု ချုပ်ဆိုနိုင်ရန် စာရွက်စာတမ်းများ လိုအပ်သည့်အလျောက်



www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်နိုင်ငံသို့ သွားရောက် ပို့ဆောင်ရန် တာဝန်ပေးအပ်ခြင်း ခံခဲ့ရ၏။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ စာမျက်နှာ (၄၀၄)တွင် -

"ပေးရန်စာများကို ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ အတွင်းဝန် မြို့သစ်မြို့စားထံ စာရေးကြီး မောင်သာထားသို့ စေလွှတ်သွားရောက် ပို့အပ်စေရသည်။ စာရေးကြီးမောင်သာထားကိုလည်း စာရေးကြီး မင်းလှသခ်ယာနည်းဘွဲ့ အစီးအနင်း အဆောင်အရွက် ရန်ပုံငွေ သနားတော်မူသည်"

ဟူ၍ တွေ့ရှိရ၏။



www.burmeseclassic.com

www.burmeseclassic.com



# (၁၃) လှူပြန်တော်ဘိုးအစ်နှင့်ဘင်္ဂလားပညာတော်သင်များ

၁၈၇၅ ခုနှစ် နှစ်ဦးပိုင်းတွင် လှူပြန်တော် မောင်ဘိုးအစ် အုပ်ချုပ်သည့် ပညာတော်သင်(၆)ဦးတို့ ဘင်္ဂလားပြည်နယ်သို့ ပညာတော်သင် သွားရောက်ခဲ့ကြသည်။ ယင်းအဖွဲ့သည် ဗုဒ္ဓဂါယာသို့ အလှူတော်ပစ္စည်းများ သွားရောက်ပို့ဆောင်သူ အမှာတော်ရေး နေမျိုးမင်းထင်ကျော်ခေါင်ဘွဲ့ခံ ဦးရှင်ကလေးနှင့် လိုက်ပါသွားခဲ့ကြခြင်း ဖြစ်သည်။

## ပညာတော်သင်အဖွဲ့

ပညာတော်သင်အဖွဲ့တွင် လှူပြန်တော်မောင်ဘိုးအစ်မှာ အုပ်ချုပ်ရသူတစ်ဦးသာဖြစ်၏။ သူသည် ပညာတော်သင်တို့အား အမျိုးဘာသာ ထုံးတမ်းစဉ်လာမပျက် ဘုရားရှိခိုးမှုစ၍ မပြုသင့်သည်ကို မပြုရစေအောင် လူငယ်တို့ ပေါ့လျော့မှုမရှိဘဲ အမြဲ လုံ့လဝီရိယ ရှိစေဖို့ နှိုးဆော်ပေးရေးတို့အတွက် လိုက်ပါခဲ့ရသည် ဆိုပါသည်။

ပညာတော်သင်အဖွဲ့တွင် ပညာတော်သင် လူငယ် (၆)ဦး လိုက်ပါခဲ့၏။ ယင်းပညာသင်များမှာ မောင်ဘိုးစော၊ မောင်ထွန်းလင်း၊ မောင်ဘိုးထင်၊ မောင်ညို၊ မောင်ဖြူ၊ မောင်အင်းတို့ဖြစ်ကြပါသည်။ ပညာတော်သင်များအနေဖြင့် ဘင်္ဂလား၌ အချိန်မည်မျှကြာ ပညာသင်ကြား ရမည်ဆိုခြင်းကို သတ်မှတ်ပေးမထားဘဲ ပညာသင်ကြား အတတ်မြောက်ကြောင်း သက်သေခံတံဆိပ်လက်မှတ် ရရှိမှသာလျှင် ပြန်လာကြရန် ညွှန်ကြားခဲ့သည်ဆိုပါသည်။ ပညာတော်သင် တို့အတွက် လိုအပ်သော အသုံးအဆောင် ပစ္စည်းအဝဝကို ပညာသင်ခေါင်း လှူပြန်တော် မောင်ဘိုးအစ်က အပြည့်အစုံစီမံဆောင်ရွက်ပေးရ၏။

ပညာတော်သင်အဖွဲ့တွင် လူငယ်လူရွယ်များသာ ပါဝင်ပြီး အားလုံးမှာ ဝန်စုမှူးစုတို့မှ ပေါက်ဖွားလာကြသူများဖြစ်ကြသည်။ အသက်အရွယ်အားဖြင့်လည်း အကြီးဆုံးမှာ မောင်ဘိုးစောဖြစ်ပြီး အသက်



www.burmeseclassic.com

www.burmeseclassic.com



(၁၈)နှစ်အရွယ်ရှိပြီဖြစ်၏။ အသက်အငယ်ဆုံးမောင်အင်းမှာမူ အသက် (၁၅)နှစ်အရွယ်သာ ရှိပါသေးသည်။

## ဘင်္ဂလားသို့ရောက်ရှိကြခြင်း

ပညာတော်သင်များသည် အမှာတော်ရေး ဦးရှင်ကလေးနှင့်အတူ နေပြည်တော်မှ မီးသင်္ဘောဖြင့် ထွက်ခွာသွားကြရာ ကာလကတ္တားသို့ ရောက်ရှိကြပြီးနောက် ၁၆ ဇန်နဝါရီ ၁၈၇၅ ခုနှစ်တွင် ဘုရင်ခံ အိမ်တော်သို့ သွားရောက်ခဲ့ကြ၏။ နိုင်ငံခြားရေးရုံးမှ အတွင်းစာရေးကြီး ဟဲဘီက မြန်မာပညာတော်သင်များအား လာရောက်ခေါ်ယူပါသည်။ ဘုရင်ခံအိမ်တော်သို့ သံတဲမှ မြင်းရထားများဖြင့် သွားရောက်ကြခြင်း ဖြစ်၏။

ဘုရင်ခံအိမ်တော်သို့ရောက်ရှိသောအခါ အရှေ့မျက်နှာ မြောက်ဘက်တံခါးမှ ဝင်ရောက်ကာ အိမ်တော်သို့ တက်ရောက်ရသည်။ ထို့နောက် ခေတ္တစောင့်ဆိုင်းနေစဉ်အတွင်း အာချစ္စံခေါ် အတွင်းဝန်က ညွှန့်ခန်းသို့ ခေါ်သွားပါသည်။ ဘုရင်ခံညွှန့်ခန်းမသို့ ဝင်ရောက်လာသော အခါ မြန်မာသံအဖွဲ့ခေါင်းဆောင် မြောင်လှမြို့စား ဝန်ထောက်ဦးမြိမ့်နှင့် ဦးရှင်ကလေးတို့က မတ်တပ်ရပ်လျက်ရှိသော မြန်မာပညာတော်သင် များကို မိတ်ဆက်ပြောဆို၏။ ယင်းသို့ပြောဆိုရာ၌ ကင်းဝန်မင်းကြီး ဦးကောင်းနှင့် ပြောခဲ့ကြဖူးသည့်အတိုင်း ယခုပညာသင်ကြားရန် အပ်နှံ ပါကြောင်း မြန်မာသံတို့က ဆိုလေသည်။

## ပညာတော်သင်ဘဝ

ပညာတော်သင်များအား စနစ်တကျအပ်နှံပြီးသောအခါ ဘုရင်ခံမှ တစ်ဆင့် စိန့်စေဘီရာ (St.Zaviers) ကျောင်းသို့ မြန်မာပညာ တော်သင်များကို ပေးပို့ပညာသင်ယူစေခဲ့လေသည်။ မြန်မာပညာတော် သင်များမှာ အင်္ဂလိပ်ဘာသာတတ်ကျွမ်းကြသူများ မဟုတ်သဖြင့် အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာစကား ကျွမ်းကျင်မှုရှိစေရန် ဦးစွာလေ့လာသင်ယူကြရလေသည်။ အခြေခံအင်္ဂလိပ်ဘာသာကို ကျွမ်းကျင်တတ်မြောက်သောအခါမှ စက်မှုကျောင်း၌ စက်မှုအတတ်ပညာ၊ စစ်ဘက်ဆိုင်ပညာရပ်များနှင့် တရားဓမ္မသတ်၊ ဥပဒေပညာစသည်တို့ကို လေ့လာဆည်းပူးကြရ၏။

ကျောင်းတွင်ပညာသင်ကြားကြရစဉ်အတွင်း ထုံးတမ်းစဉ်လာအတိုင်း ဝတ်ဆင်နိုင်ရန် ဥရောပတိုက်သား အဝတ်အစားတို့ကို လူပြန်တော် မောင်ဘိုးအစ်နှင့် ဗြတိုက်သံတော်ဆင့် နေမျိုးသိဒ္ဓိရာဇာတို့က စီမံဆောင်ရွက် ပေးရလေသည်။ ယင်းသို့ကူညီဆောင်ရွက်ပေးရသူ ဗြတိုက်သံတော်ဆင့်မှာ ယခင်က ဘင်္ဂလားပြည်နယ်၌ ပထမဆုံးပညာသင်ကြားခဲ့ဖူးသူ ပညာတော်သင်ဟောင်း မောင်ပေါက်ကျိုင်းပင် ဖြစ်ပါသည်။ မောင်ပေါက်ကျိုင်းသည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးဟုဆိုရမည့် ဘင်္ဂလားစာရေးတော်ကြီးရုံးကို ဖွင့်လှစ်လိုက်သောအခါ ဘင်္ဂလား၌ အမြဲနေထိုင်ကာ ရုံးလုပ်ငန်းများ ဆောင်ရွက်နေရသူဖြစ်သည်။

ပညာတော်သင်တို့သည် ဘင်္ဂလား၌ ပညာသင်ကြားစဉ်အတွင်း ကျောင်းလခသုံးလစာ ကြိုတင်ပေးသွင်းအပ်နှံခဲ့ကြရခြင်းဖြစ်သည်။ ထို့ပြင် ပညာတော်သင်တို့ကို အသုံးစရိတ်ကိုလည်း နေပြည်တော်မှ အလျှင်းသင့်သလို ပေးပို့ထောက်ပံ့ခဲ့ကြရ၏။ ပညာတော်သင်တို့၏လစာမှာ ပညာတော်သင် (၆)ဦးအတွက် တစ်ဦးလျှင် တစ်လစားစရိတ် (၁၀)ကျပ်၊ ဆေးဝါးကုသစရိတ်အပါအဝင် အထွေထွေအသုံးစရိတ် ဒင်္ဂါး (၃၅)ကျပ် ဖြစ်ကြောင်း သိရှိရ၏။ ပုရပိုက်မှတ်တမ်း စာရင်းတစ်ခုအရ ပညာတော်သင် (၆)ဦးအတွက် သုံးလစာကုန်ငွေ (၆၃၀)ကျပ်ကို ကြိုတင်ပေးပို့ခဲ့ရကြောင်း သိရှိရပါသည်။

## ယန်းတာဦးဝန်မင်းတူ မောင်ဖြူ

ဘင်္ဂလားသွား ပညာတော်သင်အဖွဲ့တွင် မောင်ဖြူဆိုသူတစ်ဦး ပါဝင်ပါသည်။ မောင်ဖြူကိုပုရပိုက်မှတ်တမ်းတစ်စောင်တွင် အသက်



www.burmeseclassic.com

www.burmeseclassic.com



(၁၇)နှစ်၊ ပန်းတင်းဝန်မင်းတူဟူ၍ တွေ့ရှိရ၏။ ပန်းတင်းဝန်မှာ မည်သူ မည်ဝါဖြစ်ကြောင်း ဖော်ပြမထားသဖြင့် ပန်းတင်းဝန်အမည်ကို မသိရပေ။ သို့သော် ပန်းတင်းဝန်ဦးရွှေပင် ကွယ်လွန်ပြီးနောက် ပန်းတင်းဝန်၏ ပထမ ဇနီးမှမွေးသည့် သား မောင်ဘကြီး၊ မောင်ဘဖြူတို့ကတစ်ဖက်၊ ပန်းတင်းဝန်၏ ဖခင်ဦးခဲ၊ ဒေါ်လှဦးတို့ကတစ်ဖက်၊ ပန်းတင်းဝန်၏ဒုတိယ ဇနီး ဒေါ်ရွှေပုံကတစ်ဖက် အမွေမှုဖြစ်ပွားခဲ့ရာ၌ မောင်ဖြူမှာ ပန်းတင်းဝန် ဦးရွှေပင်၏ တူဖြစ်ကြောင်းသိရှိရပါသည်။

ပန်းတင်းဝန်ဦးရွှေပင်သည် တူဖြစ်သူမောင်ဖြူအား အလွန် ချစ်ခင်နှစ်သက်ဟန်တူ၏။ သူနာမကျန်းဖြစ်စဉ်ကာလအတွင်း နိုင်ငံခြားမှ ဝယ်ယူလာသော စာအုပ်များကို မောင်ဖြူအားပေးအပ်လိုက်ပါသည်။ စာအုပ်များကား စုစုပေါင်းငွေသုံးထောင်ဖိုးခန့်ရှိ၏။ ထိုခေတ်တွင် ရွှေတစ်ကျပ်သားလျှင် ငွေ(၂၀)ကျပ်မျှသာ ပေးရသဖြင့် ငွေသုံးထောင်မှာ ရွှေ (၁၅၀)ကျပ်သားနှင့် ညီမျှပါသည်။ ခေတ်ကာလတန်ဖိုးအရဆိုပါမူ သိန်း (၂၇၀)ခန့် တန်ဖိုးရှိ၏။ အမွေမှုမှတ်တမ်းပုရပိုက်ပါ ပန်းတင်းဝန် အဖဦးခဲ၏ ထွက်ဆိုချက်၌ -

> "အဖိုးတန်စာအုပ်များမှာ အပွားမဟုတ်၊ အတင်းမသိမ်းမယူ သားရှိစဉ် သုံးဆောင်ကြည့်ရှု၊ သားနာစဉ် အင်္ဂလိပ် ပညာတော်သင် တူ ဖြူသို့ ပန်းတင်းဝန်က ပေးကမ်းရှိပါသည်။ အဖိုး ၃၀၀၀ တန်မတန် မသိပါ။"

ဟူ၍ တွေ့ရှိရ၏။

ပညာတော်သင်မောင်ဖြူအပါအဝင် လူပြန်တော်မောင်ဘိုးအင် အုပ်ချုပ်သော ဘင်္ဂလားပညာတော်သင်များ မည်သည့်အချိန်၌ ရတနာပုံ နေပြည်တော်သို့ ပြန်ခဲ့ကြသည်ကိုမူ မသိရပေ။



www.burmeseclassic.com

www.burmeseclassic.com



# (၁၄) ဘင်္ဂလားမှ အီတလီသို့

၁၈၇၆ ခုနှစ်တွင် ဘင်္ဂလားမှတစ်ဆင့် အီတလီနိုင်ငံသို့ ပညာတော်သင် (၅)ဦး သွားရောက်ခဲ့ကြသည်။ ယင်းပညာတော်သင်များသည် ဗုဒ္ဓဂယာသို့ သွားရောက် လည်ပတ်ခဲ့ကြပြီး ဘင်္ဂလား စာရေးတော်ကြီးရုံးမှ အရာရှိဖြစ်သူ မြို့တိုက် သံတော်ဆင့် ဦးပေါက်ကျိုင်းက အီတလီနိုင်ငံသို့ လိုက်ပို့ခဲ့ရခြင်းဖြစ်ပါသည်။

## သံအဖွဲ့နှင့် လိုက်ပါလာကြသူများ

မြောင်လှမြို့စား ဝန်ထောက် ဦးခြိမ့်၏ သံအဖွဲ့သည် ဥရောပနိုင်ငံများသို့ သွားရောက်ရန် ၁၁ နိုဝင်ဘာ ၁၈၇၅ ခုနှစ်တွင် ရတနာပုံနေပြည်တော်မှ ထွက်ခွာလာခဲ့ကြသည်။ ဦးခြိမ့်တို့ သံအဖွဲ့တွင် ဝန်ထောက်တော် မဟာမင်းလှဇေယျသူ ဘွဲ့ခံ ဦးခြိမ့်က အဖွဲ့ခေါင်းဆောင်ဖြစ်ပြီး စာရေးတော်ကြီး နေမျိုးမင်းထင်စည်သူဘွဲ့ခံ ဦးကြီး၊ အမှုတော်ရေး နေမျိုးမင်းထင်ကျော်ခေါင်ဘွဲ့ခံ ဦးရှင်ကလေးတို့က လက်ထောက်အရာရှိများအဖြစ် လိုက်ပါခဲ့ကြခြင်းဖြစ်သည်။ ယင်းအုပ်စုထဲတွင် စာရေးတော်ကြီး ဦးကြီးမှာ ဘင်္ဂလားစာရေးတော်ကြီးရုံးတွင် အမှုထမ်းရန် လိုက်ပါ လာခဲ့ရခြင်းဖြစ်၏။ ဦးခြိမ့်နှင့်အတူ ပညာတော်သင်(၅)ဦးလည်း အိန္ဒိယသို့ လိုက်ပါလာခဲ့သည်။

ဦးခြိမ့်ဦးဆောင်သော သံအဖွဲ့သည် ရန်ကုန်မြို့မှတစ်ဆင့် ၁၀ ဒီဇင်ဘာ ၁၈၇၅ ခုနှစ်ခန့်တွင် ကာလကတ္တားသို့ ရောက်ရှိခဲ့ကြသည်။ ထိုအတောအတွင်း ၄ ဇန်နဝါရီ ၁၈၇၆ ခုနှစ်၌ မင်းတုန်းမင်းတရားက တင်းဝန်မင်းကြီး ဦးကောင်းအား အိန္ဒိယသို့ စေလွှတ်ရန် အမိန့်တော်ချမှတ် ပြန်၏။ အိန္ဒိယနိုင်ငံသို့ အလည်လာရောက်သော ဝေလမင်းသား (နောင် အက်ဒွက်ဘုရင်)အား ကြိုဆိုနှုတ်ဆက်ရန်နှင့် ဗုဒ္ဓဂယာရှိ သာသနိက အဆောက်အဦဟောင်းများကို ပြုပြင်ရန်အတွက် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကင်းဝန်မင်းကြီး ဦးကောင်းသည် နေပြည်တော်မှ ရက်တရက် ထွက်ခွာလာခဲ့ရ၏။ မင်းကြီး ဦးကောင်းနှင့်အတူ ဗုဒ္ဓဂါယာ၌ ပြုပြင်မွမ်းမံမှုများ ပြုလုပ်ရန် စာရေးတော် (၅)ဦးကိုလည်းခေါ်ယူခဲ့၏။

## ဗုဒ္ဓဂါယာဘုရားဖူး

ဝေလမင်းသားသည် ၁၀ ဇန်နဝါရီ ၁၈၇၆ ခုနှစ်တွင် ကာလကတ္တားသို့ ရောက်ရှိလာလေရာ ကင်းဝန်မင်းကြီးက ကြိုဆို နှုတ်ဆက်ပါသည်။ ထို့နောက် ကာလကတ္တားမြို့တွင် ဓာတ်ငွေ့ဖြင့် မီးပေးပုံစနစ်၊ ရေပေးဝေရေးစနစ်များကို လေ့လာပြီးစီးသွားသော ဝန်ထောက်ဦးခြိမ့်တို့ အဖွဲ့နှင့် နှစ်ဖွဲ့ပူးပေါင်းကာ ၁၄ ဇန်နဝါရီ ၁၈၇၆ ခုနှစ်တွင် ဗုဒ္ဓဂါယာသို့ ထွက်ခွာခဲ့ကြ၏။ ဗုဒ္ဓဂါယာသို့ မီးရထားဖြင့်သွားရောက်ခဲ့ကြခြင်းဖြစ်ပြီး ဇန်နဝါရီ (၁၆)ရက်နေ့တွင် ရောက်ရှိပါသည်။ ဟံသာဝတီတိုက်ထုတ် ကင်းဝန်မင်းကြီး၏ ကဗျာစုစာအုပ်နောက်ဆက်တွဲအဖြစ် ကာလကတ္တားသွား နေ့စဉ်မှတ်တမ်းကို ထည့်သွင်းထားရာ၌ ဗုဒ္ဓဂါယာသို့ အဖွဲ့ဝင် (၂၂)ဦး သွားရောက်ခဲ့ကြကြောင်း ဖော်ပြပါရှိ၏။

ဗုဒ္ဓဂါယာသို့ ရောက်ရှိသူ (၂၂)ဦးတွင် ပညာတော်သင် (၅)ဦး အပါအဝင်ဖြစ်သော်လည်း အမည်စာရင်းဖော်ပြမထားသဖြင့် မသိကြရပေ။ သို့သော် ကံအားလျော်စွာ ယင်းလူစာရင်းမှတ်တမ်းပုရပိုက်ကို ရှာဖွေ တွေ့ရှိပြီးဖြစ်ပေရာ ဗုဒ္ဓဂါယာသွား လူစာရင်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

သက္ကရာဇ် ၁၂၃၇ ခု ပြာသိုလပြည့်ကျော်(၄)ရက် သောကြာနေ့၊ (၁၄၊ ဇန်နဝါရီ ၁၈၇၆)၊ နေ့ တစ်ချက်တီးကျော် သုံးမောင်း အချိန်

ဝန်ရှင်တော် သေနတ်ဝန် ကင်းဝန်လယ်ကိုင်း မြို့စားမင်းကြီး
ဝန်ရှင်တော် မြောင်လှမြို့စားမင်း



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| သံတော်ဆင့်မင်္ဂလာမဟာသောင်တင်းပျံ လေ့တော်အုပ်မင်း | | |
| | - | ဦးလှဘူး |
| စာရေးတော်ကြီးမင်း | - | ဦးကြီး |
| ၎င်း | - | ဦးဖိုးလှ |
| ၎င်း | - | ဦးမြ |
| မြဲတိုက်သံတော်ဆင့် | - | ဦးပေါက်ကျိုင်း |
| စကားပြန် | - | မောင်ပေါက်ထွန်း |
| စာရေးတော် | - | မောင်ထွန်းကြီး |
| ၎င်း | - | မောင်ဖိုးလှ |
| ၎င်း | - | မောင်ဖိုးလူ |
| ၎င်း | - | မောင်ဖိုးမောင် |
| ၎င်း | - | မောင်မှျင် |
| ၎င်း | - | မောင်ဖိုးဆင် |
| ပညာတော်သင် | - | မောင်ရန်အေး |
| ၎င်း | - | မောင်ထွန်းလင်း |
| ၎င်း | - | မောင်ဖိုးသာ |
| ၎င်း | - | မောင်အုန်းဘူး |
| ၎င်း | - | မောင်ဖိုးသက် |
| ရန်ကုန်မြို့နေ ကျောင်းဒကာ | - | ဦးဖိုးညွှင်း |
| ၎င်း | - | ဦးဖိုးကြီးသား |
| | - | မောင်ဖ |

ဟူ၍ဖြစ်သည်။

ဤစာရင်းအရဆိုလျှင် မြောင်လှမြို့စားဝန်တော် ဦးခြိမ့်နှင့်အတူ ပြင်သစ်လားသို့ လိုက်ပါသွားကြသည့် ပညာတော်သင် (၅)ဦးမှာ မောင်ရန်အေး၊ မောင်ထွန်းလင်း၊ မောင်ဖိုးသာ၊ မောင်အုန်းဘူးနှင့် မောင်ဖိုးသက်တို့ ဖြစ်ကြပေသည်။

www.burmeseclassic.com



## နေရှုရာမြစ်ကမ်းသွား ပညာတော်သင်များ

ကင်းဝန်မင်းကြီးဦးကောင်းနှင့် မြောင်လှဝန်ထောက် ဦးမြိမ့်တို့ ကြီးကြပ်သောအဖွဲ့ဝင် (၂၂)ဦးပါ ဗုဒ္ဓဂါယာရောက်အဖွဲ့သည် ဗုဒ္ဓဂါယာ တာဝန်ရှိသူ မဟန္တဇော်ဂျီနှင့် တွေ့ဆုံကာ ဆောင်ယူလာသည့် အသပြာ (၄၇၄၂၄)ပြားတန် အလှူတော်များကို သေတ္တာဖြင့် ထည့်သွင်းလျက် အပ်နှံကြ၏။ ဤတွင် ၁၆ ဇန်နဝါရီ ၁၈၇၆ ခုနှစ် နံနက် (၁၀)နာရီခန့်၌ ကင်းဝန်မင်းကြီး ဦးကောင်း၊ သံတော်ဆင့် ဦးလှဘူး၊ စာရေးတော်ကြီး ဦးမြ၊ စာရေးတော် မောင်ဘိုးလှု၊ မောင်ဘိုးလှ၊ မောင်ဘိုးဆင်နှင့် ပညာတော် သင် နှစ်ဦးဖြစ်သော ထွန်းလင်းနှင့် အုန်းဘူးတို့အား နေရှုရာမြစ်ကမ်း တစ်လျှောက်ကြည့်ရှုလိုကြောင်း မဟန္တဇော်ဂျီက ပြောကြားခဲ့၏။ သို့ဖြင့် ဇော်ဂျီက သူ၏ လက်ထောက်ဝါသုဒေဝအား ခြေလျင်လိုက်ပို့စေပါသည်။

မောင်ထွန်းလင်းနှင့် မောင်အုန်းဘူးတို့သည် ပညာတော်သင် လာရောက်ကြသူများပီပီ နေရှုရာမြစ်ကမ်းတစ်လျှောက် အသေအချာ လေ့လာကြည့်ရှုဖြစ်ခဲ့ကြ၏။ ခြေလျင်အဖွဲ့မှာ နေ့လယ် (၁)နာရီမှ ဂါယာ မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။ ကျန်အုပ်စုတို့ကမူ မြင်းရထား (၆)စင်းဖြင့် ကြိုတင်ထွက်ခွာသွားခဲ့ကြပြီးဖြစ်၏။ ထို့နောက် ၁၇ ဇန်နဝါရီ ၁၈၇၆ ခုနှစ်တွင် ဂါယာမြို့မှ ပြန်လည်ထွက်ခွာလာခဲ့ကြသည်။ ဇန်နဝါရီ လ (၁၈)ရက်နေ့တွင် လူစုခွဲကာ အီတလီဆက်သွားမည့် သံအဖွဲ့ ဘင်္ဂလား ဘူတာ၌ ဘုံဘေမြို့သွား ရထားစောင့်ရင်း ကျန်ရစ်ခဲ့၏။ ကင်းဝန် မင်းကြီးနှင့် လူငယ်အုပ်စုမှာမူ ဘင်္ဂလားသို့ ပြန်ခဲ့ကြသည်။

## အီတလီနိုင်ငံသို့

ကင်းဝန်မင်းကြီး ဦးကောင်း အဖွဲ့သည် ဘင်္ဂလားမှ ...တစ် သားများ မြန်မာနိုင်ငံသို့ သယ်ယူသွားရန် စောင့်ဆိုင်းခဲ့ရသေး၏။ ဗောဓိသားများကို မြတိုက်သံတော်ဆင့် ဦးပေါက်ကျိုင်းက စောင့်ဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



သူပါသည်။ ၂၄ ဇန်နဝါရီ ၁၈၇၆ ခုနှစ်အတွင် ကင်းဝန်မင်းကြီးနှင့် ဦးလှဘူးတို့ မြန်မာနိုင်ငံသို့ ပြန်သွားကြသည်။ ပညာတော်သင် (၅)ဦးမှာမူ သတ်တလောအားဖြင့် အခြေခံ အင်္ဂလိပ်ဘာသာစကား သင်ယူနိုင်ရန် ဘင်္ဂလားစာရေးတော်ကြီးရုံးတွင် သောင်တင်နေခဲ့ကြဟန်တူပါသည်။ ပညာတော်သင်တို့အတွက် ကိစ္စအဝဝကို ဖြတိုက်သံတော်ဆင့် ဦးပေါက်ကျိုင်းကပင် ကူညီဆောင်ရွက်ခဲ့ရဟန်ရှိလေသည်။

ပညာတော်သင် (၅)ဦး ဘင်္ဂလား၌ တစ်နှစ်နီးပါးခန့် အခြေခံ ပညာရပ်များကို သင်ယူခဲ့ကြရ၏။ ထို့နောက် ဖြတိုက်သံတော်ဆင့် ဦးပေါက်ကျိုင်းကပင် အီတလီနိုင်ငံသို့ ပို့ဆောင်ပေခဲ့ရသည်။ ထိုစဉ် မြောင်လှမြို့စား ဝန်ထောက်ဦးမြိမ့်မှာ အီတလီနိုင်ငံ၌ရှိနေခဲ့ပြီး အမိန့်တော်အရ ခေါ်ယူစေခဲ့ခြင်းဖြစ်ဟန်တူ၏။ ဦးပေါက်ကျိုင်းခေါ် ဖြတိုက်သံတော်ဆင့် နေမျိုးသိဒ္ဓိကျော်စွာသည် ဘာသာစကားမျိုးစုံလည်း ကျွမ်းကျင် နှံ့စပ်သူဖြစ်လည့်အလျောက် ယင်းသို့ တာဝန်ယူခဲ့ကြခြင်း ဖြစ်ပေသည်။

## ဝန်ထောက်ဦးမြိမ့်၏မှတ်တမ်း

မြောင်လှမြို့စားဝန်ထောက် ဦးမြိမ့်က သူ ဂျီနိုအာမြို့၌ရှိနေစဉ် ဘင်္ဂလားမှ ပညာတော်သင်(၅)ဦးကို ဖြတိုက် သံတော်ဆင့် မောင်ပေါက်ကျိုင်းက လာရောက်ပို့ပေးခဲ့ကြောင်း သူ၏ "ပူတကေ၊ စပိန်၊ အီတာလျံသွား မှတ်တမ်း"တွင် ထည့်သွင်းရေးစပ်ခဲ့သည်။ မှတ်တမ်း တစ်ခုလုံးမှာ ကဗျာလင်္ကာဖြင့်ရေးဖွဲ့ထားခြင်းသာဖြစ်၏။ ပညာတော် သင်တို့ ရောက်ရှိပုံကို

"မျိုးခြားတို့လိုက်ဘာသာ၊ ရေလမ်း၊ ကြည်းလမ်း၊ သေနင် ကျမ်းများကို၊ တတ်ကျွမ်း သိလိမ္မာအောင်၊ ပညာသင်ရန်လူငယ် ငါး၊ ဆင်းရွယ်ရှုပ၊ တင့်တယ်လှသော၊ မြန်မာ့ အမျိုးသားတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ရပ်ခြားဒေသရှည်ဝေလံ၊ ပညာဆီမီး၊ ထိန်ပြောင်ညီးလှသော
ပြည်ကြီး အီတာလျံတွင် . . . ။

စသည်ဖြင့် ဖော်ပြထားပါသည်။

ထို့ပြင်လာရောက်အပ်နှံသူ မြဲတိုက်သံတော်ဆင့် မောင်ပေါက်ကျိုင်းကိုလည်း -

"အပ်နှံစေရန်တစ်ဌာန၊ ဤသို့စေ့စပ်၊ ပြုစေအပ်သော
မှုရပ်နှစ်ဌာနတို့ကို၊ ကြပ်မပို့ဆောင်စိမ့်သောအား၊ မျိုးခြားတို့
ဘာသာ၊ ကျွမ်းလိမ္မာလှသော၊ ရာရှိမင်းတစ်ပါးကို၊ မှတ်သား
ခန့်အပ်ပြီးလေလျှင်"

ဟူ၍ ဖော်ညွှန်းထား၏၊ ထိုစဉ်က မြန်မာသံအဖွဲ့ အီတလီ၌ရှိနေကြောင်းကိုမူ -

"ဒီပင်လယ်ရံ၊ အီတာလျံတွင်၊ သံတော်ရာရှိမင်းတို့၊ ရပ်တင်း
နေသည်ဌာန၊ ပြည့်စုံကြွယ်ဝ တင့်တယ်လှသော၊ ဒေသ
ဂျင်နဝါသို့၊ ပညာသင်တို့နှင့်တကွ၊ လက်ဆောင်တော်လျာ၊
ရာဇသံများကို . . "

စသည်ဖြင့် ရေးဖွဲ့ထားပါသည်။

ဦးခြိမ့်၏ မှတ်တမ်းအရ မြဲတိုက် သံတော်ဆင့် ဦးပေါက်ကျိုင်းသည် ၂၆ နိုဝင်ဘာ ၁၈၇၆ ခုနှစ်တွင် ဘင်္ဂလားမှ အီတလီနိုင်ငံ ဂျီနိုအာမြို့သို့ ပညာတော်သင် (၅)ဦးနှင့်အတူ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ဦးပေါက်ကျိုင်းသည် ပညာတော်သင်တို့အား တူရင်မြို့ရှိ ကျောင်းတွင် ပညာသင်ရန် အပ်နှံထားခဲ့ပြီး ဂျီနိုအာမြို့၌ (၁၈)ရက်ခန့် နေထိုင်ခဲ့၏။ ထို့နောက် ၁၄ ဒီဇင်ဘာ ၁၈၇၆ ခုနှစ်တွင် ဘင်္ဂလားသို့ ပြန်လည်ထွက်ခွာသွားလေသည်။ ဤအကြောင်းကို ဦးခြိမ့်၏ မှတ်တမ်း၌

"ပညာတော်သင် လူတို့အား၊ တူရင်မြို့မှာ၊ ကျောင်းဆရာတွင်၊
ကောင်းစွာအပ်နှံထား၍၊ သင်ကြားပြသလေစေပြီး၊ ကြဉ်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



လာရင်း၊ ရာရှိမင်းသည်လည်း၊ နေရင်းရပ်ဌာနီသို့ ရာသီ နတ်တော်လအတွင်း၊ ဆယ့်ရှစ်ရက်မျှ၊ ဆိုင်းပြီးမှလျှင်၊ မြန်းကြွ ပြန်လျှင်းသော . . .”

ဟူ၍ ရေးဖွဲ့ မှတ်တမ်းတင်ထား၏။

## ပညာတော်သင်မောင်ဖိုးသာ

အီတလီရောက် ပညာတော်သင် (၅)ဦးထဲတွင် မောင်ဖိုးသာနှင့် ပတ်သက်၍ မိုးဖြိုစစ်ကဲကြီးသား ဦးခင်မောင်ကြီး၏ မှတ်သားချက် အချို့မှာလည်း စိတ်ဝင်စားစရာကောင်းလှသည်။ မောင်ဖိုးသာသည် အီတလီနိုင်ငံတွင် ပညာသင်ကြားရာမှ မြန်မာပြည်သို့ ပြန်မရောက် တော့ပေ။ သူသည် Bo Tha အမည်ဖြင့် အီတလီ စစ်ဘက်ဆိုင်ရာ အရာရှိကြီးဖြစ်လာခဲ့၏။ ပထမကမ္ဘာစစ်အတွင်းက မောင်ဖိုးသာသည် တော်ဆိုပိုတေးမီးယားစစ်မြေပြင်သို့ ရောက်ရှိလာခိုက် သူ၏ ထိုးကွင်း ခင်ကြောင်များအား လုပ်ဖော်ကိုင်ဖက်တို့ကိုပြသကာ မြန်မာနိုင်ငံမှ မြန်မာလူမျိုးတစ်ဦးဖြစ်ကြောင်း ပြောပြခဲ့ဖူးသည်ဆို၏။

သို့ဖြစ်၍ အီတလီရောက် ပညာတော်သင် (၅)ဦးသည် စစ်ဘက်ဆိုင်ရာ ပညာရပ်များကို သင်ယူဆည်းပူးခဲ့ရသည်ဟု မှတ်ယူရ ပေသည်။ ကျန်ပညာတော်သင်များဖြစ်ကြသော ရန်အေး၊ အုန်းဘူးနှင့် ဒိုးသက်တို့ အကြောင်းကိုမူမသိရပေ။ ပညာတော်သင်အများစုမှာမူ ပြန်လည်ရောက်ရှိလာခဲ့ကြဟန်မတူပေ။ ပညာတော်သင်မောင်ထွန်းလင်း မှာမူကား နေပြည်တော်သို့ ပြန်လာပြီးနောက် ၁၈၇၈ ခုနှစ်တွင် ပြင်သစ် နိုင်ငံသို့ လိုက်ပါသွားခဲ့၏။

## အခြားပညာတော်သင်ငါးဦး

အီတလီနိုင်ငံသို့ ရောက်ရှိခဲ့ကြသည့် ပညာတော်သင်များအထဲတွင် အင်္ဂလာနမှ ဖြတ်ကိုက်သံတော်ဆင့် ဦးပေါက်ကျိုင်းလာပို့သော ပညာ



www.burmeseclassic.com

www.burmeseclassic.com



တော်သင်(၅)ဦးအပြင် အခြားပညာတော်သင်(၅)ဦးလည်း ရှိပါသေးသည်။ ထိုသူတို့ကား အုန်းပွင့်၊ ဘအို၊ ကံထူး၊ ထွန်းဦးနှင့် လှဘော်တို့ ဖြစ်ကြပါသည်။ ဤပညာတော်သင် (၅)ဦးအား အီတလီသို့ ဖြတ်ကိုက်သံတော်ဆင့် ဦးပေါက်ကျိုင်းက လာပို့ကြောင်း စာအုပ်စာတမ်းအချို့တွင် ရေးသားဖော်ပြကြ၏။ သို့သော် ဦးပေါက်ကျိုင်းလာပို့သူများမှာ မောင်ဖိုးသာ၊ မောင်ရန်အေး၊ မောင်ထွန်းလင်း၊ မောင်းအုန်းဘူးနှင့် မောင်ဖိုးသက်တို့သာ ဖြစ်ဟန်ရှိပါသည်။

မောင်အုန်းပွင့်တို့အုပ်စုမှာ ၁၈၇၆ ခုနှစ် နှစ်ကုန်ပိုင်း၌ပင် အီတလီသို့ ရောက်ရှိလာဟန်ရှိ၏။ အီတလီရောက် ပညာတော်သင် (၅)ဦး အဖွဲ့နှင့်ပတ်သက်၍ အကြောင်းအရာများ ရှာဖွေနေဆဲဖြစ်ပါသည်။ မောင်အုန်းပွင့်တို့ ငါးဦးသည် အီတလီ၌ ပညာသင်ယူနေကြစဉ်အတွင်း တစ်လလျှင် ထောက်ပံ့ကြေးငွေ တစ်ရာကျပ်စီရရှိခဲ့ကြ၏။ သူတို့သည် ဦးစွာ တူရင်မြို့၊ အပြည်ပြည်ဆိုင်ရာ ကောလိပ်တွင် အီတလီဘာသာစကားကို သင်ယူခဲ့ကြရသည်။ ပြီးမှသာ မိမိတို့၏ အထူးပြုဘာသာရပ်များကို ဆက်လက်လေ့လာ ဆည်းပူးခဲ့ကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# (၁၅) အီတလီတပ်မတော်တွင်းမှပညာတော်သင် မောင်အုန်းပွင့်

အီတလီနိုင်ငံရောက် ပညာတော်သင်များထဲတွင် မောင်အုန်းပွင့်၏ ဘဝမှာ များစွာ စိတ်ဝင်စားဖွယ်ရာကောင်းလှပါသည်။ မောင်အုန်းပွင့်သည် အသက် (၁၁)နှစ်အရွယ်ကပင် ပညာတော်သင်အဖြစ် အီတလီနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ကွယ်လွန်ချိန်အထိ မြန်မာနိုင်ငံသို့ ပြန်ရောက်လာခြင်းမရှိတော့ပေ။

## ဘဝထုပ္ပတ်

မောင်အုန်းပွင့်ကို ၂၉ ဒီဇင်ဘာ ၁၈၆၅ ခုနှစ်တွင် မန္တလေးမြို့၌ ဖွားမြင်ပါသည်။ မောင်အုန်းပွင့်သည် ချမ်းသာကြွယ်ဝသော မျိုးရိုးမှ ပေါက်ဖွားလာသူဖြစ်သည်။ သူ၏ဖခင်သည် ဆင် အမြောက်အများ ပိုင်ဆိုင်သော မင်းမှုထမ်းတစ်ဦးဖြစ်သည်ဆို၏။ မောင်အုန်းပွင့်ကို ပညာတော်သင်အဖြစ် ရွေးချယ်ခဲ့စဉ် အသက်(၁၁)နှစ်အရွယ်သာ ရှိပါသေးသည်။ သူနှင့်အတူ အဖော်များဖြစ်ကြသော ဘအို၊ ကံထူး၊ ထွန်းဦးနှင့် လှဘော်တို့လည်း အီတလီပညာတော်သင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ မောင်အုန်းပွင့်တို့အုပ်စု ၁၈၇၆ ခုနှစ်တွင် အီတလီသို့ ရောက်ရှိခဲ့ကြခြင်း ဖြစ်ပါသည်။

## ပညာတော်သင်ဘဝ

မောင်အုန်းပွင့်သည် ပထမဦးစွာ အီတလီနိုင်ငံ တူရင်မြို့ရှိ အပြည်ပြည်ဆိုင်ရာကောလိပ် (Collegio Internationale )တွင် အီတလီဘာသာကို သင်ယူကြရ၏။ အီတလီဘာသာစကားကို ရန်ကုန်မြို့တွင် ဆယ်နှစ်ခန့် နေထိုင်ခဲ့ဖူးသော အီတလီသာသနာပြု ဆရာတော်ရှုဆာ (Parussa)နှင့် ပါမောက္ခ ဖယ်ရယ်ရီ (Ferreri)တို့က တာဝန်ယူ



www.burmeseclassic.com

www.burmeseclassic.com



သင်ကြားပေးခဲ့ကြသည်။ ဤကျောင်းသို့ တက်ရောက်ရန် အပ်နှံပေးသူက အီတလီစစ်ဗိုလ်ရပ်ကယားဖြစ်ပါသည်။ ဖယ်ရယ်ရီကတော့ မောင်အုန်းပွင့်ကို အလွန်ချီးမွမ်းရှာသည်။

မောင်အုန်းပွင့်သည် အပြည်ပြည်ဆိုင်ရာကောလိပ်၌ အခြေခံ အီတလီဘာသာကို ကျွမ်းကျင်တတ်မြောက်သောအခါ မိုဒီနာ(Modena) မြို့ရှိ စစ်ပညာသင်ကျောင်းသို့ တက်ရောက်ခွင့်ရရှိသွားသည်။ သူနှင့်အတူ အီတလီနိုင်ငံသို့ ရောက်ရှိခဲ့သည့် မောင်ဘအိုမှာလည်း ယင်းကျောင်း၌ပင် ပညာသင်ယူခွင့်ရရှိခဲ့သည်။ မောင်အုန်းပွင့်က မိုဒီနာမြို့ စစ်ပညာသင် ကျောင်း၌ တက်ရောက်နေစဉ်အတွင်း ပညာကို ကြိုးစားသင်ယူ လေ့လာသည်။ ငယ်ရွယ်သူပီပီ မိမိနိုင်ငံကို လွမ်းဆွတ်လှသော်လည်း မောင်အုန်းပွင့်က ဇွဲလုံ့လ ဝီရိယဖြင့် ကြိုးစားရှာသည်။ စစ်သင်တန်း ကျောင်းမှ ဆင်းလာတော့ မောင်အုန်းပွင့် အီတလီ တပ်မတော်သို့ ဝင်ရောက် စစ်မှုထမ်းရ၏။

## အီတလီစစ်ဗိုလ်

နေပြည်တော်၌ မင်းတုန်းမင်း နတ်ရွာစံ၍ သားတော် သီပေါမင်း နန်းတက်ချိန်တွင် မောင်အုန်းပွင့်မှာ စစ်ပညာသင်ကျောင်း၌ ပညာသင်ယူ နေဆဲဖြစ်ဟန်ရှိပါသည်။ ထို့နောက် မောင်အုန်းပွင့် ဝမ်းရေးအတွက် အလုပ်လုပ်ရန် လိုအပ်လာသည်။ ဤသို့ဖြင့် ၂ အောက်တိုဘာလ ၁၈၈၂ ခုနှစ်တွင် မောင်အုန်းပွင့် အီတလီ တပ်မတော်အတွင်းသို့ ဝင်ရောက် စစ်မှုထမ်းရတော့သည်။ မောင်အုန်းပွင့်ကား အီတလီ ဖောက်ခွဲရေး တပ်မ (၅)တွင် အရာရှိအဖြစ် စတင်အမှုထမ်းဖြစ်ခဲ့၏။ ထိုစဉ်က မောင်အုန်းပွင့် မှာ အသက် (၁၇)နှစ်အရွယ်သာ ရှိပါသေးသည်။

မောင်အုန်းပွင့်က အီတလီစစ်တပ်တွင် အမှုထမ်းစဉ်အတွင်း စစ်မြေပြင်သို့ ထွက်ခွာရတတ်သည်။ တစ်ကြိမ်တွင် မောင်အုန်းပွင့် အာဖရိကသို့ပင် ရောက်ရှိခဲ့ပါသေးသည်။ အသက်ငယ်ရွယ်သူဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မြန်မာ့သွေး ပီသသည့်အလျောက် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသူဖြစ်ပေရာ မောင်အုန်းပွင့်အနေဖြင့် အမှုထမ်းကောင်းတံဆိပ်များပင် ရရှိခဲ့လေသည်။ ၁၈၈၅ ခုနှစ် သီပေါမင်း ပါတော်မူပြီး မြန်မာနိုင်ငံ အင်္ဂလိပ်အစိုးရလက်အောက်သို့ ကျရောက်ချိန်တွင် မောင်အုန်းပွင့် အီတလီတပ်မတော်အတွင်း၌ စစ်ဗိုလ်အဖြစ် အမှုထမ်းရွက်နေဆဲ ဖြစ်ပါသည်။ မောင်အုန်းပွင့်သည် မြန်မာနိုင်ငံအပေါ် ကျွန်ပြု သိမ်းပိုက်ခဲ့သည့် အင်္ဂလိပ်အစိုးရအား အလွန်ပင်နာကျည်းမုန်းတီးမိ၏။ သို့ဖြင့် အင်္ဂလိပ်အစိုးရအုပ်ချုပ်ရာ မြန်မာနိုင်ငံသို့ မပြန်တော့ရန် ဆုံးဖြတ်ခဲ့လေသည်။

## အိမ်ထောင်ဘက်

မောင်အုန်းပွင့် အီတလီစစ်တပ်၌ အမှုထမ်းနေစဉ်အတွင်း အီတလီနိုင်ငံသူတစ်ဦးနှင့် တွေ့ဆုံရည်ငံခဲ့သည်။ ထိုအမျိုးသမီးကား အီတလီနန်းတွင်း၌ အမှုထမ်းနေသည့် ဆရာမတစ်ဦးဖြစ်သူ လော်ရာဘရီဇီ (Laura Brisi)ပင် ဖြစ်ပါသည်။ မောင်အုန်းပွင့်သည် ၁၈၉၀ ပြည့်နှစ်တွင် အီတလီနိုင်ငံသား ခံယူခွင့်လျှောက်ထားခဲ့ပြီးနောက် ၅ အောက်တိုဘာ ၁၉၀၁ ခုနှစ်၌ လော်ရာဘရီဇီနှင့် လက်ထပ်ခဲ့ခြင်းဖြစ်ပါသည်။ မောင်အုန်းပွင့်အနေဖြင့် မိမိအား နိုင်ငံရပ်ခြားသို့ ပညာတော်သင်အဖြစ် စေလွှတ်ခဲ့သည့် မြန်မာဘုရင်မင်းမြတ်လည်း မရှိတော့ပြီမို့ ရတနာပုံနေပြည်တော်သို့ မပြန်လိုတော့ပေ။

မောင်အုန်းပွင့်သည် အီတလီနိုင်ငံသူ ဆရာမတစ်ဦးနှင့် လက်ထပ်ခဲ့ပြီးနောက် အီတလီနိုင်ငံ၌ အခြေတကျ နေထိုင်တော့သည်။

## မျိုးရိုးဆက်နွယ်

မောင်အုန်းပွင့်သည် လော်ရာဘရီဇီနှင့် လက်ဆက်ခဲ့ပြီးနောက် ၁၉၀၄ ခုနှစ်တွင် သားတစ်ဦးကို ဖွားမြင်ပါသည်။ ဤသားငယ်ကို ဖွားမြင်စဉ်က မောင်အုန်းပွင့်မှာ မိမိ၏ အရှင်သခင် ဘုရင်မင်းတုန်းမင်း



www.burmeseclassic.com

www.burmeseclassic.com



တရားကြီးကိုအလွန်သတိရ တမ်းတမိခဲ့၏။ သို့ဖြင့် သူ၏သားငယ် အီတလီမြန်မာ ကပြားကလေးကို မင်းတုန်းအုန်းပွင့်ဟူ၍မြန်မာဆန်ဆန် အမည်ပေးခဲ့လေသည်။ မောင်အုန်းပွင့်က သူ၏သား မင်းတုန်း အုန်းပွင့်ကို အလွန်ချစ်ခင်မြတ်နိုးရှာပါသည်။ သို့သော် သူတို့မိသားစု ပျော်ရွှင် ချမ်းမြေ့စွာဖြင့် ကြာကြာမနေလိုက်ရပေ။ ၂၆ အောက်တိုဘာ ၁၉၀၅ ခုနှစ်၌ပင် မောင်အုန်းပွင့် ရောမမြို့၌ ကွယ်လွန်သွားပါသည်။ ထိုစဉ်က မင်းတုန်းအုန်းပွင့်မှာ တစ်နှစ်သားအရွယ် လူမမယ်ကလေးမျှသာ ရှိသေး၏။

မောင်အုန်းပွင့်၏သားငယ် မင်းတုန်းအုန်းပွင့်သည် အရွယ် ရောက် လာသောအခါ မိမိဖခင်၏ မျိုးရိုးဇာတ်မြစ်ကို မေးမြန်းစုံစမ်း၏။ ဖခင် ဦးအုန်းပွင့်မှာ မြန်မာနိုင်ငံမှဖြစ်ကြောင်း သိရှိရသောအခါ မြန်မာ နိုင်ငံသို့ သွားရောက်ရန် အကြိမ်ကြိမ်ကြိုးပမ်းလေတော့သည်။ သို့သော် မင်းတုန်းအုန်းပွင့်လက်ထက်တွင် မြန်မာပြည်သို့ မပြန်ဖြစ်ခဲ့။ နောက်ဆုံး ရောဂါဖိစီး၍ ကွယ်လွန်ချိန်အထိ မြန်မာပြည်သို့ မရောက်တော့။ မင်းတုန်း အုန်းပွင့်ကွယ်လွန်သွားပြီးနောက် သူ၏သားဖြစ်သူ ရွှေလီအုန်းပွင့် လက်ထက်တွင်မှ မြန်မာနိုင်ငံသို့ ရောက်ဖူးတော့၏။

ဦးအုန်းပွင့်၏သား မင်းတုန်းအုန်းပွင့်တွင် သားနှစ်ဦး ထွန်းကား ခဲ့ရာ ရွှေလီအုန်းပွင့်မှာ သားကြီးဖြစ်ပါသည်။ ရွှေလီအုန်းပွင့်သည် အဖိုး၏ ဇာတိမြေဖြစ်သော မန္တလေးမြို့သို့အရောက်လာကာ သူ၏အဖိုး မောင်အုန်းပွင့်နှင့် အီတလီသို့ ပညာတော်သင်အတူသွားရောက်ခဲ့သူ မောင်ဘအို၏မြေး၊ ကိုကိုလတ်နှင့်တွေ့ဆုံခဲ့သည်ဆိုပါသည်။ ရွှေလီ အုန်းပွင့်နှင့် ကိုကိုလတ်တို့ တွေ့ဆုံခဲ့ကြပုံမှာ သူတို့အဖိုး မောင်အုန်းပွင့် နှင့် မောင်ဘအိုတို့ ပြန်တွေ့ကြသည်နှယ်ရှိခဲ့သည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



# (၁၆) ဗြိတိသျှအကျဉ်းသားဖြစ်သွားသည့်မောင်ဘအို

မောင်ဘအိုသည် မောင်အုန်းပွင့်၊ မောင်ကံထူး၊ မောင်ထွန်းဦး မောင်လှဘော်တို့နှင့်အတူ အီတလီနိုင်ငံသို့ ရောက်ရှိခဲ့သည့် ပညာသင်တစ်ဦးဖြစ်ပါသည်။

## မြင်းတပ်ပညာတော်သင်ကျောင်းသား

မောင်ဘအိုသည် တူရင်မြို့ အပြည်ပြည်ဆိုင်ရာကောလိပ် (Collegio Internationale)၌ ဦးစွာ အီတလီဘာသာစကားကို သင်ယူလေ့လာရ၏။ အီတလီဘာသာသင်ပါမောက္ခ ဖယ်ရယ်ရီ (Ferreri)က မြန်မာ ပညာတော်သင်များမှာ အသက်ငယ်ရွယ်သူများဖြစ်ကြသော်လည်း ဉာဏ်ရည်ထက်မြက်၍ လုံ့လဝီရိယဖြင့် လေ့လာသင်ယူကြသောကြောင့် သင်ကြားသမျှကို တတ်မြောက်ကြကြောင်း ဆိုပါသည်။

မောင်ဘအိုသည် အခြေခံ အီတလီဘာသာစကားကို ကျွမ်းကျင်စွာ သင်ယူတတ်မြောက်သောအခါ မြင်းတပ်ကို လေ့ကျင့်ပေးသည့် ပညာသင်ကျောင်း၌ သင်ကြားလေ့လာခဲ့ရ၏။ ယင်းသို့ သင်ကြားနေဆဲကာလ၌ပင် သီပေါမင်း ပါတော်မူသွားခဲ့ခြင်းဖြစ်ပါသည်။ မြင်းတပ်လေ့ကျင့်ရေးကျောင်းသည် အီတလီနိုင်ငံ မိုဒီနာ (Modena)မြို့၌ တည်ရှိပါသည်။ မောင်ဘအိုသည် ယင်းမြင်းတပ်လေ့ကျင့်ရေးကျောင်းသို့ ဗိုလ်လောင်းတစ်ဦးအဖြစ် ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်၏။

## အပေါင်းအဖော်များ

မောင်ဘအိုနှင့်အတူ ပညာတော်သင် မောင်အုန်းပွင့်မှာ မိုဒီနာမြို့၌ ပညာသင်ကြားခွင့်ရရှိခဲ့ကြ၏။ သို့သော် ကျန် ပညာတော်သင်သုံးဦးဖြစ်သော မောင်ကံထူး၊ မောင်ထွန်းဦးနှင့် မောင်လှဘော်တို့မှာမူ လက်ဂှန် (Leghorn)မြို့၊ ရေတပ်ပညာသင်ကျောင်း၌ ဗိုလ်လောင်းအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်ခွင့်ရရှိခဲ့ကြ၏။ မြန်မာပညာတော်သင်များသည် အီတလီနိုင်ငံ၌ ကြည်းကြောင်းနှင့် ရေကြောင်းစစ်ပညာရပ်များကို သင်ယူလေ့ကျင့်နေကြစဉ်အတွင်း မြန်မာမင်းနေပြည်တော်မှ လစဉ် ရိက္ခာငွေ ထောက်ပံ့ပေးထားလေသည်။ ထိုစဉ်က ပညာတော်သင်များ လစာငွေ တစ်ရာကျပ်စီ ရရှိခဲ့ကြ၏။

ပညာတော်သင်အများစုမှာ မင်းတုန်းမင်း နတ်ရွာစံလွန်သွားပြီးနောက် သီပေါမင်းနန်းတက်စကာလတွင် များစွာ ဒုက္ခရောက်ကြရလေသည်။ မိမိတို့အတွက် ဘဝအာမခံချက်ဟူ၍လည်း ရေရေရာရာ မရှိတော့။ နေပြည်တော်သို့ ပြန်ရန်ပင် စရိတ်စက မလုံမလောက် ဖြစ်ခဲ့ရသည်။ ထို့ကြောင့် မိမိတို့၏ အတတ်ပညာဖြင့် မိမိတို့ အရှင်သခင် မြန်မာဘုရင်မင်းမြတ်အား အကျိုးမပြုနိုင်ခဲ့ကြတော့ပေ။

## ပြည်တော်ပြန်

၁၈၈၆ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက်သို့ ကျရောက်သွားသောအခါ အီတလီရောက် မြန်မာပညာတော်သင် လူငယ်တို့အနေဖြင့် ပြည်တော်ပြန်ရန်ကိစ္စအတွက် များစွာ စဉ်းစားကြရတော့၏။ ပညာတော်သင် မောင်အုန်းပွင့်ကတော့ အီတလီတပ်မတော်တွင် ဝင်ရောက်အမှုထမ်းရွက်နေပြီမို့ မြန်မာနိုင်ငံပြန်ဖို့ရာ လုံးဝ မဖြစ်နိုင်တော့။ အခြားပညာတော်သင်များကလည်း ဗြိတိသျှ လက်အောက်တွင် အမှုမထမ်းလိုကြပေ။

ထိုစဉ်အတွင်း ဗြိတိသျှအစိုးရက အီတလီနိုင်ငံရှိ မြန်မာပညာတော်သင်တို့ထံ မြန်မာနိုင်ငံသို့ပြန်လာကာ မိမိတို့ လက်အောက်၌ အမှုထမ်းလိုခြင်းရှိမရှိ မေးမြန်းလာ၏။ ပညာတော်သင်အများစုက ဤကိစ္စကို လက်မခံကြ။ များမကြာမီ ပညာတော်သင် ပညာတော်သင်များ အကွဲကွဲ အပြားပြားဖြစ်သွားကြဟန်ရှိပါသည်။ မောင်ထွန်းဦးမှာ အီတလီနိုင်ငံ တူရင်မြို့၌ပင် ကွယ်လွန်သွားခဲ့သည်။ မောင်ဘအိုကတော့ ဗြိတိသျှတို့



www.burmeseclassic.com

www.burmeseclassic.com



ကမ်းလှမ်းလာသည်ကို လက်ခံလိုက်၏။ သို့ဖြင့် ဗြိတိသျှတို့ ပို့ပေးသော ရိတ်ငွေဖြင့် မြန်မာနိုင်ငံသို့ ပြန်လာခဲ့လေသည်။

## ဗြိတိသျှအကျဉ်းသား

မောင်ဘအိုသည် မြန်မာနိုင်ငံသို့ မပြန်မီကာလကပင် မိမိအနေဖြင့် မန္တလေးသို့ ပြန်ရောက်လျှင် မိမိတတ်ကျွမ်းခဲ့သည့် မြင်းတပ်လေ့ကျင့်ရေးကျောင်းမှ စစ်ဘက်ဆိုင်ရာ အတတ်ပညာများဖြင့် နယ်ချဲ့အင်္ဂလိပ်ကို ပြန်လည်ခုခံ တော်လှန်မည်ဟု သန္နိဋ္ဌာန်ချခဲ့ပြီးဖြစ်သည်။ သို့ဖြင့် ပရိယာယ်သုံးလျက် ဗြိတိသျှတို့၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ခြင်းဖြစ်လေသည်။ မောင်ဘအိုအနေဖြင့် နေပြည်တော်ဝန်းကျင်တွင် မျိုးချစ်သူရဲကောင်းများက ရရာလက်နက်ဆွဲကိုင်လျက် နယ်ချဲ့အင်္ဂလိပ်ကို တွန်းလှန်တိုက်ခိုက်လျက်ရှိကြောင်း သတင်းများကို ကြိုတင်ကြားသိခဲ့ရပြီးဖြစ်ပါသည်။

မောင်ဘအို ဗြိတိသျှတို့၏ ထောက်ပံ့ရေးအစီအစဉ်ဖြင့် မန္တလေးသို့ ပြန်ရောက်လာသည်နှင့် နယ်ချဲ့ဆန့်ကျင်ရေးအင်အားစုများနှင့် ပူးပေါင်းကာ နယ်ချဲ့အင်္ဂလိပ်တို့အား တွန်းလှန်တိုက်ခိုက်လေတော့သည်။ သို့ဖြင့် မိမိ အီတလီနိုင်ငံ၌ သင်ယူလာခဲ့သည့် စစ်ဘက်ဆိုင်ရာ အတတ်ပညာများဖြင့် တိုင်းပြည်အတွက် အလုပ်အကျွေး ပြုနိုင်ခဲ့သည်။ သို့သော် မောင်ဘအိုသည် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲတစ်ပွဲ၌ ခြေထောက်ကို သေနတ်ထိမှန် ဒဏ်ရာရကာ ဗြိတိသျှစစ်တပ်၏ ဖမ်းဆီးခြင်းကို ခံခဲ့ရလေသည်။ မောင်ဘအိုသည် ဗြိတိသျှ အကျဉ်းသားတစ်ဦးဖြစ်သွားပြီးနောက် နောက်ပိုင်းအခြေအနေကို မသိရတော့ပေ။

အီတလီနိုင်ငံတွင် ကျန်ရစ်ခဲ့ကြသည့် မောင်လှဘော်နှင့် မောင်ကံထူးတို့အကြောင်းကိုလည်း မသိရတော့။ အီတလီပညာတော်သင် မောင်ဘအို၏ မြေးဖြစ်သူ ကိုကိုလတ်မှာ မန္တလေးမြို့၌ နေထိုင်ခဲ့ကြောင်း သိရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# (၁၇) ပညာတော်သင်မောင်အင်းနှင့်မောင်ထွန်းလင်း

ပညာတော်သင်နှစ်ဦးဖြစ်ကြသော မောင်အင်းနှင့် မောင်ထွန်းလင်း တို့သည် မင်းတုန်းမင်း နတ်ရွာစံလုနီး လပိုင်းအလိုတွင် ပြင်သစ်နိုင်ငံသို့ ရောက်ရှိခဲ့ကြသူများဖြစ်သည်ဆို၏။ သူတို့သည် ပြင်သစ်နိုင်ငံ၌ အချိန် အတော်ကြာနေခဲ့ကြသူများဖြစ်၏။ သို့သော် မောင်အင်း၊ မောင်ထွန်းလင်း တို့နှင့် ပတ်သက်၍ ခိုင်မာသော အထောက်အထားများကိုမူ သီပေါမင်း လက်ထက်ရောက်မှသာ တွေ့ရှိရပေရာ သီပေါမင်း နန်းတက်လာပြီးမှ ပြင်သစ်နိုင်ငံသို့ စေလွှတ်ခံရသူများလည်းဖြစ်ဖွယ်ရှိပါသည်။

## ပညာတော်သင်နှစ်ဦး

ပညာတော်သင် နှစ်ဦးစလုံးမှာ ရတနာပုံနေပြည်တော်၌ အမှုထမ်းရွက်လျက်ရှိကြသော ဝန်စုမျိုးစုမှ ပေါက်ဖွားလာကြသူများ ဖြစ်ပါသည်။ မောင်အင်းသည် စာရေးတော်ကြီးတစ်ဦး၏သားဖြစ်ပြီး မောင်ထွန်းလင်းကတော့ မြစ်စဉ်လှေတော်ထောင်ကဲ၏သားတစ်ဦးဖြစ်၏။ သူတို့သည် မင်းတုန်းမင်းလက်ထက် ၁၈၇၄ ခုနှစ်က အိန္ဒိယနိုင်ငံသို့ ပညာတော်သင်အဖြစ် စေလွှတ်ခံခဲ့ရဖူးသူများဖြစ်လေသည်။ "အနောက် တိုင်းပြည်နိုင်ငံများသို့စေလွှတ်တော်မူသည့် ပညာတော်သင် ကျွန်တော်မျိုး လစာရန်ပုံငွေ စာရင်းဘုရား" ဟူသော ပုရပိုက်အရ ပညာတော်သင် မောင်အင်းနှင့် မောင်ထွန်းလင်းတို့မှာ လစဉ် ဒင်္ဂါးပြားရေ (၂၀၀) ရရှိကြောင်း သိရှိရ၏။

ပညာတော်သင်များအနေဖြင့် ပြင်သစ်နိုင်ငံသို့ မည်သည့် အချိန်က ရောက်ရှိခဲ့ကြောင်း အတိအကျ မသိရသော်လည်း စက်တင်ဘာ ၁၈၈၁ ခုနှစ် ရက်စွဲပါ ပြင်သစ်ဘာသာရေးစာတစ်စောင်အရ မြန်မာဘုရင်၏ နေပြည်တော်မှ မောင်အင်းနှင့် မောင်ထွန်းလင်းတို့ ပဲရစ် မြို့တော်သို့ ရောက်ရှိနေကြပြီဖြစ်ကြောင်း သိရှိရသည်။ ထိုစဉ်က သူ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသည် မွန်စီယာ အာဘယ်အူရိုး (M. Abel Hureau de Villeneuvre)ထံတွင် နေထိုင်ခဲ့ကြပြီး စန့်ဆီယာ စစ်ပညာသင်ကျောင်းသို့ ဝင်ခွင့်ရရှိရေးအတွက် စောင့်ဆိုင်းနေကြ၏။

## စစ်ပညာသင်ကျောင်း

မောင်အင်းနှင့် မောင်ထွန်းလင်းတို့သည် လစဉ် လစာငွေ ဒင်္ဂါး (၂၀၀)ကျပ်စီ ရရှိနေကြသော်လည်း စားစရိတ်နှင့် ကျောင်းဝင်ရာ၌ ကုန်ကျမည့် ပညာသင်စရိတ်တို့ကို အလုံအလောက် ရရှိခဲ့ဟန်မတူပေ။ နေပြည်တော်သို့ ရန်ကုန်အရေးပိုင်မှတစ်ဆင့် အကြောင်းကြားစာတွင် ၁၈၈၁ ခုနှစ် မကုန်မီ စစ်ကျောင်းသို့ ဝင်ရောက်နိုင်လိမ့်မည်ဟု ယူဆမိပါကြောင်းဖော်ပြပါရှိ၏။ မြန်မာပညာတော်သင်လူငယ် နှစ်ဦးအနေဖြင့် စစ်ပညာသင်ကျောင်းသို့ ဝင်ရောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြဟန် တူပါသည်။

၂၃ စက်တင်ဘာလ ၁၈၈၁ ခုနှစ် ရက်စွဲပါ စစ်ဘက်ဆိုင်ရာ ဌာနအကြီးအကဲထံမှ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးရုံးသို့ အကြောင်းကြားသည့် စာတွင် မြန်မာပညာတော်သင် နှစ်ဦး အရည်အချင်းစစ်ဝင်ခွင့် စာမေးပွဲ မအောင်မြင်ကြသေး၍ စစ်ပညာသင်ကျောင်းသို့ ဝင်ခွင့်မရရှိကြသေးကြောင်း ဖော်ပြပါရှိ၏။ မောင်အင်းနှင့် မောင်ထွန်းလင်းတို့က ပထမတစ်ကြိမ် ဝင်ခွင့်စာမေးပွဲ ကျရှုံးသော်လည်း စိတ်ဓာတ်ကျမသွားကြ။ သူတို့က နောက်တစ်ကြိမ် ထပ်မံ ကြိုးစားဖြေဆိုကြပြန်သည်။ သို့သော် ဒုတိယအကြိမ်၌လည်း ဝင်ခွင့်စာမေးပွဲ ကျရှုံးခဲ့ကြရပြန်သည်။

မောင်အင်းနှင့် မောင်ထွန်းလင်းတို့သည် ၂၇ အောက်တိုဘာ ၁၈၈၂ ခုနှစ်တွင် စစ်ပညာသင်ကျောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခဲ့ကြပြန်ပါသည်။ သို့သော်၎င်းတစ်ကြိမ်တွင်လည်း မအောင်မြင်ခဲ့ကြပေ။ နိုဝင်ဘာ(၉)ရက်နေ့တွင် ပြင်သစ်အစိုးရက မြန်မာပညာတော်သင်များကို ကြီးကြပ်ကွပ်ကဲရသည့် ဒေါက်တာ အူရိုးထံသို့ ပညာတော်သင်



www.burmeseclassic.com

www.burmeseclassic.com



တို့မှာ ဝင်ခွင့်စာမေးပွဲ ကျရှုံးခဲ့ရခြင်းကြောင့် ယင်းနှစ်အတွက် အရည်အချင်းမရှိသေးဟုသတ်မှတ်ကြောင်း စာတစ်စောင်ကို ပေးပို့ခဲ့သည်။

## ထပ်မံရောက်ရှိလာကြသူများ

ရတနာပုံခေတ်နှောင်းပိုင်းတွင် ပြင်သစ်နိုင်ငံသို့ ပညာတော်သင်များ နှစ်ကြိမ်သွားရောက်ခဲ့ကြသည်ကို တွေ့ရှိရ၏။ ပထမအကြိမ်မှာ မင်းတုန်းမင်း နတ်ရွာစံလုနီးကာလတွင် ဦးရွှေအိုးက ပညာတော်သင်နှစ်ဦးအား လိုက်ပို့ခဲ့ခြင်းဖြစ်သည်။ ယင်းပညာတော်သင်နှစ်ဦးကား မောင်အင်းနှင့် မောင်ထွန်းလင်းတို့ဖြစ်ကြသည်။ နှစ်ဦးစလုံးမှာ ဘင်္ဂလားပြန် ပညာတော်သင်များ ဖြစ်ကြပေရာ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်စွာ တတ်မြောက်ခဲ့ကြပြီးသူများဖြစ်လေသည်။

အလားတူ သီပေါမင်းပါတော်မူလုနီးအချိန်၌လည်း ပညာတော်သင်အဖွဲ့တစ်ဖွဲ့ ပြင်သစ်နိုင်ငံသို့ ရောက်ရှိခဲ့သေး၏။ ယင်းအဖွဲ့သည် သီပေါမင်းပါတော်မူသွားပြီးနောက် ပြင်သစ်နိုင်ငံ ပါရီမြို့၌ သောင်တင်လျက်ရှိရှိခဲ့ကြသည်။ နောက်ပိုင်း အင်္ဂလိပ်အစိုးရက စရိတ်ထောက်ပံ့ကာ ပြန်လည်ခေါ်ယူမှသာ နေပြည်တော်သို့ ရောက်ရှိလာခဲ့ကြသည်။ ၎င်းပညာတော်သင်များမှာ နောက်ပိုင်းတွင် မောင်အင်းနှင့် မောင်ထွန်းလင်းတို့ပါ ပူးပေါင်းမိသွားကြသည်။ ပြင်သစ်နိုင်ငံရောက် ပညာတော်သင်အဖွဲ့တွင် ကြေးနန်းပညာသင်ယူရန် သုံးဦးနှင့်အတူ အခြားလူငယ် (၁၀)ဦးလည်း ပါရှိသေး၏။

## ပြင်သစ်နိုင်ငံသို့ ခေါ်ဆောင်လာသူ

ပညာတော်သင်များအား ပြင်သစ်နိုင်ငံသို့ ခေါ်ဆောင်လာသူကား သံချက်ဝန်ထောက် ဦးမြူပင်ဖြစ်ပါသည်။ ဦးမြူသည် ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခံရပြီးနောက် ၁၃ ဇူလိုင် ၁၈၈၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံသို့ ထွက်ခွာလာခဲ့၏။ သူနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထောက်ကတော် ဒေါ်ရွှေရည်နှင့်အတူ ပညာတော်သင်များ လိုက်ပါသွားခဲ့ကြခြင်းဖြစ်သည်။ သံချက်ဝန်ထောက်ဦးမြူ ဦးဆောင်သောအဖွဲ့တွင် အဖွဲ့ဝင် (၂၂)ဦးပါရှိခဲ့သည်ဆို၏။

ဤတွင် ပညာတော်သင်အဖြစ် လိုက်ပါလာကြသူ လူငယ် (၁၃)ဦး၏ အမည်စာရင်းကိုသာ တွေ့ရှိရပြီး ပြင်သစ်နိုင်ငံ၌ မူလရောက်ရှိနေသူ (၂)ဦးနှင့်ပေါင်းလျှင် (၁၅)ဦးဖြစ်ပါသည်။ ဦးမြူနှင့်အတူ ဇနီးဝန်ထောက်ကတော်အပြင် အခြားသူများလည်း ပါရှိခဲ့ဟန်တူပါသည်။ ပညာတော်သင်များမှာ မောင်ဝိုင်း၊ မောင်စ၊ ဘိုးဘ၊ ဘိုးထို၊ မောင်ဖေ၊ မောင်စိုး၊ မောင်ကကြီး၊ အောင်ခဲ၊ မောင်ကဲ၊ မောင်ကြည်၊ မောင်ဘိုးသုံ၊ မောင်ဘေနှင့် မောင်ခန့်တို့ဖြစ်ကြ၏။ ပညာတော်သင်များသည် ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ပါစီ (Passy)အရပ်၌ တည်းခိုနေခဲ့ကြသည်။

## သောင်တင်နေကြသူများ

သီပေါမင်းပါတော်မူချိန်တွင် ဦးမြူနှင့် ပညာတော်သင်များမှာ ပြင်သစ်နိုင်ငံ ပါရီမြို့တော်၌ ရောက်ရှိနေကြချိန်ဖြစ်သည်။ ဦးမြူသည် London Time သတင်းထောက်တစ်ဦးနှင့် ပါရီမြို့၌ တွေ့ဆုံကာ အဖြစ်အပျက်အလုံးစုံကို ပြောပြခဲ့ရာ ယင်းအကြောင်းအရာများ ဇန်နဝါရီလ ၁၈၈၅ ခုနှစ်ထုတ် သီတင်းစာ၌ ပါလာပါသည်။ ဦးမြူက သတင်းထောက်အား မန္တလေးနေပြည်တော်ရှိ ပြင်သစ်ကိုယ်စားလှယ် မစ္စတာဟတ်စ် (Mr. Hass)က သူ့အား ပြင်သစ်နိုင်ငံသို့ အဆောတလျင် သွားရောက်စေခဲ့ပုံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့၏။

သံချက်ဝန်ဟောင်း ဦးမြူက ပြောကြားရာတွင်

"ပြင်သစ်နဲ့ မြန်မာ ကုန်ကူးသန်းရောင်းဝယ်ရေးစာချုပ်ကို စောစော ချုပ်နိုင်လေ ကောင်းလေလို့ သူအယူရှိတယ်။ ဘုရင်မင်းမြတ်ကလည်း ကျုပ်ကို အလျင်အမြန် ထွက်ခွာဖို့ သဘောတူတယ်။ ဒါပေမယ့် တိုင်းပြည် အခွန်ဘဏ္ဍာတော်ထွက အရ



www.burmeseclassic.com

www.burmeseclassic.com



နည်းနေတော့ ကျုပ်ကို စရိတ်လုံလောက်အောင် မပေးနိုင်လို့ ပြင်သစ်ရောက်မှ အလုံအလောက်ပို့လိုက်မယ် ဆိုတာနဲ့ ကျုပ် ထွက်ခဲ့ရတာပဲ။ နောက်လိုက် နောက်ပါ (၂၂)ယောက်ကိုလဲ ကျုပ်ပဲရွေးချယ်ပြီးခေါ်လာခဲ့တယ်။ ဒီကိုရောက်ကတည်းက ရွှေနန်းတော်ကြီးကို စာတစ်တန်၊ သံကြိုးတစ်တန် ပေးပြီး ငွေမှာတာ အခုထက်ထိ ဘာအကြောင်းမှလဲ မသိရသေးဘူး။ အခုတော့ ကျုပ်နဲ့ အဖော် (၂၂)ယောက်ပြန်ဖို့က အရေးကြီး နေပါတယ်။"

ဟူ၍ ပါရှိခဲ့၏။

သံချက်ဝန်ထောက် ဦးမြူနှင့်အဖွဲ့သည် လမ်းစရိတ် အခက် အခဲကြောင့် ပြင်သစ်နိုင်ငံ ပါရီမြို့၌ သောင်တင်နေခဲ့ကြသည်။ နောက်ဆုံး ဗြိတိသျှအစိုးရ၏ အစီအစဉ်ဖြင့် ထောက်ပံ့ပေးသဖြင့်သာ ၁၈၈၆ ခုနှစ် ဇန်နဝါရီလထဲတွင် ဦးမြူနှင့် ပညာတော်သင်များ ပြင်သစ်နိုင်ငံမှ ပြန်လည် ထွက်ခွာနိုင်ခဲ့ကြခြင်းဖြစ်လေသည်။

ပြင်သစ်နိုင်ငံသို့ အစောပိုင်းကာလကပင် ရောက်ရှိခဲ့ကြသည့် ပညာတော်သင် မောင်အင်း၊ မောင်ထွန်းလင်းတို့နှင့် ပတ်သက်၍ နောက်ပိုင်းအခြေအနေကို မသိရတော့ပေ။ နေပြည်တော်သို့ ပြန်လည် ရောက်ရှိလာကြပြီးနောက် ဗြိတိသျှအစိုးရလက်ထက်၌ပင် ဇာတ်မြုပ် ခဲ့ကြဟန်ရှိလေသည်။ ဗြိတိသျှအစိုးရအနေဖြင့် အတိဒုက္ခရောက်လာသူ ပြင်သစ်ပြန် ပညာတော်သင်များကို အရေးတယူမရှိသည်ကတော့ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



# (၁၈) ပညာတော်သင်ရွှေပြည်မောင်ကလေး

ပညာတော်သင် ရွှေပြည်မောင်ကလေး၏ အမည်ရင်းကို မောင်မောင်ကလေးဟူ၍တွေ့ရှိရ၏။ ဆရာကြီးမြကေတု၏ မှတ်တမ်းတွင် မောင်ကလေးသည် မောင်ကျော်ဆိုသူနှင့်အတူ အမေရိကန်နိုင်ငံသို့ ပညာရပ် မျိုးစုံသင်ယူရန် စေလွှတ်ခံခဲ့ရကြောင်း ဆိုပါသည်။ ပညာတော်သင် (၁၂)ဦးရွေးချယ်ခဲ့သော်လည်း မောင်ကျော်နှင့် မောင်ကလေးတို့ နှစ်ဦးသာ သွားရောက်ခဲ့ရကြောင်းလည်းဆို၏။

## မျိုးရိုးစဉ်ဆက်

မောင်ကလေးသည် ညောင်ဝန်းဝန်ထောက်မင်းကြီး မဟာမင်းခေါင်သခ်ယာဘွဲ့ခံ ဦးဘိုးအို၏ သားဖြစ်ပြီး ညောင်ဝန်းရွာသူကြီးမျိုးမှ ပေါက်ဖွားလာသူဖြစ်သည်။ သွေးချင်း ညီအစ်ကို မောင်နှမ သုံးဦးရှိရာ မြေဒူးမြို့ဝန် မင်းလှမင်းထင်ကျော်ခေါင်ဘွဲ့ခံ မောင်မောင်ကြီး၊ မောင်မောင်ကလေးနှင့် နှမငယ် မခင်ခင်လေးတို့ဖြစ်ကြ၏။ ညောင်ဝန်းဝန်ထောက်ဦးဘိုးအိုသည် ညောင်ဝန်းရွာသူကြီး ဦးမှန်နှင့် သူကြီးကတော် ဒေါ်မင်းပုံတို့၏သားဖြစ်ပါသည်။ ညောင်ဝန်းရွာဟူသည် စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ်၊ ကနဲ ကျေးရွာအုပ်စုအတွင်း၌ တည်ရှိပါသည်။

မောင်ကလေး၏ ငယ်စဉ်ဘဝ အကြောင်းအရာများနှင့် ပတ်သက်၍ အမှတ်အသား မတွေ့ရှိရသေးပါ။ မောင်ကလေးသည် ရွှေပြည်ဝန်ကြီးခေါ် ယောမင်းကြီး ဦးဘိုးလှိုင်၏သမီး ခင်ခင်ကြီးနှင့် စုံဖက်ခဲ့သူဖြစ်၏။ ရွှေပြည်ဝန်ကြီး၏သားဖြစ်သူ မောင်မောင်ဘ ကွယ်လွန်သွားပြီးနောက် သားမက် မောင်ကလေးမှာ ရွှေပြည်မောင်ကလေးဟု အမည်တွင်လာပါသည်။ မောင်ကလေးနှင့် ဇနီး ခင်ခင်ကြီးတို့မှ သားသမီး လေးဦး ဖွားမြင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



## အိန္ဒိယပြန်

ပညာတော်သင် ရွှေပြည်မောင်ကလေးအနေဖြင့် အမေရိကန် နိုင်ငံသို့ ပညာတော်သင်အဖြစ် သွားရောက်နိုင်ခဲ့ခြင်းရှိမရှိကို မသိရပေ။ သို့သော် မောင်ကလေးသည် အိန္ဒိယနိုင်ငံသို့ ရောက်ရှိကာ ပညာသင်ယူ ဆည်းပူးခဲ့ရသည်မှာ အမှန်ပင်ဖြစ်၏။ မင်းတုန်းမင်းတရားကြီးလက်ထက် ခရစ်နှစ် ၁၈၇၃ ခုနှစ်တွင် မင်းတရားကြီးက အမေရိကန်နိုင်ငံသို့ ပညာတော်သင်အချို့ စေလွှတ်ရန် ဆန္ဒဖြစ်ပေါ်ခဲ့သည်။ သို့ဖြင့် တစ်ဘက်မှ အမေရိကန် သာသနာပြုများအား ပံ့ပိုးကူညီကာ လွတ်လပ်စွာ သာသနာပြုခွင့်ပေးအပ်ခဲ့သည်။

အမေရိကန်နိုင်ငံသို့ သွားရောက်ရန် ပညာတော်သင် (၁၂)ဦး ရွေးချယ်ခဲ့သော်လည်း အင်္ဂလိပ်စာကို သေချာကျနစွာ တတ်မြောက် အောင် သင်ယူရန် လိုအပ်သည်ဆိုကာ ကာလကတ္တားသို့ ဦးစွာ သွားရောက်စေပါသည်။ အမှန်တကယ်သွားရောက်ကြသောအခါ မန္တလေးမြို့နေ ဦးဇံ၏သား မောင်ကျော်နှင့် မောင်ကလေးတို့သာ သွားရောက်ခဲ့ကြသည်ဆို၏။ ကျန် (၁၀)ဦးမှာ လိုက်မသွားဖြစ်တော့။ မောင်ကလေးနှင့် မောင်ကျော်တို့သည် ကာလကတ္တားမြို့ ဒိုရေတန် ကောလိပ်၌ (၁၃)နှစ်ကြာ ပညာသင်ကြားခဲ့ရပြီးမှ ဘီအေဘွဲ့ကို ရရှိ ခဲ့ကြောင်း အဆိုရှိပါသည်။

မောင်ကလေးသည် ဘွဲ့ရရှိချိန်၌ သီပေါမင်းပါတော်မူသွားပြီ ဖြစ်သဖြင့် အိမ်ငှား အဒေါ်ကြီးထံ ပိုက်ဆံချေးငှားကာ မြန်မာနိုင်ငံသို့ ပြန်လာခဲ့ရသည်ဆို၏။ ဗြိတိသျှအစိုးရအနေဖြင့် မြန်မာလူငယ်များ ခေတ်ပညာတတ်ဖြစ်မလာရေးအတွက် အဟန့်အတားအနှောင့်အယှက် အမျိုးမျိုးဖြင့် အချိန်ဆွဲထားခဲ့ကြသဖြင့်သာ ဤကဲ့သို့ဖြစ်ရခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



## မိသားစုရေးရာ

မောင်ကလေးသည် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိလာပြီး နောက် ၁၈၈၇ ခုနှစ်တွင် နှစ်ဘက်မိဘတို့၏ ဆန္ဒအရ ကွယ်လွန်သူ ယောမင်းကြီး ဦးဘိုးလှိုင်နှင့် မင်းကြီးကတော် ဒေါ်ခင်ဖြူတို့၏သမီးကြီး ခင်ခင်ကြီးနှင့် လက်ဆက်ခဲ့ပါသည်။ မောင်ကလေးနှင့် ခင်ခင်ကြီးတို့မှ သားသမီး (၄)ဦး ဖွားမြင်ရာ ခင်ခင်ကြီး (မိခင်နှင့် နာမည်တူ)၊ ခင်မောင်ကြီး၊ ခင်ခင်လတ်နှင့် ခင်မောင်ဒွေးတို့ဖြစ်ကြလေသည်။

မောင်ကလေးနှင့် ခင်ခင်ကြီးတို့၏ သမီးအကြီးဆုံး ခင်ခင်ကြီးမှာ လင်းပင်မင်းသားကြီးနှင့် ကြင်ယာတော် ရေနံ့သာခင်ခင်ကြီးတို့မှ ဖွားမြင်သူ ထိပ်တင်လတ်နှင့် စုံဖက်ခဲ့၏။ မကြာမီက ကွယ်လွန်သွားသည့် *Newsweek သတင်းထောက်ဟောင်း လင်းပင်ထိပ်တင်လတ်မှာ* ပညာတော်သင် ရွှေပြည်မောင်ကလေး၏မြေး (ထိပ်တင်လတ်နှင့် ခင်ခင်ကြီးတို့၏သား) ဖြစ်ပါသည်။ မောင်ကလေး၏ ဒုတိယသား ခင်မောင်ကြီးမှာ ကုန်သည်ဒေါ်ဆိုးနှင့် လက်ဆက်ခဲ့၏။ တတိယ သမီး ခင်ခင်လတ်မှာမူ အသက် (၃၅)နှစ်အရွယ် အပျိုကြီးဘဝဖြင့် ကွယ်လွန် ခဲ့သည်။

ရွှေပြည်မောင်ကလေး၏သားအငယ်ဆုံး ခင်မောင်ဒွေးကို ၁၈၉၃ ခုနှစ်တွင် ဖွားမြင်ပါသည်။ မန္တလေးမြို့ ဇာတိဖြစ်ပြီး ၁၉၁၉ ခုနှစ်တွင် မန္တလေး ပန်တျာကျောင်းမှ စောင်းနည်းပြ ဒေါ်မေနှင့် လက်ဆက်ခဲ့၏။ ဦးခင်မောင်ဒွေးသည်လည်း ဂီတပညာရှင်တစ်ဦးအဖြစ် ထင်ရှားခဲ့သည်။ သူသည် ၁၉၂၀ ပြည့်နှစ်တွင် မန္တလေးဆပ်ကျောင်း (ရဲသိပ္ပံ)၌ ဥပဒေ နည်းပြဖြစ်ခဲ့၏။ ၁၉၈၀ ပြည့်နှစ်၌ မန္တလေးမြို့တွင် ကွယ်လွန်ပါသည်။ သားသမီး မထွန်းကားပါ။



www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံခြားသတင်းစာ

ပညာတော်သင် ရွှေပြည်မောင်ကလေးနှင့် ပတ်သက်၍ အမှတ်အသားတစ်ခုလည်းရှိပါသည်။ အင်္ဂလိပ်အစိုးရလက်ထက် ပထမပြန်စာမေးပွဲကျင်းပစဉ်ကဖြစ်သည်။ ထိုစဉ်က သျှောင်ပေစူးနှင့် ခေါင်းပေါင်းဖော့ဖြူပေါင်းထားသော အသက် (၇၀)ကျော် အဖိုးအိုတစ်ဦး စာမေးပွဲအပြီး စကားဝိုင်းဖွဲ့နေကြသော လူရွယ်များထံသို့ ရောက်ရှိလာ၏။ သူ့ကို "မောင်မောင်"ဟူ၍ ခေါ်ကြသည်။ လူရွယ်များသည် ဘားမားအော်ဗဇားဗား (Burma Observer)သတင်းစာ အကြောင်း ဆွေးနွေးပြောဆိုနေကြ၏။

Burma (Myanmar) Observer သတင်းစာမှာ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော သတင်းစာဖြစ်သည့်အလျောက် ခေတ်ပညာတတ် လူငယ်လူရွယ်များသာ ဖတ်ရှုနိုင်ကြလေသည်။ ထိုစဉ်က အင်္ဂလိပ်စာတတ် ပုဂ္ဂိုလ်များမှာလည်း နည်းပါးလှသည့်အလျောက် အင်္ဂလိပ်သတင်းစာပါ အကြောင်းအရာများ ဆွေးနွေးကြသည်ကို အများစုက တအံ့တဩ နားထောင်နေကြ၏။ ယင်းသို့ ပြောဆိုနေကြစဉ် အတွင်း အသက် ခုနစ်ဆယ်ကျော် အဖိုးအို စကားဝိုင်းသို့ ရောက်ရှိ လာကာ -

> "မောင်တို့ကတော့ ရန်ကုန်ဂေဇက်တို့၊ ရန်ကုန်တိုင်း(မ်)တို့ ရေးပုံသားပုံကို ပြောဆိုချီးမွမ်းနေကြတာပဲ။ ကျုပ်တို့က ရှေးအဖိုးကြီး ဆိုတော့ ဒါတွေကို ကြည့်လို့မရပါဘူး။ မန်ချက်စတာ ဂါဒီယန် (Manchester Guardian)တို့၊ လန်ဒန်တိုင်း (မ်) (London Time)တို့ ကြည့်လိုက်ရမှပဲ အားရတယ်"

ဟုဆိုလေသည်။

ထိုအဖိုးအိုကား ယောမင်းကြီး ဦးဖိုးလှိုင်၏သားမက်၊ ဘင်္ဂလားပြန် ပညာတော်သင် ရွှေပြည်မောင်ကလေးပင်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# (၁၉) ကြေးနန်းပညာတော်သင်များ

ကုန်းဘောင်ခေတ်နှောင်းကာလ ပညာတော်သင်များထဲတွင် ကြေးနန်းပညာသင်ယူလေ့လာရန် အောက်မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့လည်းကောင်း၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားပြည်နယ်သို့လည်းကောင်း စေလွှတ်ခဲ့သည့် ပညာတော်သင်အချို့လည်းရှိခဲ့ပါသည်။ သို့သော် ကြေးနန်းပညာသင်အများစုမှာ ဘင်္ဂလားသို့ ရောက်ရှိခဲ့ခြင်းမရှိဘဲ ရန်ကုန်မြို့၌သာ ကြေးနန်းပညာကို သင်ယူခဲ့ကြသည်ဟု မှတ်ယူရ၏။ မြန်မာ ပညာတော်သင်များအကြောင်း လေ့လာကြမည်ဆိုလျှင် ဘင်္ဂလားသို့မရောက်ဘဲ ရန်ကုန်မြို့သို့သာ ရောက်ရှိခဲ့သည့်တိုင် ယင်းပညာတော်သင် များကို အသိအမှတ်ပြုရမည်သာဖြစ်ပေသည်။

## ဒဂုံမော် ကြေးနန်းဆရာ မောင်ကျီးညို

ဒဂုံမော် ကြေးနန်းရုံမှာ အထက်မြန်မာနိုင်ငံ သီပေါမင်း အုပ်ချုပ်ရာ နယ်မြေပိုင်နက်အတွင်း အောက်မြန်မာနိုင်ငံ ဗြိတိသျှ အစိုးရ ပိုင်နက်နှင့် နယ်ခြားဒေသ၌ တည်ရှိသည်။ ဒဂုံမော် ကြေးနန်းဆရာ မောင်ကျီးညိုသည် ၁၈၇၄ ခုနှစ်မတိုင်မီကပင် ကြေးနန်းဆရာဖြစ်ခဲ့၏။ သူသည် ရန်ကုန်မြို့၌ ကြေးနန်းပညာ သင်ကြားခဲ့သူဖြစ်သည်။ မောင်ကျီးညိုကား မဟုတ်မခံသမားတစ်ဦးဖြစ်၏။ ၁၈၇၄ ခုနှစ် ဇွန်လ ခန့်က ဘင်္ဂလားမှ မြင်းခြံသို့ပို့သော ကြေးနန်းကို မှားယွင်းကာ မန္တလေးသို့ ပို့လိုက်မိသည်။ အမှားကိုသိသော မောင်ကျီးညိုက မိမိမှားယွင်း သွားကြောင်းဝန်ခံကာ ကြေးနန်းပို့သူအား ကျသင့်ငွေကို ပြန်လည် ပေးလျော်ခဲ့၏။

တစ်ဖန် ၁၈၈၁ ခုနှစ်ကလည်း မန္တလေးမှ ရန်ကုန်သို့ ပေးပို့သည့် ကြေးနန်းများမရရှိကြောင်း၊ ယင်းသို့ဖြစ်ရခြင်းမှာ ဒဂုံမော် ဓာတ်ခုံအား၌ ငွေကြေးမပြည့်စုံ၍ ဖြစ်ကြောင်း အင်္ဂလိပ်တို့က တိုင်ကြားခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



မောင်ကျီးညိုက အမှန်တကယ် ကြေးနန်းမရောက်ကြောင်း သက်သေပြနိုင်လျှင် ရာဇဝတ်ပြစ်ဒဏ်ခံမည်ဟူ၍ ပြန်ကြားခဲ့သည်။ မောင်ကျီးညိုသည် သီပေါမင်းလက်ထက်တစ်လျှောက် ကြေးနန်းဆရာအဖြစ် အမှုထမ်းခဲ့သူဖြစ်ပါသည်။

## မြင်းခြံကြေးနန်းဆရာ မောင်ကွန်း

မောင်ကွန်းကို ဘင်္ဂလား၌ ကြေးနန်းပညာသင်ယူခဲ့ဖူးကြောင်း အဆိုရှိကြသည်။ သူသည် ၁၈၇၅ ခုနှစ်မှစ၍ မြင်းခြံကြေးနန်းဆရာအဖြစ် အမှုထမ်းခဲ့၏။ မောင်ကွန်းက စိတ်ဆတ်သည်။ သူ မြင်းခြံခါတ်ရုံ၌ ကြေးနန်းဆရာအဖြစ် အမှုထမ်းနေစဉ် ၁၈၇၅ ခုနှစ် အောက်တိုဘာလအတွင်း၌ ပြဿနာတစ်ရပ် ပေါ်ပေါက်ခဲ့သည်။ ပြဿနာမှာ ကြေးနန်းကိစ္စတော့မဟုတ်။ အီဖျံဟင်မူဆာဆိုသူထံမှ မိတ်ဆွေ မောင်အုန်းက ဘီစကွတ်မုန့်သေတ္တာဝယ်ယူရာ၌ စကားများ ခိုက်ရန်ဖြစ်ပွားကြရာ မောင်ကွန်းက မောင်အုန်းနှင့်အတူ အီဖျံဟင်အား ဝိုင်းဝန်းထိုးကြိတ်ခဲ့သည်။ သို့ဖြင့် တစ်ဦးလျှင် ငွေ (၃၀)ကျပ်စီ အလျော်ပေးလိုက်ရ၏။

၁၈၈၁ ခုနှစ် စက်တင်ဘာလအတွင်းကလည်း ရှင်စောပုသင်္ဘောပေါ်၌ အင်္ဂလိပ်အရာရှိ ဟာဒိန်းဆိုသူကို ထိုးကြိတ်ရိုက်နှက်သဖြင့် ပြဿနာဖြစ်ပေါ်ခဲ့ဖူးသေးသည်။ မောင်ကွန်းသည် သီပေါမင်းလက်ထက်တစ်လျှောက် မြင်းခြံ ခါတ်ရုံတော် ကြေးနန်းဆရာဖြစ်ခဲ့ဟန် တူပါသည်။

## မင်းလှ ကြေးနန်းဆရာ မောင်ဆုန်

ကြေးနန်းရုံ (ခါတ်ရုံ)များ ဆောက်လုပ်ခဲ့ကြစဉ်က မင်းလှရှိ ကြေးနန်းရုံကို တိုင်ပျောက်ခါတ်ရုံဟု ခေါ်ဆိုကြ၏။ တိုင်ပျောက်ရွာအနီး၌ တည်ရှိသဖြင့် ယင်းသို့ ခေါ်ဆိုကြခြင်းဖြစ်သည်။ တိုင်ပျောက်ခါတ်ရုံတော်သည် မြင်းကွန်းမြို့နှင့် မလှမ်းမကမ်း၊ မင်းလှမြို့၏ တစ်ဘက်ကမ်း၌ တည်ရှိပါသည်။ ယင်းခါတ်ရုံတော်ကို တာဝန်ယူရသူ ကြေးနန်းဆရာမှာ မောင်ဆုန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဆုန်သည် ကြေးနန်းပညာရပ်ကို အိန္ဒိယနိုင်ငံမှ သင်ယူတတ်မြောက်ခဲ့သည်ဆိုပါသည်။ ၁၈၆၇ ခုနှစ်က အမည်မသိ ပညာတော်သင် (၄)ဦးကို ကြေးနန်းပညာများ သင်ယူရန် ဘင်္ဂလားပြည်နယ်သို့ စေလွှတ်ခဲ့ဖူးကြောင်း မှတ်တမ်းတစ်ရပ်ကို တွေ့ရှိရလေရာ ယင်းလေးဦး၌ မောင်ဆုန် ပါဝင်ခဲ့ဟန်ရှိလေသည်။ မောင်ဆုန်သည် ၁၈၇၁ ခုနှစ်မှစ၍ တိုင်ပျောက် (မင်းလှ)စာတိုက်ရုံတော်၌ ကြေးနန်းဆရာအဖြစ် အမှုထမ်းခဲ့၏။

## ဘာသာပြန်ကြေးနန်းဆရာ မောင်ပေါက်ထွန်း

မောင်ပေါက်ထွန်းကို အိန္ဒိယနိုင်ငံ၌ ကြေးနန်းပညာသင်ယူခဲ့ဖူးကြောင်း အဆိုရှိကြ၏။ မောင်ပေါက်ထွန်းက ကြေးနန်းဆရာဆိုသော်လည်း တစ်မူထူးခြားလှသူဖြစ်သည်။ ၁၈၇၁ ခုနှစ် မတ်လအတွင်း မြန်မာနယ်ခြား ဒဂုန်မော် ကြေးနန်းရုံနှင့် သရက် ကြေးနန်းရုံတို့အကြား ဘာသာပြန် ကြေးနန်းဆရာအဖြစ် အမှုထမ်းရွက်ရသူဖြစ်၏။ မောင်ပေါက်ထွန်းက ဘာသာပြန်ကြေးနန်းဆရာမို့ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်လေသည်။

မောင်ပေါက်ထွန်းသည် ၁၈၇၆ ခုနှစ် ဇန်နဝါရီလအတွင်း ဘင်းဝန်မင်းကြီးဦးကောင်း ကာလကတ္တားသို့ သွားရောက်ခဲ့စဉ်က စကားပြန်အဖြစ် လိုက်ပါခဲ့ရလေသည်။ ထိုစဉ်က မောင်ပေါက်ထွန်းသည် ဘင်းဝန်မင်းကြီးဦးကောင်း၊ မြောင်လှဝန်ထောက် ဦးမြိမ့်၊ သံတော်ဆင့် ဦးလှဘူးတို့နှင့်အတူ ဗုဒ္ဓဂါယာသို့ ဘုရားဖူး သွားရောက်ခဲ့သေး၏။

## မန္တလေးကြေးနန်းဆရာ မောင်အုန်း

မောင်အုန်းသည် မောင်ကျိုးညိုနှင့်အတူ ရန်ကုန်မြို့၌ ကြေးနန်းပညာသင်ယူခဲ့သူဖြစ်၏။ သူသည် ကြေးနန်းပညာ ကျွမ်းကျင်စွာ တတ်မြောက်လာပြီးနောက် ၁၈၇၄ ခုနှစ် မတိုင်မီကာလကပင် မန္တလေး ကြေးနန်းစာတိုက်၌ ကြေးနန်းဆရာအဖြစ် အမှုထမ်းရွက်ခဲ့ ဖူးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးကျောင်းရုံမှာ မြန်မာဘုရင်ပိုင်နက်၏ ကျောင်းရုံးချုပ်လည်း ဖြစ်သည်မို့ ကျောင်းပို့ဆောင်ရေးဆိုင်ရာ ကိစ္စအဝဝကို မောင်အုန်းက တာဝန်ယူ ဖြေရှင်းပေးရလေသည်။

၁၈ ဧပြီ ၁၈၇၅ ခုနှစ်တွင် အင်္ဂလိပ်အရေးပိုင်က မြန်မာ ကျောင်းခေတ်ရုံများ၌ ကျောင်းပို့ခ ပိုယူနေကြောင်း တိုင်ကြားရာ ကျောင်းဆရာ မောင်အုန်းက ကျောင်းပို့ခ ပိုယူခြင်းမဟုတ်ဘဲ ရုံးပိတ် ရက်များတွင် ပို့ဆောင်ပေးရသဖြင့် နှစ်ဆယူရခြင်းသာဖြစ်ကြောင်း ကျောင်းဥပဒေကို ထောက်ပြ ရှင်းလင်းခဲ့လေသည်။ မောင်အုန်းသည် မန္တလေး ကျောင်းရုံး၌ ကျောင်းဆရာအဖြစ် အမှုထမ်းနေစဉ်အတွင်း တစ်နေ့ မြင်းခြံခေတ်ရုံသို့ သွားရောက်စဉ် အီဗျံဟင်မူဆာထံမှ ဘီစကွတ် မုန့်သေတ္တာဝယ်ယူရာမှ ပြဿနာတက်ခဲ့၏။

မောင်အုန်းနှင့် မြင်းခြံကျောင်းဆရာ မောင်ကွန်းတို့က အီဗျံဟင် အား ဝိုင်းဝန်းထိုးကြိတ်ကြသဖြင့် ငွေ (၃၀)ကျပ်စီ အလျော်ပေးခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



# (၂၀) ပညာတော်သင်စာရင်း

၁။ **မောင်ကကြီး** - ၁၈၈၅ ခု ဇူလိုင်လတွင် သံချက်ဝန်ထောက် ဦးမြူ ခေါ်လာ၍ ပြင်သစ်နိုင်ငံသို့ ရောက်ရှိခဲ့သည်။ ပါရီမြို့ ပါစီ (Passy)ရပ်၌ တည်းခိုနေထိုင်ကာ ပညာသင်ကြားလေ့လာနိုင်ရန် ကြိုးပမ်းအားထုတ်နေဆဲတွင် သီပေါမင်းပါတော်မူသွားသဖြင့် ၁၈၈၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း၌ မန္တလေးသို့ ပြန်လာခဲ့ရသည်။

၂။ **မောင်ကဲ** - သံချက်ဝန်ထောက်ဦးမြူနှင့်အတူ ၁၈၈၅ ခုနှစ် ဇူလိုင်လ အတွင်းက ပြင်သစ်နိုင်ငံသို့ ရောက်ရှိခဲ့သည်။ သီပေါမင်း ပါတော်မူ သွားသဖြင့် ပါရီမြို့၌ သောင်တင်နေကြသူ ပညာတော်သင်များထဲ၌ တစ်ဦးအပါအဝင်ဖြစ်၏။

၃။ **မောင်ကံထူး** - ၁၈၇၆ ခုနှစ်တွင် အီတလီနိုင်ငံ လိဂ်ဟွန်း (Leghorn) မြို့၌ ရေကြောင်းပညာသင်ကြားခဲ့သူဖြစ်သည်။ သီပေါမင်း ပါတော်မူသွားပြီးနောက် အီတလီနိုင်ငံ၌ပင် ဆက်လက် နေထိုင်ခဲ့သည်။

၄။ **မောင်ကံရေး** - ၁၈၆၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ လက်နက် အတတ်ပညာ သွားရောက်သင်ယူခဲ့သည်။ ဒန်ဒန် (Dum Dum) မြို့ လက်နက်အသေးစားစက်ရုံ၌ ပညာသင်ခဲ့ပြီး ၁၈၇၂ ခုနှစ်၌ ရတနာပုံ နေပြည်တော်သို့ ပြန်လည် ရောက်ရှိခဲ့၏။

၅။ **မောင်ကျီးညို** - ရန်ကုန်မြို့သို့ ကြေးနန်းပညာသင်ယူရန် သွားရောက်ခဲ့သူဖြစ်သည်။ ရန်ကုန်သည် ထိုစဉ်က ဗြိတိသျှ အစိုးရ၏ အုပ်ချုပ်မှုအောက်၌ တည်ရှိခဲ့သည်။ ထိုနောက် နယ်ခြား ဒဂုံမော် ကြေးနန်းရုံး၌ ကြီးကြပ်ခဲ့ရ၏။

၆။ **မောင်ကျော်** - မန္တလေးမှ ဦးဇံ၏သားဖြစ်သည်။ ၁၈၇၃ ခုနှစ်တွင် ကာလကတ္တားသို့ သွားရောက်ပညာသင်ကြားခဲ့ပြီး သီပေါမင်း



www.burmeseclassic.com

www.burmeseclassic.com



ပါတော်မူပြီးမှ ဘီအေဘွဲ့ကို ရရှိခဲ့သည်။ ထို့နောက် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ ဆက်လက်သွားရောက်ကာ ဝတ်လုံစာမေးပွဲ အောင်မြင်ခဲ့၏။

၇။ **မောင်ကြာ** - စကားပြန် မောင်ကြာသီးနှင့် မောင်သန်းတို့ အုပ်ချုပ်လျက် ၁၈၆၉ ခုနှစ်က အိန္ဒိယနိုင်ငံသို့ စေလွှတ်သော အဖွဲ့တွင် လိုက်ပါခဲ့သည်။ ဖို့ဒ် ဝီလျံ လက်နက်တိုက်၌ ပညာသင် ယူခဲ့ပြီး ၁၈၇၂ ခုနှစ်၌ နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

၈။ **မောင်ကြီး** - တရုတ်ဝန်၏သားဖြစ်ပြီး ပညာတော်သင် စေလွှတ်ရန် စာရင်းကောက်ခံစဉ်က အသက် ၁၈ နှစ်နီးပါးရှိပြီဖြစ်၏။

၉။ **ကြာသီး** - ၁၈၆၉ ခုနှစ်တွင် ဘင်္ဂလားသို့ ပညာတော်သင်အုပ်စုကို ဦးဆောင် သွားရောက်ရသည်။ အင်္ဂလိပ်ဘာသာပြန်အဖြစ်ပါ တာဝန်ယူရပြီး ကော့ပူစီမြို့ လက်နက်စက်ရုံ၌ ပညာသင်ယူခဲ့သည်။

၁၀။ **မောင်ကြည်** - ၁၈၈၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံသို့ သံချက်ဝန်ထောက် ဦးမြူနှင့်အတူ ရောက်ရှိလာခဲ့သည်။ သို့သော် သီပေါမင်း ပါတော်မူ သွားသဖြင့် နေပြည်တော်သို့ ပြန်လာခဲ့ရ၏။

၁၁။ **မောင်ကွန်း** - အိန္ဒိယနိုင်ငံ၌ ကြေးနန်းပညာသင်ယူခဲ့ဖူးပြီး ၁၈၇၅ ခုနှစ်မှစ၍ မြင်းခြံ ဓာတ်ရုံတွင် ကြေးနန်းဆရာအဖြစ် အမှုထမ်း ခဲ့သည်။ သူသည် ၁၈၈၁ ခုနှစ် စက်တင်ဘာလက ရှင်စောပု သင်္ဘောပေါ်၌ အင်္ဂလိပ်အရာရှိ ဟာဒိန်းကို ထိုးကြိတ်မှုဖြင့် ပြဿနာပေါ်ခဲ့ဖူး၏။

၁၂။ **မောင်ခက်** - ပန်းဘဲခေါင်းအဖြစ် အမှုထမ်းရွက်သူဖြစ်ပြီး ၁၈၇၃ ခုနှစ်၌ အီတလီနိုင်ငံသို့ ပညာတော်သင်သွားရောက်ခဲ့သည်။

၁၃။ **မောင်ခန့်** - သီပေါမင်းလက်ထက် နှောင်းပိုင်းကာလတွင် ကြေးနန်း ပညာသင်ယူရန် ပြင်သစ်နိုင်ငံသို့ရောက်ရှိခဲ့သည်။ သီပေါမင်း



www.burmeseclassic.com

www.burmeseclassic.com



ပါတော်မူစဉ် ပြင်သစ်နိုင်ငံ၌ သောင်တင်နေခဲ့ရာမှ ဗြိတိသျှ အစိုးရ၏ အကူအညီဖြင့် မန္တလေးသို့ ပြန်လည်ရောက်ရှိ လာခဲ့သည်။

၁၄။ **မောင်ချမ်းသာ** - အဆောင်နီမှူး၏ ယောက်ဖဖြစ်သည်။ အသက် (၁၀)နှစ်အရွယ်ကပင် ပညာတော်သင်အဖြစ် ရွေးချယ်ခံခဲ့ရ၏။ အင်္ဂလန်နိုင်ငံသို့ သွားရောက်ပညာသင်ကြားခဲ့သည်ဆိုပါသည်။

၁၅။ **မောင်ခွေး** - ၁၈၆၉ ခုနှစ်တွင် လက်နက်ပညာသင်ယူရန် အိန္ဒိယ နိုင်ငံသို့ စေလွှတ်ခံခဲ့ရ၏။ သူသည် ဖို့ဒ်ဝီလျံ လက်နက်တိုက်၌ နှစ်နှစ်ကြာ ပညာသင်ယူခဲ့သည်။

၁၆။ **မောင်စ** - ၁၈၈၅ ခုနှစ်နှောင်းပိုင်းကာလတွင် ပြင်သစ်နိုင်ငံသို့ ပညာတော်သင်အဖြစ် ရောက်ရှိခဲ့သည်။ သီပေါမင်း ပါတော်မူစဉ် ပြင်သစ်နိုင်ငံ၌ သောင်တင်နေခဲ့သူဖြစ်သည်။

၁၇။ **မောင်စီ** - ၁၈၇၂ ခုနှစ်တွင် အီတလီနိုင်ငံသို့ ပညာတော်သင် သွားရောက်ခဲ့သည်။

၁၈။ **စံပေါ်** - နတ်စုလက်ျာ အမှုထမ်း ဦးစံညွန့်၏သားဖြစ်သည်။ အသက် (၂၀)နှစ်အရွယ်တွင် ပညာတော်သင်အဖြစ်ရွေးချယ်ခံခဲ့ ရ၏။

၁၉။ **မောင်စိုး** - ၁၈၈၅ ခုနှစ်တွင် သံချက်ဝန်ထောက် ဦးမြူနှင့်အတူ ပြင်သစ်နိုင်ငံသို့ရောက်ရှိခဲ့သည်။ သီပေါမင်းပါတော်မူစဉ် ပါရီမြို့၌ သောင်တင်နေခဲ့ရာ ၁၈၈၆ ခုနှစ် ဖေဖော်ဝါရီလတွင်မှ ပြန်လည် ရောက်ရှိလာခဲ့သည်။

၂၀။ **မောင်ဆုန်** - အိန္ဒိယနိုင်ငံတွင် ကြေးနန်းပညာသင်ယူခဲ့ဖူး၏။ မင်းလှမြို့၊ တိုင်ပျောက်ကြေးနန်းခာတ်ရုံ၌ ၁၈၇၁ ခုနှစ်မှ စတင်ကာ ကြေးနန်းဆရာအဖြစ် အမှုထမ်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၂၁။ **မောင်ဆောင်း** - ၁၈၆၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဒန်ဒန်(Dum Dum)မြို့၌ လက်နက်ခဲယမ်းမီးကျောက် လုပ်နည်းအတတ်ပညာကို သင်ယူခဲ့သည်။ နှစ်နှစ် ပညာ သင်ပြီး ၁၈၇၂ ခုနှစ်၌ မန္တလေးသို့ ပြန်လည်ရောက်ရှိလာသည်။

၂၂။ **မောင်ညို** - လွှတ်တော် နာခံတော်၏သားဖြစ်ပြီး အသက် (၁၆) နှစ်အရွယ် ၁၈၆၉ ခုနှစ်၌ အီတလီနိုင်ငံသို့လည်းကောင်း၊ ၁၈၇၄ ခုနှစ်၌ ဘင်္ဂလားသို့လည်းကောင်း စေလွှတ်ခံခဲ့ရသည်။

၂၃။ **ညိုရောင်** - ၁၈၆၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ကောက်စီပူ (Cossipore) မြို့ လက်နက်စက်ရုံ၌ ပညာသင်ကြားခဲ့သည်။ အင်္ဂလိပ်စကားပြန် ကြံသီးအုပ်ချုပ်သော (၅)ဦးအဖွဲ့ပါ အဖွဲ့မှ ဖြစ်ပြီး ၁၈၇၂ ခုနှစ်၌ မန္တလေးသို့ ပြန်လည်ရောက်ရှိခဲ့၏။

၂၄။ **မောင်ညွန့်** - ၁၈၅၇ ခုနှစ်တွင် ဘင်္ဂလား၌ ပညာသင်ယူခဲ့ပြီး ၁၈၅၉ခုနှစ်၌ ပြန်လည်ရောက်ရှိခဲ့သည်။ ၁၃ မတ် ၁၈၅၉ ခုနှစ်တွင် ပြင်သစ်နိုင်ငံသို့ ပညာတော်သင် သွားရောက်ခဲ့၏။ ၁၈၆၃ ခုနှစ် ဩဂုတ်လ၌ ပြန်လည်ရောက်ရှိကာ သံချက်ဝန်ရာထူး ရရှိသည်။

၂၅။ **မောင်တရုတ်ဖြူ** - ၁၈၆၉ ခုနှစ်တွင် အင်္ဂလန်နိုင်ငံသို့ ပညာတော်သင်သွားရောက်ခဲ့ပြီး ၁၈၇၃ ခုနှစ်၌ အီတလီသို့ ထပ်မံ သွားရောက် ပညာသင်ယူခဲ့သည်။

၂၆။ **မောင်တူး** - တရားနာခံဟောင်း ဦးအုပ်၏သားဖြစ်သည်။ အသက် (၂၃)နှစ်အရွယ်တွင် ပညာ်တော်သင်အဖြစ် ရွေးချယ်ခံခဲ့ရ၏။

၂၇။ **ထွန်းလင်း** - မြစ်စဉ်လှေတော် ထောင်ကဲ၏သားဖြစ်ပြီး အသက် (၁၇)နှစ်အရွယ်၊ ၁၈၇၄ ခုနှစ်၌ ဘင်္ဂလားသို့ ပညာတော်သင်အဖြစ် စေလွှတ်ခံခဲ့ရ၏။ ထို့နောက် ပြင်သစ်နိုင်ငံသို့ ထပ်မံ စေလွှတ်ခံခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



၂၈။ **ထွန်းဦး** - ၁၈၇၆ ခုနှစ်တွင် အီတလီနိုင်ငံသို့ ရောက်ရှိခဲ့ပြီး လိဂ်ဟွန်း (Leghorn)မြို့ ရေတပ်ပညာသင်ကျောင်း၌ ပညာသင် ယူခဲ့သည်။ မြန်မာနိုင်ငံသို့ ပြန်မရောက်တော့ဘဲ အီတလီနိုင်ငံ တူရင်မြို့၌ ကွယ်လွန်ခဲ့သည်။

၂၉။ **ထွန်းအောင်** - ၃ ပြေ ၁၈၂၉ ခုနှစ်တွင် မန္တလေးမြို့၌ဖွားမြင်သည်။ ၁၈၅၇ ခုနှစ်တွင် ဘင်္ဂလားသို့ ပညာတော်သင်သွားရောက်ခဲ့ရပြီး ၁၈၅၉ ခုနှစ်၌ နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာကာ ပန်းဘဲဝန်အဖြစ် အမှုထမ်းရသည်။

၃၀။ **မောင်ဒေါန** - တောင်ထားဝယ် သေနတ်ဗိုလ် ဦးတုတ်၏သား ဖြစ်သည်။ အသက် (၁၃)နှစ်အရွယ်၌ ပညာတော်သင်အဖြစ် ရွေးချယ်ခံခဲ့ရ၏။

၃၁။ **ပေါက်ကျိုင်း** - ၁၈၅၇ ခုနှစ်တွင် ဘင်္ဂလားသို့ ပညာတော်သင်သွား ရောက်ကာ Doreton College ၌ ပညာဆည်းပူးခဲ့၏။ သမိုင်း ဘာသာရပ်ကို အထူးပြုသင်ယူခဲ့ပြီး ၁၈၅၉ ခုနှစ်၌ နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။ ထို့နောက် ဗြဲတိုက်သံတော်ဆင့် ရာထူးဖြင့် ဘင်္ဂလားမြို့စာရေးတော်ကြီးရုံး၌ အမှုထမ်းရပါသည်။ အီတလီသို့ ပညာတော်သင်သွားရောက်ပို့ဆောင်ရင်း ရောက်ဖူး ခဲ့သည်။

၃၂။ **ပေါက်ထွန်း** - အိန္ဒိယနိုင်ငံတွင် ကြေးနန်းပညာသင်ယူခဲ့ဖူးပြီး ၁၈၇၁ ခုနှစ် မတ်လမှ စတင်ကာ ဘာသာပြန် ကြေးနန်းဆရာ အဖြစ် အမှုထမ်းသည်။ ၁၈၇၆ ခုနှစ် ကင်းဝန်မင်းကြီး ကာလ ကတ္တားသွားစဉ်က စကားပြန်အဖြစ် လိုက်ပါသွားရ၏။

၃၃။ **ပန်းဇံ** - ၁၈၆၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဖို့ဒ်ဝီလျံ (Ford William) လက်နက်တိုက်၌ ပညာသင်ယူခဲ့သည်။ နှစ်နှစ် ပညာသင်ကြားပြီး ၁၈၇၂ ခုနှစ်၌ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



၃၄။ **မောင်ဖေ** - ၁၈၈၅ ခုနှစ်တွင် သံချက်ဝန်ထောက်ဦးမြူနှင့်အတူ ပြင်သစ်နိုင်ငံသို့ ရောက်ရှိခဲ့သည်။ သီပေါမင်းပါတော်မူစဉ် ပြင်သစ်နိုင်ငံ၌ သောင်တင်နေခဲ့ရာ ဗြိတိသျှတို့ အစီအစဉ်ဖြင့် မန္တလေးသို့ ပြန်ခဲ့ရ၏။

၃၅။ **ဖိုးသာ** - ၁၈၇၆ ခုနှစ်တွင် ဘင်္ဂလာမှတစ်ဆင့် အီတလီနိုင်ငံသို့ သွားရောက် ပညာသင်ကြားခဲ့သည်။ နောက်ပိုင်း အီတလီ တပ်မတော်၌ ဝင်ရောက်အမှုထမ်းကာ ပထမကမ္ဘာစစ်အတွင်း မက်ဆိုပိုတေးမီးယား စစ်မြေပြင်သို့ ရောက်ရှိခဲ့၏။

၃၆။ **ဖိုးသက်** - ၁၈၇၆ ခုနှစ်တွင် ဘင်္ဂလားသို့ ရောက်ရှိခဲ့သည်။ ထို့နောက် အီတလီနိုင်ငံသို့ ရောက်ရှိသွားကာ ဆက်လက်ပညာ သင်ကြားခဲ့သည်။

၃၇။ **မောင်ဖန်** - ၁၈၅၉ ခုနှစ်တွင် ဖန်ချက်ပညာသင်ယူရန် ပြင်သစ် နိုင်ငံသို့ စေလွှတ်ခံရကြောင်းဆိုသည်။

၃၈။ **မောင်ဖြူ** - ပန်းတဉ်းဝန် ဦးရွှေပင်၏တူဖြစ်သည်။ အသက် (၁၇)နှစ်အရွယ် ၁၈၇၄ ခုနှစ်တွင် ဘင်္ဂလားသို့ စေလွှတ်ခံခဲ့ရ၏။

၃၉။ **မောင်ဘ** - သံချက်စာရေးကြီး ဦးသင်၏ တူဖြစ်သည်။ ပညာတော် သင်အဖြစ် ရွေးချယ်ခံရစဉ်က အသက် (၂၂)နှစ် ရှိပြီဖြစ်သည်။

၄၀။ **မောင်ဘ** - ကွပ်ရွာ ဝန်ထောက်၏တူဖြစ်သည်။ အသက် (၁၉)နှစ် အရွယ်တွင် ပညာတော်သင်အဖြစ် ရွေးချယ်ခံရသည်။

၄၁။ **မောင်ဘကလေး** - လက်ျာကြောင်း သေနတ်ဗိုလ်၏တူဖြစ်ပြီး ပညာတော်သင်စေလွှတ်ရန် စာရင်းကောက်ခံစဉ် အသက် (၁၅)နှစ် ကျော်ရုံမျှသာ ရှိပါသေးသည်။

၄၂။ **မောင်ဘကြီး** - ပုဏ္ဏားဝန်၏ မြေးဖြစ်ပြီး ပညာတော်သင်စေ လွှတ်ရန် စာရင်းကောက်ယူစဉ်က အသက်(၁၇)နှစ်နီးပါးရှိပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



၄၃။ ဘအို - ၁၈၇၆ ခုနှစ်တွင် အီတလီသို့ ရောက်ရှိကာ တူရင်မြို့ အပြည်ပြည်ဆိုင်ရာ ကောလိပ်နှင့် မိုဒီနာမြို့ မြင်းတပ်လေ့ကျင့်ရေးကျောင်းတို့၌ တက်ရောက်ပညာသင်ယူခဲ့သည်။ ပါတော်မူပြီးနောက် မြန်မာပြည်သို့ ပြန်လာကာ နယ်ချဲ့ အင်္ဂလိပ်ကို တော်လှန်ရာမှ အကျဉ်းချထားခံရ၏။

၄၄။ မောင်ဘေ - သံတော်ဆင့် တစ်ဦးဖြစ်သည်။ သီပေါမင်းလက်ထက်တွင် ကြေးနန်းပညာသင်ရန် ပြင်သစ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး သီပေါမင်းပါတော်မူစဉ် သံချက်ဝန် ဦးမြူနှင့်အတူ သောင်တင်နေခဲ့၏။

၄၅။ မောင်ဘိုးကောင်း - ၁၈၆၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ လက်နက်ပညာ သင်ယူရန် သွားရောက်ခဲ့သည်။ အိန္ဒိယနိုင်ငံ ကောက်စီပူ (Cossipore) မြို့၌ နှစ်နှစ်ပညာသင်ယူပြီး ၁၈၇၂ ခုနှစ်တွင် မန္တလေးသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

၄၆။ ဘိုးကျယ် - သံတော်ဆင့် ဦးဘိုးမောင်၏ တူဖြစ်သည်။ ပညာတော်သင်အဖြစ် ရွေးချယ်ခံရစဉ်က အသက် (၁၅)နှစ်အရွယ်သာ ရှိသေး၏။

၄၇။ ဘိုးကြီး - သံတော်ဆင့်ဟောင်း ဦးကြီး၏တူဖြစ်ပြီး အသက် (၂၄)နှစ်အရွယ်၌ ပညာတော်သင်အဖြစ်ရွေးချယ်ခံခဲ့ရ၏။

၄၈။ ဘိုးကြွယ် - ဘုန်းတော်တိုး သေနတ်ဗိုလ်၏သားဖြစ်ပြီး ပညာတော်သင် စေလွှတ်ရန် စာရင်းကောက်ခံစဉ်က အသက် (၁၃)နှစ် ကျော်သာရှိပါသေးသည်။

၄၉။ ဘိုးခင် - နတ်ရှင်ရွှေသေနတ်ဗိုလ်၏ သားဖြစ်သည်။ အသက် (၁၂)နှစ်ကျော်အရွယ်တွင် ပညာတော်သင်အဖြစ် ရွေးချယ်ခံရ၏။

၅၀။ ဘိုးချစ် - ပေါက်မြိုင်အတွင်းဝန် ဦးလှဘူး၏ ပေါက်ဖော်ဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပညာတော်သင်စေလွှတ်ရန် စာရင်းကောက်ခံစဉ်က အသက် (၁၅)နှစ်သာ ရှိပါသေးသည်။

၅၁။ **ဘိုးခြုံ** - လက်ဖက်ရည်တော်တစ်ဦးဖြစ်ပြီး ၁၈၇၃ ခုနှစ်ခန့်တွင် အီတလီနိုင်ငံသို့ ပညာတော်သင်သွားရောက်ခဲ့၏။

၅၂။ **ဘိုးစော** - အမြောက်ဝန်၏သားဖြစ်ပြီး အသက် (၁၈)နှစ်အရွယ် ၁၈၇၄ ခုနှစ်၌ ဘင်္ဂလားသို့ ပညာတော်သင်အဖြစ် စေလွှတ်ခံခဲ့ရသည်။

၅၃။ **ဘိုးစို** - ကုန်သည်ဦးပေါ်၏ သားဖြစ်သည်။ အသက် (၁၉)နှစ်အရွယ်၌ နိုင်ငံခြား ပညာတော်သင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

၅၄။ **ဘိုးဆင်** - ကုန်သည် ဦးကောက်၏ သားဖြစ်သည်။ အသက် (၁၆)နှစ်အရွယ်၌ ပညာတော်သင်အဖြစ် ရွေးချယ်ခံရ၏။

၅၅။ **ဘိုးထင်** - အနောက်ဝန်မင်း၏မြေးဖြစ်ပြီး အသက် (၁၆)နှစ်အရွယ် ၁၈၇၄ ခုနှစ်၌ ဘင်္ဂလားသို့ ပညာတော်သင်အဖြစ် စေလွှတ်ခံရ၏။

၅၆။ **ဘိုးထို** - သံချက်ဝန်ထောက်ဦးမြူနှင့်အတူ ၁၈၈၅ ခုနှစ်က ပြင်သစ်နိုင်ငံသို့ ရောက်ရှိခဲ့သူဖြစ်သည်။

၅၇။ **ဘိုးဘ** - ၁၈၈၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံသို့ သံချက်ဝန်ထောက်ဦးမြူနှင့်အတူ ရောက်ရှိခဲ့သည်။ ပါရီမြို့ ပါစီ (Passy)ရပ်၌ နေထိုင်ခဲ့ပြီး သီပေါမင်း ပါတော်မူစဉ် ပြင်သစ်နိုင်ငံ၌ သောင်တင်နေခဲ့၏။

၅၈။ **ဘိုးဘေ** - စက်ဆရာ ဦးပြည့်ကျော်၏ သားဖြစ်သည်။ အသက် (၁၆)နှစ်အရွယ်တွင် ပညာတော်သင်အဖြစ် ရွေးချယ်ခံခဲ့ရ၏။

၅၉။ **ဘိုးမောင်** - နန်းမတော်ဝန်ဟောင်း ဦးပသီ၏ သားဖြစ်သည်။ ပညာတော်သင်အဖြစ် ရွေးချယ်ခံရစဉ်က အသက် (၃၂)နှစ်ရှိပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၆၀။ **ဘိုးလှ** - ယင်းတောမြို့ဝန်၏ သားဖြစ်ပြီး ပညာတော်သင် စေလွှတ်ရန် စာရင်းကောက်ခံစဉ်က အသက် (၁၅)နှစ်ကျော်သာ ရှိပါသေးသည်။

၆၁။ **ဘိုးဝိုင်း** - လှေသင်းအတွင်းဝန် ဦးရွှေမောင်၏သားဖြစ်ပြီး အသက် (၁၃)နှစ်အရွယ်၌ ပညာတော်သင်အဖြစ် ရွေးချယ်ခံခဲ့ရ၏။

၆၂။ **ဘိုးသုံ** - စာရေးတော်ကြီးဖြစ်ပြီး ကြေးနန်းပညာသင်ရန် ပြင်သစ်နိုင်ငံသို့ ရောက်ရှိခဲ့သည်။ သီပေါမင်း ပါတော်မူစဉ် ပြင်သစ် နိုင်ငံ၌ သောင်တင်နေရာမှ ဗြိတိသျှတို့စရိတ်ဖြင့် ပြန်လာခဲ့ရ၏။

၆၃။ **ဘိုးသွင်** - ကင်းဝန်မင်းကြီး ဦးကောင်း၏တူဖြစ်သည်။ အသက် (၁၉)နှစ် အရွယ်၌ ပညာတော်သင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

၆၄။ **ဘိုးဟံ** - ကုန်သည် ဦးရန်ပြေ၏ သားဖြစ်သည်။ ပညာတော်သင် အဖြစ် ရွေးချယ်ခံရစဉ် အသက် (၁၈)နှစ် ရှိပြီးဖြစ်၏။

၆၅။ **ဘိုးအုံ** - မြို့သစ် အတွင်းဝန် ဦးဘိ၏သားဖြစ်ပြီး ပညာတော်သင် စေလွှတ်ရန် စာရင်းကောက်ခံစဉ်က အသက် (၁၄)နှစ်ကျော်သာ ရှိပါသေးသည်။

၆၆။ **ဘိုးအစ်** - ကုန်သည် ဦးအဲ၏သားဖြစ်ပြီး အသက် (၂၃)နှစ် အရွယ်၌ နိုင်ငံခြားပညာတော်သင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ လူပြန်တော်တစ်ဦးလည်း ဖြစ်သည်။

၆၇။ **မောင်ကလေး** - ကုလားဝန်၏သားဖြစ်ပြီး ပညာတော်သင် စေလွှတ်ရန် စာရင်းကောက်ခံစဉ်က အသက် (၁၄)နှစ်ကျော်သာ ရှိပါသေးသည်။

၆၈။ **မောင်ကလေး** - ညောင်ဝန်းဝန်ထောက် ဦးဘိုးအို၏သားဖြစ်ပြီး သီပေါမင်းလက်ထက်တွင် အိန္ဒိယနိုင်ငံသို့ ပညာတော်သင်သွား



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့သည်။ သူသည် ယောမင်းကြီးဦးဘိုးလှိုင်၏သမီး ခင်ခင်ကြီးနှင့် လက်ဆက်ခဲ့သူဖြစ်သည်။

၆၉။ **မောင်ကြီး** - စကုမြို့ဝန်၏သားဖြစ်ပြီး ပညာတော်သင် စေလွှတ်ရန် စာရင်းကောက်ယူစဉ်က အသက် ၁၇ နှစ်ကျော်ပြီဖြစ်၏။

၇၀။ **မောင်မြူ** - ၁၈၆၂ ဒီဇင်ဘာလတွင် ပြင်သစ်နိုင်ငံသို့ ပညာတော်သင်သွားရောက်ရသည်။ ၁၈၆၈ ခုနှစ်တွင် ပြန်ရောက်လာပြီး ၁၈၇၀ ခုနှစ်၌ ထပ်မံစေလွှတ်ခံရပြန်သည်။ ၂၇ ဇန် ၁၈၇၂ ခုနှစ်တွင် ပြန်ရောက်လာကာ သံချက်ဝန်ထောက်ရာထူးရရှိသည်။

၇၁။ **မောင်မြ** - ၂၄ ဇန်နဝါရီ ၁၈၄၂ ခုနှစ်တွင် စစ်ကဲဦးရွှေမင်းနှင့် ဒေါ်ခိုင်တို့မှ ဖွားမြင်သည်။ ၁၈၆၃ ခုနှစ်တွင် ဘင်္ဂလားသို့ ပညာတော်သင်စေလွှတ်ခံရ၏။ ၁၈၆၆ ခုနှစ်တွင် ပြန်ရောက်လာပြီးနောက် ၁၈၆၉ ခုနှစ်တွင် အင်္ဂလန်သို့ သွားရောက်ရသည်။ ၈ ဒီဇင်ဘာ ၁၉၂၄ တွင် ကွယ်လွန်သည်။

၇၂။ **မောင်မှီ** - ၁၈၆၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ လက်နက်ပညာသင်ယူရန် စေလွှတ်ခြင်းခံခဲ့ရ၏။ အိန္ဒိယနိုင်ငံ ဒန်ဒန် (Dum Dum)မြို့၌ နှစ်နှစ်ကြာ ပညာသင်ယူခဲ့ပြီး ၁၈၇၂ ခုနှစ်၌ မန္တလေးသို့ ပြန်လည်ရောက်ရှိခဲ့သည်။

၇၃။ **မောင်ယုန်ဖြူ** - ဆင်မင်းဝန်၏သားဖြစ်သည်။ ပညာတော်သင် စေလွှတ်ရန် စာရင်းကောက်ခံစဉ်က အသက် (၁၄)နှစ်ကျော်သာ ရှိသေး၏။

၇၄။ **ရာနွန်း** - ၁၈၆၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ ပညာတော်သင်အဖြစ် ရောက်ရှိခဲ့သည်။ ဒန်ဒန်မြို့ (Dum Dum) လက်နက် စက်ရုံ၌ (၂)နှစ် ပညာသင်ကြားခဲ့သည်။ ၁၈၇၂ ခုနှစ်တွင် မန္တလေးသို့ ပြန်လည်ရောက်ရှိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



၇၅။ **ရဲတင်** - စာရေးကြီး ဦးရွှေအေး၏တူဖြစ်သည်။ အသက် (၂၀)နှစ် အရွယ်တွင် ပညာတော်သင်အဖြစ် ရွေးချယ်ခံခဲ့ရ၏။

၇၆။ **ရန်အေး** - ၁၈၇၆ ခုနှစ်တွင် ဘင်္ဂလားသို့ ရောက်ရှိခဲ့ပြီး ထိုမှ တစ်ဆင့် အီတလီနိုင်ငံသို့ ရောက်ရှိ ပညာသင်ကြားခဲ့သည်။

၇၇။ **မောင်ရှင်** - ၁၈၆၉ ခုနှစ်တွင် ဘင်္ဂလားသို့ လက်နက်ပညာသင်ရန် ရောက်ရှိခဲ့သည်။ စကားပြန် ကြံသီး၏ အဖွဲ့ဝင်ယ်တွင်ပါဝင်ပြီး ကောက်စီပူ (Cossipore)မြို့၌ လက်နက်ပညာသင်ယူခဲ့သည်။ ၁၈၇၂ ခုနှစ်တွင် မန္တလေးသို့ ပြန်လည်ရောက်ရှိခဲ့၏။

၇၈။ **ရွှေကြွင်း** - ၁၈၆၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ လက်နက် အတတ် ပညာသင်ယူရန် ရောက်ရှိခဲ့သည်။ Dum Dum မြို့ လက်နက် စက်ရုံ၌ (၂)နှစ် ပညာသင်ယူရန် ရောက်ရှိခဲ့သည်။

၇၉။ **ရွှေမြ** - ၁၈၆၈ ခုနှစ်တွင် မဲနယ် ပညာသင်ယူရန် ပြင်သစ်နိုင်ငံသို့ စေလွှတ်ခံရသူဖြစ်ကြောင်း ဆိုပါသည်။

၈၀။ **ရွှေပင်** - ဦးခဲ ဒေါ်လှဦးတို့၏သားဖြစ်ပြီး ၁၈၅၇ ခုနှစ်တွင် ဘင်္ဂလား၌ ပညာသင်ကြားခဲ့သည်။ ၁၈၅၉ ခုနှစ်တွင် နေပြည်တော် ပြန်ရောက်ခဲ့ပြီး သံတော်ဆင့်၊ ပန်းတဉ်းဝန်အရာများဖြင့် အမှု ထမ်းခဲ့သည်။ နောင် ပန်းတဉ်းဝန်ထောက်ဖြစ်လာကာ ၁၈၇၆ ခုနှစ်ခန့်တွင် ကွယ်လွန်ပါသည်။

၈၁။ **ရွှေရိုး** - ၁၈၆၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ လက်နက်ပညာသင်ယူရန် ရောက်ရှိခဲ့ပြီး ဒန်ဒန်(Dum Dum)မြို့၌ (၂)နှစ်ကြာ ပညာသင်ယူ ခဲ့သည်။

၈၂။ **ရွှေသာ** - အလ္လကပ္ပ ခုံတော်ဟောင်း ဦးကြီး၏သားဖြစ်သည်။ အသက် (၂၇)နှစ်အရွယ်တွင် ပညာတော်သင်အဖြစ် ရွေးချယ်ခံခဲ့ ရ၏။



www.burmeseclassic.com

www.burmeseclassic.com



၈၃။ **ရွှေအိုး** - ၁ မတ် ၁၈၃၆ ခုနှစ်တွင် ရွှေဘိုနယ်၊ ကျောက်မြောင်းမြို့၊ နွယ်ငြိမ်းရွာ၌ ဖွားမြင်သည်။ ၁၈၅၇ ခုနှစ်တွင် ဘင်္ဂလား၌ ပညာသင်ဖူးပြီး ၁၃ မတ် ၁၈၅၉ ခုနှစ်တွင် ပြင်သစ်နိုင်ငံသို့ ထပ်မံသွားရောက်ခဲ့သည်။ ပဲရစ်မြို့ ပန်သီယန်သိပ္ပံကျောင်းမှ သိပ္ပံဘွဲ့ရခဲ့သည်။ ၁၈၆၆ ခု၊ ဩဂုတ်လတွင် မြို့ပြအင်ဂျင်နီယာဘွဲ့ ရရှိခဲ့၏။ ထို့နောက် ဖန်ချက်ဝန်၊ ကျောက်မြောင်းအတွင်းဝန် ရာထူးများရရှိကာ ၂၂ ဒီဇင်ဘာ ၁၉၀၅ ခုနှစ်၌ ကွယ်လွန်ပါသည်။

၈၄။ **ရွှေအုန်း** - ကြေးနန်းပညာသင်ရန် ရန်ကုန်မြို့သို့ စေလွှတ်ခံခဲ့ရသူဖြစ်သည်။ မန္တလေး ကြေးနန်းဓာတ်ရုံ၌ ကြေးနန်းဆရာအဖြစ် အမှုထမ်းခဲ့သူဖြစ်သည်။

၈၅။ **မောင်လူကြီး** - အိန္ဒိယနိုင်ငံတွင် ကြေးနန်းပညာသင်ယူခဲ့ဖူးသည်။ ၁၈၇၄ ခုနှစ်အထိ မြင်းခြံ ဓာတ်ရုံ၌ အမှုထမ်းခဲ့ပါသည်။

၈၆။ **လူလှ** - ၁၈၆၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ လက်နက်ပညာသင်ယူရန် ရောက်ရှိခဲ့သည်။ (Dum Dum)မြို့ လက်နက် စက်ရုံ၌ (၂)နှစ် ပညာသင်ယူခဲ့၏။

၈၇။ **လူသာ** - ၁၈၆၉ ခုနှစ် အိန္ဒိယနိုင်ငံသွား ပညာတော်သင်အဖွဲ့ဝင်ဖြစ်သည်။ ဟင်ဒီဘာသာပြန် မောင်သန်း၏အဖွဲ့ဝင်ဖြစ်ပြီး ဖို့ဒ်ဝီလျံ (Fort William)၌ နှစ်နှစ် ပညာသင်ယူခဲ့သည်။

၈၈။ **မောင်လွန်း** - ကုန်သည် ဦးထွန်းအောင်၏သားဖြစ်သည်။ အသက်(၁၇)နှစ်အရွယ်၌ ပညာတော်သင်အဖြစ် စေလွှတ်ခံခဲ့ရသည်။

၈၉။ **လှဘော်** - ၁၈၇၆ ခုနှစ်တွင် အီတလီနိုင်ငံသို့ ရောက်ရှိကာ လီဟွန်း (Leghorn)မြို့ ရေတပ်ပညာသင်ကျောင်း၌ ပညာသင်ကြားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၄၀။ **မောင်လှိုင်း** - ၁၈၇၃ ခုနှစ် ဇန်နဝါရီလတွင် အီတလီနိုင်ငံသို့ ပညာတော်သင်အဖြစ် အီတလီဘုန်းတော်ကြီး အဘိုနာနှင့် လိုက်ပါသွားခဲ့သည်။

၄၁။ **မောင်ဝိုင်း** - ပြင်သစ်နိုင်ငံသို့ သံချက်ဝန်ထောက် ဦးမြူနှင့်အတူ ရောက်ရှိခဲ့ပြီး သီပေါမင်းပါတော်မူစဉ်တွင် ပြင်သစ်နိုင်ငံ ပါစီ (Passy)မြို့၌ သောင်တင်နေခဲ့သူဖြစ်သည်။

၄၂။ **သာထား** - (၁၈၇၃-၇၄) ခုနှစ်များအတွင်း အီတလီနိုင်ငံ၌ ပညာသင်ကြားခဲ့သည်။ ၁၈၇၄ ခုနှစ် ဇူလိုင်လတွင် နေပြည်တော်သို့ ပြန်လည် ရောက်ရှိလာပြီးနောက် စာရေးတော်ကြီးအရာ ရရှိခဲ့သည်။

၄၃။ **သာဟန်** - ၁၈၆၉ ခုနှစ် အိန္ဒိယနိုင်ငံသွား ပညာတော်သင် တစ်ဦး ဖြစ်ပြီး စကားပြန် ကြံ့သီးအဖွဲ့၌ ပါဝင်ခဲ့၏။ ကောက်စိပူ (Cossipore)မြို့တွင် (၂)နှစ် ပညာသင်ယူခဲ့သည်။

၄၄။ **သက်ပန်** - စာရေးကြီး ဦးမှုံ၏သားဖြစ်သည်။ အသက် (၁၇)နှစ် အရွယ်တွင် ပညာတော်သင်အဖြစ် ရွေးချယ်ခံခဲ့ရ၏။

၄၅။ **မောင်သောင်း** - ၁၈၆၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ လက်နက်ပညာသင်ယူရန် သွားရောက်ခဲ့သည်။ စကားပြန် ကြံ့သီးအဖွဲ့မှ ဖြစ်ပြီး ကောက်စိပူ၌ ပညာသင်ကြားခဲ့၏။

၄၆။ **မောင်သန်း**-၁၈၆၉ ခုနှစ် ဘင်္ဂလားသွား လက်နက်ပညာတော်သင် တစ်ဦးဖြစ်သည်။ ဒန်ဒန် (Dum Dum)မြို့၌ (၂)နှစ် ပညာ သင်ယူခဲ့သည်။

၄၇။ **မောင်သိမ်း** - ရွှေတိုက်ကြပ် ဦးတုတ်၏သားဖြစ်သည်။ ပညာတော်သင်အဖြစ် ရွေးချယ်ခံရစဉ်က အသက် (၁၁)နှစ်ကျော်သာ ရှိသေး၏။



www.burmeseclassic.com

www.burmeseclassic.com



၉၉။ **အောင်ခဲ** - ၁၈၈၅ ခုနှစ် ဇူလိုင်လတွင် သံချက်ဝန်ထောက် ဦးမြ နှင့်အတူ ပြင်သစ်နိုင်ငံသို့ ရောက်ရှိခဲ့သည်။ သို့သော် သီပေါမင်း ပါတော်မူသွားသဖြင့် နေပြည်တော်သို့ ပြန်လာ ခဲ့ရ၏။

၁၀၀။ **အောင်သူ** - လက်ဘက်ရည်တော်အဖြစ် အမှုထမ်းနေရာမှ ၁၈၆၂ ခု ဒီဇင်ဘာလတွင် ပြင်သစ်နိုင်ငံသို့ ပညာတော်သင်သွားရောက် ရသည်။ ၁၈၇၂ ခုနှစ် မေလတွင် ပြန်ရောက်သောအခါ ကသည်း မြင်းဝန်ရာထူးခန့်အပ်ခံရ၏။ ၁၈၈၀ ခုနှစ်ခန့်တွင် ကွယ်လွန် ပါသည်။

၁၀၁။ **မောင်အင်း** - စာရေးတော်ကြီး၏သားဖြစ်ပြီး အသက် (၁၅)နှစ် အရွယ် ၁၈၇၄ ခုနှစ်တွင် ဘင်္ဂလားသို့လည်းကောင်း၊ ၁၈၇၈ ခုနှစ် ခန့်တွင် ပြင်သစ်သို့လည်းကောင်း စေလွှတ်ခံခဲ့ရ၏။

၁၀၂။ **အုန်းပွင့်** - ၂၉ ဒီဇင်ဘာ ၁၈၆၅ခုနှစ်တွင် မန္တလေး၌ ဖွားမြင်သည်။ အသက်(၁၁)နှစ်အရွယ်တွင် အီတလီနိုင်ငံ တူရင်မြို့၌လည်း ကောင်း၊ မိုဒီနာမြို့ စစ်ပညာသင်ကျောင်း၌လည်းကောင်း ပညာ သင်ကြားခဲ့သည်။ ၂၀ အောက်တိုဘာ ၁၈၈၂ ခုနှစ်တွင် အီတလီ တပ်မတော်သို့ ဝင်ရောက်အမှုထမ်းသည်။ အီတလီသူ **Laura Brisi** နှင့် လက်ဆက်ခဲ့၏။ ၂၆ အောက်တိုဘာ ၁၉၀၅ ခုနှစ်တွင် ရောမမြို့၌ ကွယ်လွန်သည်။

၁၀၃။ **အုန်းဘူး** - ၁၈၇၆ ခုနှစ်တွင် ဘင်္ဂလားသို့ သွားရောက်ခဲ့ပြီး ထိုမှ တစ်ဆင့် အီတလီနိုင်ငံသို့ ရောက်ရှိ ပညာသင်ကြားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



# "ကျမ်းကိုးစာရင်း"

၁။ ကင်းဝန်မင်းကြီးကဗျာစု၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၈ ခုနှစ်

၂။ ကြန်၊ မ "ကုန်းဘောင်ခေတ်နှောင်း (၁၈၅၂-၈၅) မြန်မာ ပညာတော်သင်များ"၊ ယဉ်ကျေးမှု၊ ၁၉၆၁ စက်တင်ဘာ

၃။ ။ "ပညာသင်လူစာရင်းဘုရား" JBRS Vol. 62, Pt (1) & (2) Dec 1979

၄။ ။ "ရတနာပုံစက်ရုံများ" ငွေရတုသဘင် အထိမ်းအမှတ် ပုံနှိပ်ပြီးစာတမ်းစု၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၈၂ ဩဂုတ်

BURMESE CLASSIC

၅။ ခင်လှဟန်၊ ဒေါက်တာ -"၁၉ ရာစုနှောင်း အီတလီနိုင်ငံရောက် မြန်မာပညာတော်သင်များ" မြန်မာ့သမိုင်းသုတေသန စာစောင်၊ အမှတ် (၁၂)၊ ၂၀၀၃ ခု ဒီဇင်ဘာ

၆။ ။ "ပြင်သစ်နိုင်ငံရောက် မြန်မာပညာတော်သင်များ" မြန်မာသမိုင်းသုတေသနစာစောင်၊ အမှတ် (၉) ၂၀၀၂ ဇွန်

၇။ စိန်မောင်၊ ဦး "ပန်းဘဲဝန်မင်း ဦးထွန်းအောင်"၊ ယဉ်ကျေးမှု(၄) ၁၉၉၈

၈။ ။ "ဗုဒ္ဓဂါယာဘုရားဖူးပညာတော်သင်ငါးဦး"၊ ရန့်သစ်၊ ၂၀၀၅ ဩဂုတ်

၉။ ။ "လက်မှတ်နှင့် တံဆိပ်က ပြောတဲ့သမိုင်း" ရန့်သစ်၊ ၂၀၀၀ ပြည့် ဩဂုတ်၊ စက်တင်ဘာ။



www.burmeseclassic.com

www.burmeseclassic.com



၁၀။ တိုးလှ၊ ဒေါက်တာ "ကုန်းဘောင်ခေတ် မြန်မာ့ လူမှုအဖွဲ့အစည်းနှင့် တရားမှုခင်းများ"၊ ရန်ကုန်၊ နဝရတ်ပုံနှိပ်တိုက်၊ ၂၀၀၄ ဩဂုတ်

၁၁။ ထင်၊ မောင် ယောမင်းကြီးဦးဖိုးလှိုင် အထုပ္ပတ္တိနှင့် ရာဇဓမ္မသင်္ဂဟကျမ်း၊ ရန်ကုန်၊ ချိုးဖြူပုံနှိပ်တိုက်၊ ၁၉၉၂ ဇွန် (တတိယအကြိမ်)

၁၂။ နေထွတ် မန္တလေးအဘိဓာန်၊ မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၉၉

၁၃။ မောင်မောင်တင်၊ ဦး (KSM, ATM) - ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီး (တတိယတွဲ)၊ ရန်ကုန်၊ ရာပြည့်အော့ဖ်ဆက်၊ ၂၀၀၄ အောက်တိုဘာ (စတုတ္ထအကြိမ်)

၁၄။ ။ ရွှေနန်းသုံး ဝေါဟာရအဘိဓာန်

၁၅။ မောင်မောင်တင်၊ ဦး (မဟာဝိဇ္ဇာ) မြန်မာမင်းလက်ထက်တော် စာတမ်းများ ရန်ကုန်၊ ကုမာရပုံနှိပ်တိုက်၊ ၁၉၆၇

၁၆။ ။ "အင်္ဂလိပ်ဘာသာ ရာဇဝင်စာအုပ်" သမိုင်းဂျာနယ်၊ ၁၉၈၆ ဒီဇင်ဘာ

၁၇။ မျိုးသန့်တင်၊ ဒေါက်တာ "ကုန်းဘောင်ခေတ် မြန်မာ့ကြေးနန်း" သိပ္ပံ၊ ၁၉၈၄ ဇူလိုင်

၁၈။ ။ ကုန်းဘောင်ခေတ် မြန်မာ့သိပ္ပံပညာရှင်များ၊ ရန်ကုန်၊ စာပေလောက ပုံနှိပ်တိုက်၊ ၁၉၈၄ ဒီဇင်ဘာ

၁၉။ ။ "သမိုင်းဆရာ မောင်ပေါက်ကျိုင်း" မိုးဝေ၊ ၁၉၈၄ ဖေဖော်ဝါရီ



www.burmeseclassic.com

www.burmeseclassic.com



၂၀။ ,, "ဦးရွှေအိုးရှာပုံတော်"၊ သိပ္ပံ၊ ၁၉၈၅ ဒီဇင်ဘာ၊ ၁၉၈၆ ဇန်နဝါရီ

၂၁။ မျိုးသန့်တင်၊ ဒေါက်တာ "ဦးမြရှာပုံတော်" သိပ္ပံ၊ ၁၉၈၄ ဒီဇင်ဘာ

၂၂။ မြကေတု နန်းမူနန်းရာစာပေါင်းချုပ်၊ ရန်ကုန်၊ ရွှေဇင်ကျော် ပုံနှိပ်တိုက်၊ ၁၉၉၈ နိုဝင်ဘာ

၂၃။ ရွှေစင်ဘုန်းနိုင်- သချိုင်းစာများပါ ရတနာပုံခေတ်ဆိုင်ရာ သမိုင်း အထောက်အထားများ၊ မဟာဝိဇ္ဇာ(သမိုင်း) ကျမ်းပြုစာတမ်း၊ ၁၉၉၆၊ ရန်ကုန်တက္ကသိုလ်

၂၄။ ရွှေဘိုမိမိကြီး - မဟာလူရည်ချွန် ရွှေပြည်ဝန် ဦးဘိုးလှိုင်၊ ရန်ကုန် စာပေဗိမာန်၊ ၁၉၉၇

၂၅။ လေ့လာရှင် - "ကိုယ့်သွေး ကိုယ့်မြေ မမေ့နိုင်ပေ" လုပ်သား ပြည်သူ့နေ့စဉ် (၂၁-၁-၈၄)

၂၆။ ဝင်းမောင် (သမိုင်း) "မင်းတုန်းမင်းလက်ထက် နိုင်ငံခြား ပညာတော်သင်များ"၊ အတွေးအမြင်၊ ၁၉၉၃ မတ်

၂၇။ ,, "သမိုင်းနှင့် အထောက်အထားများ (၂)" မြဝတီ အမှတ် (၇)၊ ၁၉၉၈ ဇွန်

၂၈။ သန့်၊ ဦး "ဖန်ချက်ဝန်ထောက်မင်းနှင့် ပါတော်မူ" မန္တလေး ရာပြည့်မဂ္ဂဇင်း၊ ၁၉၅၉

၂၉။ သန်းထွန်း၊ ဒေါက်တာ - နယ်လှည့်ရာဇဝင် (၃)၊ ရန်ကုန်၊ နံ့သာ ပုံနှိပ်တိုက်၊ ၁၉၆၉

၃၀။ အေးသန့်၊ မောင် - "ကုန်းဘောင်ခေတ်နှောင်း မြန်မာပညာတော် သင်များ"၊ ငွေတာရီ၊ ၁၉၉၄ ဇူလိုင်



www.burmeseclassic.com